မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချို သတင်းစုံသည် မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာ အရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com
■ အတွဲ(၁၆)၊ အမှတ်(၁၉၉)
■ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၊ အင်္ဂါနေ့

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့အဆင့်တိုးချဲ့ဆောင်ရွက်ပေးနိုင်ရေး၊

စာမျက်နှာ ၇ ကော်လံ ၁ ●




တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကျင်းပစဉ်။

ယနေ့ဖတ်စရာ

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အမျိုးသား ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး စာ - ၅ သို့

စိုက်ပျိုးရေးကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်သင့်သည့် စက်ဝန်းစိုက်ပျိုးရေးစနစ် အပိုင်း(၁) စာ - ၁၃ သို့

ငဖဲမြို့နယ်၌ ချည်မျှင်ရှည်ဝါစိုက်ကေများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ စာ - ၁၀ သို့



အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မူရာစု"၏ အရှိန်ကြောင့် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၂

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မူရာစု" (MURASU) အခြေအနေ

ယနေ့ည‌နေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "မူရာစု" (MURASU)သည် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။

စာမျက်နှာ ၁၂ ကော်လံ ၃ ❖

နိုင်ငံတော်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)နှင့် စစ်မှုထမ်းကာလလျှော့ပေါ့ခွင့်ရသည့် ပြည်သူ့စစ်မှုထမ်းများ၏ ဂုဏ်ယူဖွယ်အိမ်ပြန်ခရီးအား မိဘဆွေမျိုးများသာမက ဒေသခံပြည်သူလူထုကပါ ဝမ်းမြောက်ဝမ်းသာဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၂

နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် ပြည်သူ့စစ်မှုထမ်း ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ အသက်ကိုပခံနမထားဘဲ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆)နှင့် စစ်မှုထမ်းကာလလျှော့ပေါ့ခွင့်ရသည့် နိုင်ငံ့သားကောင်း ရတနာပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလအောင်မြင်စွာ ပြီးဆုံးသွားခဲ့ပြီဖြစ်ပေသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ➢



နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦး၏ဂုဏ်ယူဖွယ်အိမ်ပြန်ခရီးအား မိဘဆွေမျိုးများသာမက ဒေသခံပြည်သူလူထုကပါ ဝမ်းမြောက်ဝမ်းသာဂုဏ်ပြုကြိုဆိုစဉ်။

သက်တမ်းလွန် CNG ဆလင်ဒါအိုးများအား အသစ်လဲလှယ်တပ်ဆင်ခြင်းမရှိသည့် CNG ယာဉ်များကို သဘာဝဓာတ်ငွေ့ဝယ်ယူခွင့် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍအဆင့်ပြောချေမွေ့စေရန်နှင့် ပြည်သူများခရီးသွားလာရာတွင် သက်သာချောင်ချိမှုရှိစေရန် ရည်ရွယ်၍ CNG ယာဉ်များအတွက် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)ကို ၁-ဂီလိုဂရမ်လျှင် ၂၇၃ ကျပ် ၂၅ ပြားဖြင့် ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)သည် သဘာဝဓာတ်ငွေ့ကို လေထုဖိအား၏အဆ ၂၀၀ ဖြင့်ဖိသိပ်၍ အိုးအတွင်းထည့်သွင်းထားသည့် ဖိအားအလွန်မြင့်သော

စာမျက်နှာ ၉ ကော်လံ ၁ ➢



CNG Retest Factory အလုပ်ရုံတွင် ဆလင်ဒါအိုးများ စစ်ဆေးနေစဉ်။

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်

သတင်းအချက်အလက်များမှန်ကန်စွာသိရှိရေး

မြန်မာနိုင်ငံတွင် ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နှင့် နိုဝင်ဘာလ ပထမပတ်အတွင်း "တို့တွေအားလုံးပါဝင်ကြပါစို့၊ ပြည်သူများအတွက်မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှု" ဆောင်ပုဒ်နှင့်အညီ ရက်သတ္တပတ်အသိပညာပေးလှုပ်ရှားဆောင်ရွက်မှုများကိုပြုလုပ်နေပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ်အခမ်းအနားများကို အောက်တိုဘာလ ၂၄ ရက်မှ ၃၁ ရက်အထိဆောင်ရွက်ခဲ့သည်။ အဆိုပါ ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်ခြင်း၏အဓိကရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်းရှိပြည်သူအားလုံး မီဒီယာနှင့်သတင်းအချက်အလက်သိနားလည်မှုရရှိစေရေးအတွက်ဆောင်ရွက်ခဲ့သည့် တိုးတက်အောင်မြင်မှုများကို အသိအမှတ်ပြုဂုဏ်ပြုရန်၊ အမျိုးသားအဆင့် စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများတိုးမြှင့်ရန်နှင့် အသိပညာပေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်လာစေရန် ကမ္ဘာတစ်ဝန်းရှိသက်ဆိုင်သူများအားစည်းရုံးလှုံ့ဆော်ရန်ဖြစ်သည်။

မြန်မာနိုင်ငံသည်စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးနေခြင်းနှင့်အတူ ဒီမိုကရေစီသတင်းမီဒီယာများအနေဖြင့် တိကျမှု၊ ဟန်ချက်ညီမှု၊ မျှတမှု၊ တစ်ပါးသူကိုလေးစားမှုစသည့်တာဝန်များရှိသည်။ နိုင်ငံသားတိုင်းသိခွင့်ရှိသော သတင်းအချက်အလက်များနှင့်သဘောထားအမြင်များကို ကျင့်ဝတ်စည်းကမ်းနှင့်အညီ စုံစမ်းဖော်ထုတ်ရေးသားခွင့်နှင့်သတင်းထုတ်လုပ်ခွင့်တို့ရှိသည်။ သို့ရာတွင် ထိုအခွင့်အရေးမှာ လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်တစ်ခုတည်းမဟုတ်ဘဲ လက်ခံနားထောင်သူ၏အခွင့်အရေးများနှင့် အချို့သောတာဝန်ယူမှုများကိုလည်း ထည့်သွင်းသတ်မှတ်ထားသည်။

မြန်မာနိုင်ငံတွင် ကမ္ဘာ့မီဒီယာနှင့်သတင်းအချက်အလက်သိရှိနားလည်မှုဆိုင်ရာရက်သတ္တပတ် ၂၀၂၆ လှုပ်ရှားကာလအတွင်း ပြည်သူများအနက်လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့်ဝန်ထမ်းများ၊ လူငယ်လူရွယ်များ၊ ဆရာ၊ ဆရာမများနှင့် အခြေခံပညာကျောင်းသား၊ ကျောင်းသူများ၏မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုစွမ်းရည် ပိုမိုမြင့်မားလာစေရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲများ၊ ဆွေးနွေးပွဲများကိုကျင်းပဆောင်ရွက်မည်ဖြစ်သည်။ ထိုသို့အသိပညာပေးဆောင်ရွက်ခြင်းဖြင့် ဝန်ထမ်းများ၊ လူငယ်လူရွယ်များနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အသိပညာ၊ အတတ်ပညာနှင့်ဆင်ခြင်ဝေဖန်နိုင်စွမ်းများမြင့်မားလာစေရန် လမ်းညွှန်သင်ကြားပေးနေသည့် ဆရာ၊ ဆရာမများအပါအဝင် အားလုံးကမိမိတို့၏အခန်းကဏ္ဍအလိုက် တာဝန်ယူမှုပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် သတင်းအချက်အလက်မှန်ကန်မှုကိုခွဲခြားသိမြင်ပြီး အမုန်းစကားကင်းစင်သည့်ငြိမ်းချမ်းသာယာသောလူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာစေမည်ဖြစ်သည်။

လျင်မြန်စွာပြောင်းလဲနေသည့် ဒီဂျစ်တယ်အခင်းအကျင်းနှင့် လိုက်လျောညီထွေဖြစ်စေရန်၊ အများပြည်သူအကျိုးစီးပွားဆိုင်ရာ အချက်အလက်များကို လူမှုကွန်ရက်တွင်ခွဲခြားသတ်မှတ်ရန်၊ အကဲဖြတ်ရန်နှင့်သုံးစွဲသူများအား စွမ်းဆောင်ရည်မြှင့်တင်ရန် ယခုနှစ်ကမ္ဘာလုံးဆိုင်ရာမီဒီယာနှင့်သတင်းအချက်အလက်သိနားလည်မှုရက်သတ္တပတ်ကာလအတွင်း အထူးပြုဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် လူငယ်လူရွယ်များနှင့်ပြည်သူများကြား၌ သတင်းအချက်အလက်များအပေါ်တွင် အသိပညာ၊ အတတ်ပညာနှင့် ဆင်ခြင်ဝေဖန်နိုင်စွမ်းမြင့်မားလာမည်။ အထူးသဖြင့် နည်းပညာ၏ကောင်းကျိုး၊ ဆိုးကျိုး၊ တီထွင်ဖန်တီးမှုနှင့် စိန်ခေါ်မှု၊ AI နည်းပညာနှင့်မီဒီယာဆက်စပ်မှု၊ သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်းများနှင့် အမုန်းစကားများပျံ့နှံ့စေသည့်လူမှုမီဒီယာများ၊ ဆိုရှယ်မီဒီယာများပေါ်မှ အကျိုးနှင့်အပြစ်များကို ခွဲခြားဝေဖန်သုံးသပ်နိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့်သတင်းအချက်အလက်သိနားလည်မှုရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှုတွင် အားလုံးကတက်ကြွစွာပါဝင်ဆောင်ရွက်ပြီး အမှား၊ အမှန်၊ အကောင်း၊ အဆိုးတို့ကိုခွဲခြားသိမြင်ကာ ငြိမ်းချမ်းသာယာဝပြောသည့် လောကကောင်းကျိုးများကို စွမ်းဆောင်ကြရန်ဖြစ်ပါကြောင်း။ ။

နွားထိုးကြီးမြို့နယ်၌ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

နွားထိုးကြီး နိုဝင်ဘာ ၂

မန္တလေးတိုင်း ဒေသကြီး နွားထိုးကြီးမြို့နယ် ညောင်ပင်ကျေးရွာဓမ္မာရုံ၌ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၁ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေဦးစွာ နွားထိုးကြီးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း မိုးရွာသွန်းမှု မူမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးမှုနှင့် အခြားဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်နိုင်သဖြင့် သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရန် ရေကိုကြိုတင်စုဆောင်းထားရှိရန်၊ ရေကိုစနစ်တကျသုံးစွဲကြရန်နှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ဌာနဆိုင်ရာအဖွဲ့အစည်းများထံသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နွားထိုးကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိကအယ်လ်နီညိုရာသီဥတုနှင့်အပူဒဏ်ကာကွယ်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟောပြောပွဲသို့တက်ရောက်လာကြသူများအား အယ်လ်နီညိုရာသီဥတုနှင့်အပူဒဏ်ကာကွယ်ရေးဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်များကိုဖြန့်ဝေပေးကြောင်း သိရသည်။

ချစ်ဦးကို

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အောက်ပါနည်းလမ်းများကိုလိုက်နာနိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်

အိမ်တွင်းသုံးရေချွေတာရေးနည်းလမ်းကောင်းများ

၁။ ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်းရှိ၊ မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။

၂။ ရေချိုးချိန်နှင့်နေ့စဉ်ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။

၃။ အဝတ်လျှော်ရာတွင် တစ်ထည်ချင်း၊ နည်းနည်းချင်းမလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီးလျှော်ပါ။ ပန်းကန်ဆေးစက်အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့်ပန်းကန်အရေအတွက်အထိစောင့်၍စုစည်းဆေးကြောပါ။

၄။ အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ- ဟင်းသီးဟင်းရွက်ဆေးကြောထားသောရေများ၊ ဆန်ဆေးရေများကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

၅။ ရေကိုစနစ်တကျအသုံးပြုမှုအလေ့အထများကို အသိပညာပေးမျှဝေပါ။ မိမိတို့၏အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာသုံးစွဲခြင်း၏အရေးပါပုံကို အသိပညာပေးမျှဝေခြင်းဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သုံးရေချွေတာသုံးစွဲရေးဆိုင်ရာနှိုးဆော်ချက်

၁။ အပင်ရေလောင်းချိန်ကိုအချိန်ကိုက်လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိအသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့်အပင်များကိုရေလောင်းပါ။

၂။ မိုးရေကိုစုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကိုသိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသောမိုးရေစုဆောင်းသည့်စနစ်များကို ကြံဆောင်ရွက်ပါ။

၃။ ခြောက်သွေ့မှုဒဏ်ခံနိုင်သောအပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့်ရှင်သန်နိုင်သော အပင်မျိုးများကိုရွေးချယ်စိုက်ပျိုးပါ။

၄။ သစ်ပင်များကို စနစ်တကျစိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်းရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်ရေတည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျစိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။

သဇင်(FM)အသံလွှင့်အစီအစဉ်

၃-၁၁-၂၀၂၆(အင်္ဂါနေ့)

၁။ ဝ၈:၀၀ နှလုံးသားဝယ် ဘုရားတည်
၂။ ၁၁:၅၀ လှပကျန်းမာ
၃။ ၁၄:၅၀ Behind The Success
၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း
၅။ ၁၇:၀၀ ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ
၆။ ၂၁:၂၀ Memory Box

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် – ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နုင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) – ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ဝ၃၁-၇၃၉၉၈၊ ဖက်စ် ဝ၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဇွန်သီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ဝ၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ဝ၁၈-၄၀၀၆၉၇၊ ဝ၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

ဆီးချိုနှင့် သွေးတိုးရောဂါသည်များ ကျောက်ကပ်မပျက်စီးစေရန် ကာကွယ်ရမည့်နည်းလမ်းများ

Creatinine ဓာတ်တက်လာခြင်းဆိုသည်မှာ အမှန်စင်စစ် ကျောက်ကပ်က အချက်ပေးခေါင်းလောင်းတီးလိုက်ခြင်းပင်ဖြစ်သည်။ ဆေးပညာအရကြည့်မည်ဆိုလျှင် အဓိကအကြောင်းရင်းနှစ်မျိုးရှိသည်။ ၎င်းတို့မှာ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါများပင်ဖြစ်သည်။

ကျောက်ကပ်ရောဂါ၏ အန္တရာယ်အရှိဆုံးအချက်မှာ ၎င်း၏ပျက်စီးမှုသည် ကနဦးအဆင့်များတွင် မည်သည့်လက္ခဏာမျှမပြဘဲ ဖြည်းဖြည်းချင်း အသံတိတ်ဖျက်ဆီးတတ်ခြင်းကြောင့်ဖြစ်သည်။ မိမိတွင် ဆီးချို သို့မဟုတ် သွေးတိုးရောဂါအခံရှိနေပြီဆိုပါက ခန္ဓာကိုယ်တွင်းရှိ ကျောက်ကပ်များသည် အန္တရာယ်ဇုန်ထဲသို့ ရောက်ရှိနေပြီဆိုသည်ကို သတိပြုရန်လိုအပ်သည်။

ကျွန်ုပ်တို့၏ ကျောက်ကပ်များသည် ခန္ဓာကိုယ်အတွင်းရှိ အညစ်အကြေးများကို စစ်ထုတ်ပေးရန်အတွက် သန်းနှင့်ချီသော သွေးကြောငယ်လေးများနှင့် သွေးစစ်ထုတ်စနစ် (Nephrons) များဖြင့် ဖွဲ့စည်းထားသည်။ ဆီးချိုနှင့် သွေးတိုးရောဂါများသည် ထိုနုနယ်လှသော သွေးကြောငယ်လေးများကို အဓိကထား၍ အောက်ပါအတိုင်း ပျက်စီးစေသည်။

ဆီးချိုရောဂါကြောင့် ပျက်စီးပုံ

သွေးတွင်းသကြားဓာတ်များ ရေရှည်မြင့်မားနေသည့်အခါ သွေးများသည်ပျစ်ခဲလာပြီး ကျောက်ကပ်အတွင်းရှိ သွေးစစ်ထုတ်စနစ်များကို စေးကပ်ကာ ပိတ်ဆို့မှုများဖြစ်စေသည်။ ထိုအခါ ကျောက်ကပ်သည် အလုပ်ပိုလုပ်ရပြီး ရေရှည်တွင် သွေးစစ်ထုတ်သည့် ဆန်ခါပေါက်ငယ်လေးများပျက်စီးကာ ဆီးထဲသို့ ပရိုတင်း(အသားဓာတ်)များ စိမ့်ထွက်ကုန်သည်။ ဤအခြေအနေကို ဆေးပညာအရ ဆီးချိုကြောင့် ကျောက်ကပ်ပျက်စီးခြင်းဟု ခေါ်ဆိုသည်။

သွေးတိုးရောဂါကြောင့် ပျက်စီးပုံ

သွေးဖိအား တောက်လျှောက်မြင့်မားနေခြင်းသည် ကျောက်ကပ်အတွင်းရှိ သွေးကြောငယ်လေးများကို အစဉ်အမြဲ ဖိအားပေးနေသကဲ့သို့ ဖြစ်စေသည်။ ပြင်းထန်သော သွေးတိုးဖိအားကြောင့် သွေးကြောလေးများသည် မာကျောလာပြီး ကျဉ်းမြောင်းသွားကြသည်။ ရလဒ်အနေဖြင့် ကျောက်ကပ်ဆဲလ်များဆီ လိုအပ်သော အောက်ဆီဂျင်နှင့် အာဟာရဓာတ်များ ကောင်းမွန်စွာမရောက်ရှိတော့ဘဲ ကျောက်ကပ်ဆဲလ်များ တဖြည်းဖြည်းသေဆုံးကာ ကျောက်ကပ်အလုပ်မလုပ်နိုင်တော့သည့်အခြေအနေသို့ ရောက်ရှိသွားရသည်။

ကာကွယ်ရမည့်နည်းလမ်းများ

ဆီးချိုနှင့် သွေးတိုးရောဂါအခံရှိသူများအနေဖြင့် မိမိတို့၏ကျောက်ကပ်များ ရေရှည်ကျန်းမာနေစေရန်အတွက် အောက်ပါလက်တွေ့ကျသည့် အချက်ငါးချက်ကို မပျက်မကွက်လိုက်နာဆောင်ရွက်ရန် လိုအပ်သည်။

သွေးတွင်းသကြားဓာတ် (HbA1c) ကို ရှိသင့်သည့်ပမာဏအတွင်း ထိန်းထားပါ

ဆီးချိုရောဂါရှိသူများအနေဖြင့် နေ့စဉ်သွေးတွင်းသကြားဓာတ်ကို စနစ်တကျတိုင်းတာရန် လိုအပ်သကဲ့သို့ သုံးလပတ် သွေးတွင်းသကြားဓာတ် ပျမ်းမျှအဆင့် (HbA1c) ကိုလည်း ဆရာဝန်ညွှန်ကြားသည့် ပမာဏအတွင်း (ယေဘုယျအားဖြင့် ၇ ရာခိုင်နှုန်းအောက်)ရှိနေစေရန် ထိန်းချုပ်ရမည်ဖြစ်သည်။

ကိုယ်အလေးချိန်ကို ထိန်းညှိပါ

ဆီးချိုနှင့် သွေးတိုးရောဂါရှိသူများတွင် အဝလွန်ခြင်းနှင့် ဆေးလိပ်သောက်ခြင်းသည် ကျောက်ကပ်ပျက်စီးမှုကို ဆိုးရွားစွာ အရှိန်မြှင့်ပေးသည့်အချက်များဖြစ်ကြသည်။ အဝလွန်လာသည့်အခါ ကျောက်ကပ်သည် ပုံမှန်ထက် ပိုမိုရုန်းကန်အလုပ်လုပ်ရသကဲ့သို့ ဆေးလိပ်သောက်ခြင်းသည်လည်း ကျောက်ကပ်အတွင်းရှိ သွေးကြောငယ်လေးများကို ကျဉ်းမြောင်းစေပြီး သွေးစီးဆင်းမှုကို နှေးကွေးစေသည်။ ထို့ကြောင့် ကိုယ်အလေးချိန်ကို ပုံမှန် (BMI) အတွင်းရှိနေစေရန် ထိန်းညှိခြင်းနှင့် ဆေးလိပ်ဖြတ်ခြင်းတို့ကို မဖြစ်မနေပြုလုပ်ရမည်ဖြစ်သည်။

အကိုက်အခဲပျောက်ဆေးများနှင့် စပ်ဆေးများကို ရှောင်ကြဉ်ပါ

ဆီးချိုနှင့်သွေးတိုးရောဂါရှိသူများ၏ ကျောက်ကပ်သည် သာမန်ထက်ပိုမိုနုနယ်နေသည်။ ထို့ကြောင့် ဆရာဝန်ညွှန်ကြားချက်မပါဘဲ အကိုက်အခဲပျောက်ဆေးအပြင်းစားများ၊ တိုင်းရင်းဆေးအတုများနှင့် စပ်ဆေးများသောက်သုံးခြင်းကို လုံးဝရှောင်ကြဉ်ရမည်ဖြစ်သည်။ အဆိုပါဆေးဝါးများသည် ကျောက်ကပ်ကို ရုတ်တရက်ပျက်စီးစေနိုင်သည့် အဓိကတရားခံများဖြစ်ကြသည်။

အစောပိုင်းသတိပေးလက္ခဏာများ

ကျောက်ကပ်ရောဂါသည် အစောပိုင်းတွင် လက္ခဏာမပြတတ်သော်လည်း အနည်းငယ်ထိခိုက်လာပါက ခန္ဓာကိုယ်မှ အောက်ပါလက္ခဏာများပြတတ်သဖြင့် ကြိုတင်သတိပြုရန် လိုအပ်သည်။

ဆီးအမြှုပ်ထခြင်း – ဆီးထဲတွင် အမြှုပ်များ အလွန်အကျွံပါဝင်နေခြင်းသည် ဆီးထဲသို့ ပရိုတင်း (အသားဓာတ်)များ စိမ့်ထွက်နေသည့်လက္ခဏာဖြစ်သည်။

ခန္ဓာကိုယ်ဖောရောင်လာခြင်း – ခြေမျက်စိ၊ ခြေထောက် သို့မဟုတ် မျက်ခွံများ ဖောရောင်လာခြင်းသည် ခန္ဓာကိုယ်အတွင်း ရေနှင့် ဆားဓာတ်များကို ကျောက်ကပ်က ကောင်းစွာမစစ်ထုတ်နိုင်တော့သည့် လက္ခဏာဖြစ်သည်။

ညဘက်ဆီးခဏခဏသွားခြင်း – ညဘက်တွင် ဆီးခဏခဏသွားခြင်းသည် ကျောက်ကပ်၏ ဆီးကို ပြန်လည်စုပ်ယူထိန်းညှိသည့်စနစ် အားနည်းလာခြင်းဖြစ်သည်။

နုံးခွေခြင်းနှင့် မောပန်းလွယ်ခြင်း – အကြောင်းရင်းမရှိဘဲ အမြဲနုံးခွေနေခြင်းသည် ကျောက်ကပ်အလုပ်မလုပ်တော့ဘဲ သွေးအားနည်းရောဂါဖြစ်ပွားလာခြင်းသို့မဟုတ် ခန္ဓာကိုယ်တွင်း အညစ်အကြေးများစုပုံလာခြင်းကြောင့်ဖြစ်သည်။

ကျောက်ကပ်စစ်ဆေးရမည့်အချိန်

မိမိ၏ကျောက်ကပ် မည်မျှအလုပ်လုပ်နိုင်သည်ကို တိကျစွာသိရှိရန် အောက်ပါဆေးစစ်ချက်နှစ်ခုကို မဖြစ်မနေပြုလုပ်ရမည်ဖြစ်သည်။

သွေးစစ်ခြင်း – သွေးတွင်း Creatinine ဓာတ်ကို တိုင်းတာပြီး ကျောက်ကပ်၏ စစ်ထုတ်နိုင်စွမ်းရာခိုင်နှုန်းကို တွက်ချက်ခြင်းဖြစ်သည်။

ဆီးစစ်ခြင်း – ဆီးထဲတွင် ပရိုတင်းဓာတ်(Albumin) ပါဝင်မှု ရှိ၊ မရှိ စစ်ဆေးခြင်းဖြစ်သည်။ ဤသည်မှာ ကျောက်ကပ်စတင်ပျက်စီးသည့် အခြေအနေကို အစောဆုံးရှာဖွေတွေ့ရှိနိုင်သော စစ်ဆေးမှုဖြစ်သည်။

အကြိမ်ရေ မည်မျှစစ်ရမည်နည်း – ဆီးချိုနှင့် သွေးတိုးရောဂါအခံရှိသူများသည် မိမိတို့တွင် ကျောက်ကပ်ရောဂါလက္ခဏာ လုံးဝမပြသော်လည်း အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် ပုံမှန် ဆီးနှင့် သွေးစစ်ပြီး ကျောက်ကပ်ကို စောင့်ကြည့်စစ်ဆေးသင့်သည်။

အကယ်၍ မိမိ၏သွေးစစ်ဆေးချက်ရလဒ်သည် ၆၀ အောက်သို့ရောက်ရှိသွားပါက သို့မဟုတ် ဆီးထဲတွင် ပရိုတင်းဓာတ် (Albumin) အလွန်အကျွံပါဝင်နေပါက မိသားစုဆရာဝန်အပြင် ကျောက်ကပ်အထူးကုဆရာဝန်နှင့်ပါ မဖြစ်မနေ တိုင်ပင်ဆွေးနွေးကုသမှုခံယူရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် မိမိတွင် ဆီးချိုနှင့် သွေးတိုးရောဂါရှိနေရုံမျှဖြင့် ကျောက်ကပ်ပျက်စီးသည်ဟုမဆိုလိုပါ။ အဓိကသော့ချက်မှာ မိမိ၏သွေးတွင်းသကြားဓာတ်နှင့် သွေးဖိအားကို ဆရာဝန်ညွှန်ကြားချက်အတိုင်း ပုံမှန်အတွင်း ထိန်းချုပ်ထားနိုင်ရန်ဖြစ်သည်။ နေ့စဉ် နေထိုင်မှုပုံစံကို ဆင်ခြင်၍ တစ်နှစ်လျှင် တစ်ကြိမ် ပုံမှန်ကျောက်ကပ်စစ်ဆေးပေးမည်ဆိုပါက ကျောက်ကပ်ပျက်စီးခြင်းအန္တရာယ်မှ ရာနှုန်းပြည့်နီးပါး ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာအောင်ညွှန့်ဝိုင်

> **“ကျောက်ကပ်ရောဂါ၏ အန္တရာယ်အရှိဆုံးအချက်မှာ ၎င်း၏ပျက်စီးမှုသည် ကနဦးအဆင့်များတွင် မည်သည့်လက္ခဏာမျှမပြဘဲ ဖြည်းဖြည်းချင်း အသံတိတ်ဖျက်ဆီးတတ်ခြင်းကြောင့်ဖြစ်သည်။ မိမိတွင် ဆီးချို သို့မဟုတ် သွေးတိုးရောဂါအခံရှိနေပြီဆိုပါက ခန္ဓာကိုယ်တွင်းရှိ ကျောက်ကပ်များသည် အန္တရာယ်ဇုန်ထဲသို့ ရောက်ရှိနေပြီဆိုသည်ကို သတိပြုရန်လိုအပ်သည်. . .”**

ပွင့်ဖြူမြို့နယ်၌ ရေစီးရေလာကောင်းမွန်စေရေး အုတ်ရေဆိုးထုတ်မြောင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်

ပွင့်ဖြူ နိုဝင်ဘာ ၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက်များနှင့် နီးစပ်လျက်ရှိသောကျေးရွာများမှ ဒေသခံပြည်သူများ၏ လယ်ယာမြေများ၌ ရေဝပ်မှုကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးမှုမရှိစေရန်နှင့် မြို့တွင်းရေစီးရေလာ ကောင်းမွန်စေရန် ရည်ရွယ်၍ ပွင့်ဖြူမြို့၏ အဓိကရေဆိုးထုတ်မြောင်းမှထွက်ရှိသောရေများကို မုန်းချောင်းအတွင်းသို့ စနစ်တကျစီးဆင်းနိုင်ရေးအတွက် ယခင်မြေသားရေဆိုးထုတ်မြောင်းအား အုတ်ရေဆိုးထုတ်မြောင်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခြင်းကို ယခုဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေကျပ် ၅၂ ဒသမ ၆ သန်းဖြင့် အောက်တိုဘာလ ၂၄ ရက်က စတင်ပြီး ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှတာဝန်ခံအင်ဂျင်နီယာ ဦးအောင်လင်း၏ကြီးကြပ်မှုဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေဆိုးထုတ်မြောင်းသည် မြို့တွင်းရှိ ရေများအားလုံးစီးဆင်းသည့် အဓိကမြောင်းတစ်ခုဖြစ်ကာ မုန်းချောင်းအတွင်းသို့ စနစ်တကျစီးဝင်နိုင်ရေးအတွက် အုတ်ရေဆိုးထုတ်မြောင်းအဖြစ် အဆင့်မြှင့်တင်ခြင်းဖြစ်ကာ နိုဝင်ဘာလ ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများက အုတ်ရေဆိုးထုတ်မြောင်း ဆောင်ရွက်နေမှုလုပ်ငန်းခွင်အား ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းအရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်သွားရန် စသည်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။



လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

ထို့ပြင် နန်းဦးကင်းပြဿနာကို ကြိုတင်ကာကွယ်သောအားဖြင့် အရှင့်သားတော်မင်းသားများ၏ စံအိမ်တော်များတွင် အိမ်တော်ပါ ငယ်ကျွန်ယောကျ်ားသုံးယောက်မှအပ သက်တော်စောင့်တပ်တော်တို့ကို ရုပ်သိမ်းတော်မူလိုက်ပြီး မည်သည့်တပ်ဖွဲ့မျိုးကိုမျှ ဖွဲ့စည်းခွင့်မရှိဟု အမိန့်တော် ထုတ်ပြန်ခဲ့လေသည်။

သို့သော်လည်း နန်းတွင်းအရေးများမှာ ငြိမ်သက်ခြင်းမရှိဘဲ အိမ်ရှေ့စံကိုယ်တော်ကြီး၏သားတော် ပန်းတိမ်မင်းသားက နောက်လိုက် နောက်ပါလူသုံးရာခန့် စုရုံးလျက် မတ္တရာအုတ်ဖိုအရပ်မှတစ်ဆင့် သပိတ်ကျင်း ငစဉ်ကူးနယ်များသို့ဝင်ကာ ဧရာဝတီမြစ်အနောက်ဘက် ရှိမှကား ကျောက်မြောင်းအရပ်သို့ကူးပြီး ကုန်းဘောင်မင်းဘုရားတို့ အခြေပြုရာ အောင်မြေရတနာသိဃ်ံ ရွှေဘိုမြို့မှနေ၍ ထောင်ထားခြားနားပြန်လေသည်။

အမှန်သော်ကား ပန်းတိမ်မင်းသားခမျာ လွန်တော်မူပြီးသည်အထိ ခမည်းတော်အိမ်ရှေ့မင်းတရားသည် မြင်ကွန်း၊ မြင်းခုံတိုင် ညီတော်၊ နောင်တော်တို့အာဏာအတွက် ထကြွပုန်ကန်ကြရာက ကံတော်ကုန်ရသည်ကို သိတော်မမူသွားချေ။ အရေးအခင်းတွင် သတင်းမတိကျသော အမြင်မှားကြောင့် ခမည်းတော်အိမ်ရှေ့မင်းတရား၏လူယုံ အတွင်းဝန်ဦးသင်၏ မြှောက်ပင့်စကားဖြင့် သူတို့ဖခမည်းတော်ကို ဘကြီးတော် မင်းတရားက မတရားဖမ်းဆီးသည်ဟုယူဆ၍ ပုန်ကန်ခြားနားခဲ့ခြင်း ဖြစ်၏။

စံနက်ကျော်မှာ အရှင်သခင်အတွက် ကြေကွဲထိခိုက်နေသော်လည်း စိတ်ထိခိုက်နေရုံဖြင့် မပြီးနိုင်သေးဘဲ ပန်းတိမ်မင်းသားအရေးအတွက် သူ့အရှင်သခင်အရင်း ဥပရာဇမင်းတရား ချီးမြှောက်ခဲ့သော မြင်းရည်တက်တပ်ဖွဲ့မှူးတာဝန်များ အမှုတော်ကျလာပြန်လေသည်။ ထိုပန်းတိမ်အရေးတွင် ဘဝရှင်မင်းတရားကြီးကိုယ်တော်တိုင်က သားတော်ကြီးများဖြစ်ကြသည့် ညောင်ရမ်း၊ ညောင်အုပ်၊ မကွရာ၊သုံးဆယ်မင်းသားကြီးတို့နှင့်အတူ ဤကြီးလေးသောတာဝန်ကြီးကိုထမ်းရွက်ရန် အမိန့်တော်ချခဲ့၏။

သို့ဖြင့် မတ္တရာရှိ ရွှေပြည်ရန်ခွင်း မြင်းရည်တက်တပ်မှူး အဘယနန္ဒယော်ထံသို့ အမိန့်စာလွှန်ပို့ကာ မတ္တရာအရပ်၌ အခြေပြုပုန်ကန်နေသော ပန်းတိမ်မင်းသားကို သွားရောက်နှိမ်နင်းရလေသည်။ ပန်းတိမ်မင်းသားက ဧရာဝတီမြစ်ကိုဖြတ်ကာ ရှေးဘိုးလောင်းတော်၊ ဘေးလောင်းတော် မင်းအဆက်ဆက်တို့ အောင်မြေဖြစ်ရာ ရတနာသိဃ်သို့ အခြေပြုပုန်းစားပြန်လေရာ ဘဝရှင်ထီးဘုရား၏ခြေတော်ရင်းသို့ အမိန့်နာခံရန် ရွှေနန်းတော်သို့ပြန်ရလေသည်။

ပန်းတိမ်မင်းသားအရေး ဖြေရှင်းရန်အတွက် သားတော်ကြီးများဖြစ်ကြသော သုံးဆယ်မင်းသားကြီးက ပန်းလောင်စစ်ကြောင်း၊ မကွရာမင်းသားကြီးက တကောင်းကြာညှပ်စစ်ကြောင်း၊ ရွှေပြည်ဝန်မင်းလှမင်းထင်ကျော်ကို ဆားတောင်စစ်ကြောင်း၊ မဟာမင်းကြီးမင်းခေါင်

"စံနက်ကျော်မှာ အရှင်သခင်အတွက် ကြေကွဲထိခိုက်နေသော်လည်း စိတ်ထိခိုက်နေရုံဖြင့် မပြီးနိုင်သေးဘဲ ပန်းတိမ်မင်းသားအရေးအတွက် သူ့အရှင်သခင်အရင်း ဥပရာဇမင်းတရားချီးမြှောက်ခဲ့သော မြင်းရည်တက်တပ်ဖွဲ့မှူးတာဝန်များ အမှုတော်ကျလာပြန်လေသည်။ ထိုပန်းတိမ်အရေးတွင် ဘဝရှင်မင်းတရားကြီးကိုယ်တော်တိုင်က သားတော်ကြီးများ"

ကို မင်းတိုင်ပင်အမတ်ဘွဲ့ဖြင့် ကသာစစ်ကြောင်းနှင့် ရဲသီဟကျော်စွာ လက်ျာဝင်းမှူးစံနက်ကျော်ကို နေမျိုးသီဟသူရဘွဲ့ပေးသနား၍ ဧရာဝတီမြစ်ကြောင်းနှင့် စစ်ကိုင်းရိုးစစ်ကြောင်းသို့ အသီးသီးတာဝန်ပေး၍ နှိမ်နင်းတိုက်ခိုက်စေခဲ့ရာ သုံးလခန့်အကြာတွင် ပန်းတိမ်မင်းသားနှင့် နောက်ပါတချို့ကို လက်ရဖမ်းဆီးရမိကာ သွားမြဲလမ်းသို့ပို့ခဲ့ပြီး ရွှေနန်းတော် အတွင်းရေးပြဿနာတစ်ရပ် ပြေငြိမ်းအဆုံးသတ်ခဲ့လေသည်။

ပန်းတိမ်မင်းသားအရေး၌ တိုင်းပြည်တိုးတက်အောင် ကြံဆောင်တော်မူနေသော အိမ်ရှေ့မင်းတရားအရှင်သခင်အတွက် မခံမရပ်နိုင်ဖြစ်ခဲ့ကြသည့် ခေတ်မီစက်ရုံပေါင်းများစွာက အလုပ်သမားများနှင့် စက်မှုပညာတော်သင်ပြန်ဆိုင်ရာအင်ဂျင်နီယာများ အပြစ်ပေးကွပ်မျက်ခံကြရသည်။ စက်မှုနိုင်ငံကြီးထူထောင်ရန် ကြိုးပမ်းခဲ့သော အိမ်ရှေ့စံမင်းတရားကြီးနှင့်အတူ မြန်မာတို့၏ကနဦး ခေတ်မီစက်ရုံပေါင်း ခြောက်ဆယ်ကျော်မှာ မီးခိုးတိတ်ပိတ်လျက် ခေတ်မီသောစက်မှုနိုင်ငံကြီး ထူထောင်ရန် အိပ်မက်များလည်း ပျက်ပြယ်ခဲ့ရလေတော့သည်။


ငါးနှစ်ခန့်အတွင်း လျင်မြန်စွာဖွံ့ဖြိုးလာခဲ့သော စက်မှုလုပ်ငန်းများအတွက် အင်္ဂလိပ်တို့သည် ကနောင်မင်းသားကြီးအား အထူးပင် ကြောက်ရွံ့ခဲ့ကြသည်။ ထို့ကြောင့်လည်း ထိုကာလ၌ သံတမန်အရေး ငြိမ်သက်စွာ ဦးစားပေးဆက်ဆံခဲ့ကြသည့်အတွက် ကြားလက်သပ်လျှို့ရန် ကာနယ်စလေဒင်ကြံခဲ့ရာ အစကပင်မညီညာသော ဝါးအစည်းတို့ ပြေလျော မဟာဆီမဟာသွေးတို့ ရမက်ဇောဖြင့် အစုလိုက်အပြုံလိုက် သွေးမြေကျခဲ့ကြရလေ၏။ ထိုအချိန်မှစ၍ စက်မှုဟူသောအသံ နန်းယံ၌ပင်မကြား ယန္တရားအတတ် နားလည်သူတို့ကိုပင် ပန်းတိမ်မင်းသားလူဟု ကြေညာမောင်းခတ် နေကွယ်လျှင် သတ်စေခဲ့သည်။

ကြေကွဲဝမ်းနည်းဖွယ် ဤလုပ်ကြံမှုကြီးတွင် မင်းပျက်စိုးပျက် သွေးမြေသက်မည့်အရေးများကို စလေဦးပုညတို့၏ နိမိတ်ဗေဒင်စကားများဖြင့် ဘဝရှင်မင်းတရားကြီးကို ရှောင်ရှားစေခဲ့သည်ဟူသော နားလည်ရန်ခက်သည့်အဖြစ်များနှင့်အတူ နတ်ထီးစံမြန်းသွားသော မိမိတို့၏ အိမ်ရှေ့စံကိုယ်တော်ကြီးအတွက် ပို၍နမြောတသယူကျုံးမရဖြစ်ခဲ့ရလေသည်။ စံနက်ကျော် ဘုန်းကြီးကျောင်းသားဘဝ ရွှေမြို့တော်သို့ လိုက်ပါရတော့မည့် နောက်ဆုံးညက ဆရာတော်ဦးပရမ မိန့်ကြားခဲ့သော တဘောင် သရီးနိမိတ်ကြီးစကားကို ကြားယောင်လာမိသည်။

"ရွှေဘုံရွှေနန်းတော်ဆိုတာ နန်းရေးထီးကန္နက် ပလ္လင်တော်တစ်ခုအတွက် အလွန်ခက်ရှုပ်ထွေးလှတယ် လူကလေး၊ မင့်ဘဝရှေ့ရေး မင့်ဆရာက အစီအစဉ် ရွေးချယ်တဲ့လမ်းမို့သာပါ့။ "နတ်ထီးမြေဒဟယာကျချိန် နန်းအိမ်မီးတောက်အိုးကြီး ကြက်ယက်နတ်အိမ်ပျက်" ဆိုတဲ့ တဘောင်စကားလည်း အရှိကွဲ့၊ အိုးကြီးကြက်ယက်ဆိုတော့ ၁၂၈ ဝါဆိုလ အင်္ဂါနံစားတဲ့အချိန်များမှာ ငါ့တပည့်နေတတ်ဖို့တော့ လိုလိမ့်မယ်၊ အမတ်ကြီးဦးပုညတို့ မှန်ကင်းဆရာတော်တို့ တွက်ချက်ယတြာပေးထားကြတယ်လို့လည်း ကောလာဟလကြားထားရတယ်။ အိမ်း ငါ့တပည့်ကို မင်းတို့ထံပါးခစားရာမှာ ဉာဏ်ပါဖို့ကိုမှာတာပါကွယ်၊ တောစကား တောမှာဖျောက် မင်းနားမပေါက်စေနဲ့ကွဲ့"

ဆက်လက်ဖော်ပြပါမည်။

သထုံမြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



သထုံ နိဝင်ဘာ ၂

မွန်ပြည်နယ် သထုံမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ် ပညာရေးကော်မတီ ဥက္ကဋ္ဌဖလား အခြေခံပညာ ကျောင်းပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိဝင်ဘာလ ၂ ရက်တွင် သထုံမြို့နန်းခရပ်ကွက်ရှိ ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ သထုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအလိုက် ဘောလုံးအသင်းများက ကွင်းအတွင်း နေရာယူကြပြီး အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးစိုးက ဘောလုံးပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားပြီးနောက် ဘောလုံးအသင်းများက ဧည့်သည်များအား ဂါရဝပြုခြင်း၊ ကျောင်းသား၊ ကျောင်းသူများက အားကစားသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကြမည့် အခြေခံပညာအထက်တန်းကျောင်း(မရမ်းကုန်း)အသင်းနှင့် အခြေခံပညာအထက်တန်းကျောင်း (ဒေးဗရိန်း)အသင်းတို့ ကွင်းအတွင်းဝင်ရောက်နေရာယူခြင်းတို့ကို အစီအစဉ်အတိုင်းပြုလုပ်ကြကာ မြို့နယ်ပညာရေးကော်မတီ ဥက္ကဋ္ဌက ပြိုင်ပွဲအား စတင်ဖွင့်လှစ်ပေးသည်။

သထုံမြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို နိဝင်ဘာလ ၂ ရက်မှ ၂၂ ရက်အထိ ကျင်းပလျက်ရှိပြီး သထုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင်ဘောလုံးအသင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကျေးလက်ကုန်ထုတ်မြေသားလမ်းခဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ဓနုဖြူ နိဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုငွေဖြင့် လယ်မြေဧက ၃၀၀ ကျော်ကို အကျိုးပြုမည့် ရိုးကြီးကျေးရွာအုပ်စု ရိုးကြီးကျေးရွာ ကုန်ထုတ်မြေသားလမ်းခဲ့ခြင်း၊ မြေသားတာပေါင်မြှင့်တင်ခြင်းနှင့် ကုန်ထုတ်တံတား တစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို နိဝင်ဘာလ ၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဦး၊ ဓနုဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးထွန်းလင်းကျော်နှင့်တာဝန်ရှိသူများကို White Brothers ကုမ္ပဏီမှတာဝန်ရှိသူများက ကျေးလက်ကုန်ထုတ်မြေသားလမ်းခဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဦးက ကုမ္ပဏီမှ တာဝန်ရှိသူများအား လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် အချိန်မီပြီးစီးနိုင်ရေးဆောင်ရွက်ကြရန် မှာကြားသည်။

ရိုးကြီးကုန်ထုတ်မြေသားလမ်းခဲ့ခြင်း လုပ်ငန်းသည် အရှည် ၁ မိုင်ကျော်၊ အကျယ် ၃ ပေ၊ ထု ၁ ပေ၊ မြေသားတာပေါင်မြှင့်တင်ခြင်းလုပ်ငန်းသည် အရှည် ၁ မိုင်ကျော်၊ အကျယ် ၁၆ ပေ၊ ထု ၁ ပေ၊ ကုန်ထုတ်တံတားတစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းသည် အရှည် ၁၈ ပေ၊ အကျယ် ၄ ပေ ၉ လက်မ၊ အမြင့် ၄ ပေ ၉ လက်မဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုငွေ ငွေကျပ် ၃၁၉ ဒသမ ၅၇၅ သန်းဖြင့် White Brothers ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခြင်း ဖြစ်သည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းကို ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့်လယ်ယာထွက်ကုန်များ သယ်ယူပို့ဆောင်မှုလွယ်ကူစေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိကုန်ကြမ်းထွက်ကုန်နှင့် ကုန်ချောထုတ်ကုန်များကို စွေးကွက်သို့ အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည့်အတွက် ကုန်စည်စီးဆင်းမှု လွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

ရန်ကင်း

ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဏာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများဖြေကြားချက်မှ ကောက်နုတ်ချက်)

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့(NDAA) တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

မိုင်းလား နိုဝင်ဘာ ၂



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် ၂၁-၄-၂၀၂၆ တွင် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန်ဖိတ်ခေါ်ခဲ့မှုအရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရန် ရှမ်းပြည်နယ်၊ မိုင်းလားမြို့သို့ သွားရောက်ခဲ့ရာ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ အမျိုးသားဒီမိုကရက် တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့်ညှိနှိုင်းရေးကော်မတီဝင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) မှ ဥက္ကဋ္ဌ ဦးထိန်လင်း၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ အမြဲတမ်းကော်မတီဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယခုနှစ်အတွင်း တတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ အထူးဒေသ (၄) သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကာ ဒေသခံပြည်သူများသည်လည်း မြန်မာနိုင်ငံသားများဖြစ်ကြောင်း၊ အထူးဒေသ (၄) ၏ နိုင်ငံရေးလိုလားချက်အပေါ် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ၂၀၂၇ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပနိုင်ရေး လိုအပ်သော ဆောင်ရွက်ဖွယ်ရာကိစ္စများအား ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခင်ဥက္ကဋ္ဌကြီး ဦးစိုင်းလင်း၏ **"ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုး"** လမ်းစဉ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိရပြီး နိုင်ငံတော်အစိုးရဘက်မှလည်း ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ယုံကြည်မှု ပိုမိုတိုးမြှင့်ခိုင်မာစေရန် အတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး လိုအပ်မှုအားဖြည့်ဆည်းပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပြီး ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)မှ ဥက္ကဋ္ဌ ဦးထိန်လင်းက ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ(၄)ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ၊ ဒေသတွင်းရှိတိုင်းရင်းသားပြည်သူလူထုအားလုံးကိုယ်စား မိမိတို့အား အလေးထားပြီး မိုင်းလားသို့ ဒုတိယအကြိမ် လာရောက်တွေ့ဆုံဆွေးနွေးမှုအတွက်ကြိုဆိုပါကြောင်း၊ ယခုလို လာရောက်ခြင်းဖြင့် အပြန်အလှန် ထိတွေ့ဆက်ဆံခြင်းမှတစ်ဆင့် ယုံကြည်နားလည်မှုတိုးပွားလာနိုင်မည်ကို ယုံကြည်ပါကြောင်း၊ ယခင်ဆွေးနွေးပွဲပြီးနောက် စက်တင်ဘာလလယ်တွင် ရှမ်းပြည်နယ် ကျန်းမာရေးအဖွဲ့နှင့် တပ်မတော်ဆေးတပ်ဖွဲ့တို့ ပူးပေါင်း၍ အခမဲ့ဆေးကုသမှုများ လာရောက်ဆောင်ရွက်ခဲ့ပြီးမိုင်းလားနှင့် ဆီလူးဒေသရှိ အခြေခံပညာစာသင်ကျောင်းနှစ်ကျောင်းတွင်လည်း ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အထူးဒေသ(၄)၏ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကိစ္စများအား အထူးအလေးထား ဆောင်ရွက်ပေးသည့် အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခင်အစည်းအဝေးတွင် မိမိတို့ဒေသ အခြေအနေများကို တင်ပြခဲ့ပါကြောင်း၊ ငြိမ်းချမ်းစွာ ညှိနှိုင်းဆွေးနွေးခြင်းမှတစ်ဆင့် နိုင်ငံရေးအဆင့်အတန်းကို ဖော်ထုတ်ဆွေးနွေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက အစိုးရ၏အုပ်ချုပ်မှုအောက်တွင် ဒေသနှင့်သင့်လျော်သည့် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာအဆင့်အတန်းသတ်မှတ်ပေးရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ အထူးဒေသ(၄) မိုင်းလားတွင် ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများအား နှစ်ဖက်အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ထို့နောက် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် ကျိုင်းခမ်းမြို့အနောက်ဘက် နမ့်လွေချောင်းပေါ်တွင် တည်ဆောက်ထားပြီး ၆၆ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် မိုင်းဝရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ RCC နှစ်ထပ်ကျောင်းဆောင်သစ်တည်ဆောက်လျက်ရှိ

မော်လမြိုင် နိုဝင်ဘာ ၂

မွန်ပြည်နယ် မော်လမြိုင်မြို့ နောင်ခရီရပ်ကွက်ရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ၂၀၂၆–၂၀၂၇ ခုနှစ် ပြည်ထောင်စုခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် RCC နှစ်ထပ်ကျောင်းဆောင်သစ်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတည်ဆောက်ရေးလုပ်ငန်းခွင်ကို ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့နှင့်စပ်လျဉ်း၍ မှာကြားခဲ့သည်။

ဆက်လက်၍ မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာအုပ်စု စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနတွင် စိုက်ပျိုးရေးရရှိရေးနှင့် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၆–၂၀၂၇ ခုနှစ် ပြည်ထောင်စုခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် 30 KVA ဆိုလာစနစ်(Solar System)တပ်ဆင်ပြီးစီးမှုအခြေအနေ၊ ရိုးဂိုးကျေးရွာအခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ၂၀၂၆–၂၀၂၇ ခုနှစ် ပြည်ထောင်စုခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် RCC နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



အရင်းအမြစ်ပြန်လည်အသုံးပြုနိုင်သော စီးပွားရေးစနစ်နှင့် အစိမ်းရောင်စက်မှုလုပ်ငန်း ရက်သတ္တပတ် - ၂၀၂၆ ဖိုရမ် ကျင်းပ





နေပြည်တော် နိုဝင်ဘာ ၂

ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (UNIDO)က ကြီးမှူး၍ အရင်းအမြစ်ပြန်လည်အသုံးပြုနိုင်သော စီးပွားရေးစနစ်နှင့် အစိမ်းရောင်စက်မှုလုပ်ငန်း ရက်သတ္တပတ် - ၂၀၂၆ ဖိုရမ်ကို ဩဇာတိုးယားနိုင်ငံ ဗီယင်နာမြို့ရှိ ဗီယင်နာအပြည်ပြည်ဆိုင်ရာစင်တာ၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ စက်မှုနှင့်အသေးစား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်းသည် Virtual စနစ်ဖြင့်ရုံးအမှတ်(၃၀)အစည်းအဝေးခန်းမမှ ပါဝင်တက်ရောက်သည်။

ဖိုရမ်ကို **"အနာဂတ်စက်မှုကဏ္ဍကို အရင်းအမြစ်ပြန်လည် အသုံးပြုနိုင်ပြီး သန့်ရှင်းရေးဖြစ်ပြီး နိုင်စွမ်းရှိအောင် ပုံဖော်ခြင်း"** (Shaping the Future of Industry: Circular, Cleaner, Competitive) ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး နိုဝင်ဘာလ ၂ ရက်မှ ၄ ရက် အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖိုရမ်တွင် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ ဩစတြီးယားနိုင်ငံ၊ ဆူရာနမ်နိုင်ငံ၊ အာမေးနီးယားနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဂါနာနိုင်ငံတို့မှစက်မှုကဏ္ဍနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အဆင့်မြင့် အရာရှိများက UNIDO ၏လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အရင်းအမြစ်ပြန်လည်အသုံးပြုနိုင်သော စီးပွားရေးစနစ်ပြုပြင်ပြောင်းလဲရေး၊ ရန်ပုံငွေထောက်ပံ့ရေးဆိုင်ရာကိစ္စရပ်များ၊ အမျိုးသမီးများ၏ဦးဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများအကြား ချိတ်ဆက်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားကြသည်။

ဖိုရမ်အတွင်း ပဂ္ဂလိကကဏ္ဍပူးပေါင်းပါဝင်မှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့် ဓာတုလုပ်ငန်းဆိုင်ရာ ဆန်းသစ်တီထွင်မှု၊ အထည်အလိပ်၊ အီလက်ထရွန်နစ်၊ ဆောက်လုပ်ရေး၊ ပလတ်စတစ် စသည့်ကုန်ထုတ်လုပ်ငန်းများ၏ စက်မှုဆိုင်ရာကွင်းဆက်များအလိုက် အသေးစိတ်ဆွေးနွေးပွဲများ၊ အိမ်ရှင် ဩစတြီးယားနိုင်ငံ၏စက်မှုဆိုင်ရာမူဝါဒနှင့် နည်းပညာအတွေ့အကြုံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများအကြား မူဝါဒများ တညီတညွတ်တည်းဖြစ်စေရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အနာဂတ်လုပ်ငန်းစဉ်များအပေါ် သဘောတူညီမှုရယူခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

အယ်လ်နီညို၏ အကျိုးသက်ရောက်မှုများ



ကျိုက်လတ်မြို့ သာယာဝဲကျေးရွာ၌ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် မုန်တိုင်းဒဏ်ခံအဆောက်အအုံ ဆောက်လုပ်

ဖျာပုံ နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ သာယာဝဲကျေးရွာ၌ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် မုန်တိုင်းဒဏ်ခံအဆောက်အအုံဆောက်လုပ်နေမှုအခြေအနေကို ယနေ့နံနက်ပိုင်းတွင်လှုမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင်သည် ဧရာဝတီတိုင်းဒေသကြီး လှုမှုရေးဝန်ကြီး ဦးခင်မောင်ကြည်နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် သဘာဝဘေးအန္တရာယ်တစ်စုံတစ်ခုကျရောက်ပါက ကြိုတင်ရှောင်တိမ်းနိုင်ရန် ရည်ရွယ်ဆောက်လုပ်သည့် အဆောက်အအုံဖြစ်သဖြင့် သတ်မှတ်စံချိန်စံညွှန်းများပြည့်မီစွာ သတ်မှတ်ကာလအတွင်းပြီးစီးရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။



ဆက်လက်၍ ကျိုက်လတ်မြို့ မမ္မဝိဟာရဘုံးဘွားရိပ်သာ၌ အဘိုးအဘွားများအား ပြုစုစောင့်ရှောက်ပေးနေမှု၊ ဘုံးဘွားရိပ်သာဝင်းအတွင်း အိပ်ဆောင်၊ စားသောက်ဆောင်၊ နားနေဆောင်နှင့် ဘုရားဝတ်ပြုဆောင်များကို ကြည့်ရှုပြီး ရိပ်ဌာနအတွက်တစ်နှစ်စာထောက်ပံ့ကြေးငွေများပေးအပ်သည်။

ထို့မှတစ်ဆင့် ဖျာပုံမြို့ ရပ်ကွက် (၁၁) မှလတန်းကြိုကျောင်း၌ မူကြို အရွယ်ကလေးငယ်များအား ပြုစုလေ့ကျင့်သင်ကြားပေးနေမှု၊ နာဂစ်မုန်တိုင်းလွန်ကာလ ၂၀၀၉ ခုနှစ်က တည်ဆောက်ထားခဲ့သည့် တင်ပုလွဲကျေးရွာ မုန်တိုင်းဒဏ်ခံအဆောက်အအုံ၏ကြွေခိုင်မှုနှင့် ထိန်းသိမ်းထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ကနိလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့ သွားရောက်ပြီး ပရဟိတဂေဟာအတွက် တစ်နှစ်စာထောက်ပံ့ကြေးငွေများ ပေးအပ်သည်။

အလားတူ ဖျာပုံမြို့ ကန်တော်မင်္ဂလာဘုံးဘွားရိပ်သာ၌ အဘိုးအဘွားများအား ပြုစုစောင့်ရှောက်ပေးနေမှု၊ ဘုံးဘွားရိပ်သာအတွက် အစိုးရအဖွဲ့၏လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုပြီး အဘိုးအဘွားများအတွက် ဖြည့်စွက်စာများ၊ ဘုံးဘွားရိပ်သာအတွက်တစ်နှစ်စာထောက်ပံ့ကြေးငွေနှင့် ရိပ်သာရှိ အသက် ၈၅ နှစ်အထက် အဘိုးအဘွား ငါးဦးအတွက် နိုင်ငံတော်ကထောက်ပံ့သည့် လူမှုရေးပင်စင်ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုပြပွဲ ၂၀၂၆ နှင့်စပ်လျဉ်း၍ လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေး

ပုသိမ် နိုဝင်ဘာ ၂

မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပြပွဲ ၂၀၂၆ နှင့် စပ်လျဉ်း၍ လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ ကျင်းပသည်။

မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပြပွဲတွင် တိုင်းဒေသကြီးသည် စိုက်ပျိုးရေးတိုင်းဒေသကြီး ဖြစ်သဖြင့် ဆန်၊ စပါးကိုအခြေခံသည့် ထုတ်ကုန်ပစ္စည်းများအပြင် မွေးမြူရေးထုတ်ကုန်ပစ္စည်းများနှင့်ပီလာပီနံ၊ ကွမ်းသီး၊ သီဟိုဠ်၊ ပြောင်းစသည့် ထုတ်ကုန်ပစ္စည်းတို့ကိုလည်း ပြသနိုင်ရေး ဆောင်ရွက်ရန်လိုပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိဒေသတွင်းသာမက လာရောက်ပြသသည့်နိုင်ငံ၏ ထုတ်ကုန်ပြခန်းများနှင့် ထုတ်လုပ်မှုနည်းစနစ်များကို သွားရောက်လေ့လာရန်လိုပါကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် အမယ်သစ်များ ပြသနိုင်ရေးအပြင် ထုပ်ပိုးမှုပုံစံကောင်းများဖြင့် ပါဝင်ပြသနိုင်ရေး ဆောင်ရွက်သွားရန် လိုပါကြောင်း၊ နိုင်ငံတကာဈေးကွက်သို့ ကုန်စည်များတင်ပို့ရောင်းချရာတွင်လည်း အရည်အသွေးမကျဆင်းစေဘဲ သန့်သန့်ရှင်းရှင်းနှင့်စံချိန်စံညွှန်းပြည့်မီစွာ မိမိတို့၏ထုတ်ကုန်အရည်အသွေးကို ထိန်းသိမ်းကြရန်လိုပါကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်ကပြောကြားသည်။



ဆက်လက်၍ စိမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးတို့က မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပြပွဲ ၂၀၂၆ နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက ပြသမည့်ကုန်ပစ္စည်းများနှင့်ပတ်သက်ပြီး အထွေထွေဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အစည်းအဝေးခန်းမ(၁)တွင် A Logistics Co., Ltd. ကထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပွဲသို့ တက်ရောက်ရာ ကုမ္ပဏီ တာဝန်ရှိသူတစ်ဦးက ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ ရေကြောင်းလုပ်ငန်းနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လုပ်ငန်းသုံးမော်တော်ယာဉ်များ တင်သွင်းနိုင်ရေးအတွက် သွင်းကုန်လိုင်စင်လျှောက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ အထွေထွေဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းသည် ဒေသတွင်း ကုန်စည်စီးဆင်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း အခြေပြု၍ လာရောက်လုပ်ကိုင်ဆောင်ရွက်ခြင်းကိုကြိုဆိုပါကြောင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုများတိုးတက်လာစေရေးတို့ကို အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်းဆွေးနွေးမှုအကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၂

တနင်္သာရီတိုင်း ဒေသကြီးတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် နေရာစိုပစ်စိုပ်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/၈လ)

● **ရှေ့ဖုံးမှအဆက်**

ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ တည်ဆောက်ပေးနိုင်ရေး၊ ယာယီနေရပ်စွန့် ခွာသူများ နေရပ်ပြန်လည်နေထိုင်ရေး၊ လမ်းအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးနိုင်ရေး၊ မျိုးဆက်သစ်လူငယ်များအား ယဉ်ကျေးမှုဘဝနေနည်းဆိုင်ရာ အသိပညာစာပေများ သင်ကြားပေးနိုင်ရေး၊ ပဂ္ဂလိကပိုင်ကျောင်းများ ဥပဒေနှင့်အညီဖြစ်စေရန် ဆောင်ရွက်ပေးနိုင်ရေး၊ ဥပဒေပညာဘာသာရပ်ကို အခြေခံပညာအလယ်တန်းနှင့် အထက်တန်းများတွင်သင်ကြားပေးနိုင်ရေး၊ လျှပ်စစ်မီးရထားအောင်ဆောင်ရွက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်းကိုးခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ စဉ်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဉ်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စုအား ပလိပ်မြို့အဖြစ် မြို့အဆင့်တိုးချဲ့ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိမေးခွန်း** နှင့်စပ်လျဉ်း၍ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက စဉ်ကိုင်မြို့နယ် ပလိပ် ကျေးရွာအုပ်စုအား မြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခွင့်ရရှိနိုင်ရေးအတွက် မြို့အင်္ဂါရုပ်နှင့်ပြည့်စုံရမည့်အချက် ၂၁ ချက်အနက် ၁၆ ချက်သာပြည့်စုံပြီး ကလေးများအပန်းဖြေရန် ဥယျာဉ်/ကစားကွင်း၊ တိုးတက်လာမည့် လူဦးရေအတွက် မြို့ဧရိယာတိုးချဲ့မည့် အစီအမံ၊ အမှိုက်စွန့်ရန်မြေနေရာ၊ မိလ္လာစွန့်ရန် မြောင်းတူးမည့်မြေနေရာ၊ သုသာန်မြေနေရာ စသည့်အချက်ငါးချက်မှာ ကိုက်ညီမှုမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ပလိပ်မြို့အဖြစ် တိုးချဲ့ပြင်ဆင်ဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လွိုင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **လောပိတမြို့၌ ရဲစခန်းရုံးနှင့် ဝန်ထမ်းများနေထိုင်ရန် အိမ်ရာအဆောက်အအုံများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ၂၀၂၁ ခုနှစ် မတ်လတွင် KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများက လောပိတနယ်မြေရဲစခန်းကို သာလွန်အင်အားများဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မီးရှို့ဖျက်ဆီးမှုကြောင့် ရုံး/နေအိမ်အဆောက်အအုံများအားလုံးပျက်စီးခဲ့ပါကြောင်း၊ ရုံး/နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့သောကြောင့် လူနေထိုင်၍ မရရှိတော့သဖြင့် တပ်ဖွဲ့ဝင်နှင့် မိသားစုများသည် ၂၃-၅-၂၀၂၁ ရက်နေ့မှစတင်၍ ခြေလျင်တပ်ရင်း(လောပိတမြို့) နှင့် လွိုင်ကော်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့တွင် တွဲဖက်နေထိုင်၍ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ဆောင်ရွက်လျက်ရှိပါကြောင်း။

လောပိတနယ် မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လက်ရှိနယ်မြေအခြေအနေအရ ခြေလျင်တပ်ရင်းတွင် အခြေပြုပြီး တပ်မတော်နှင့် အတူပူးပေါင်း၍ နယ်မြေဖိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်နေရဆဲဖြစ်သဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုရှိပါက အကြမ်းဖက်သောင်းကျန်းသူများ၏ မီးရှို့ဖျက်ဆီးခြင်းခံရသော လောပိတနယ်မြေရဲစခန်းကို ခြံစည်းရိုး ကာရံခြင်းလုပ်ငန်း၊ နယ်မြေရဲစခန်းရုံးအဆောက်အအုံ တစ်လုံးနှင့် လေးခန်းတွဲ နှစ်ထပ်သံကူကွန်ကရစ်အဆောက်အအုံ တစ်လုံးတို့အား နီးစပ်ရာဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေလျာထားတောင်းခံ၍ ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၏ **ကျောက်ကြီးမြို့နယ်နှင့် နတ်သံကွင်းမြို့ ယာယီနေရပ်စွန့်ခွာသူများ နေရပ်ပြန်လည်နေထိုင်ရေးနှင့် ကျောက်ကြီး-နတ်သံကွင်း- ပဲန္နယ်ကုန်းလမ်းအား အသုံးပြုနိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ကျောက်ကြီး-နတ်သံကွင်းကား လမ်းတစ်လျှောက်တွင် KNU/ PDF အကြမ်းဖက်အဖွဲ့များက တပ်မတော်/ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ချောင်းမြောင်းပစ်ခတ်ခြင်း၊ အများပြည်သူများ သွားလာအသုံးပြုသည့်မော်တော်ယာဉ်များကို မိုင်းဆွဲတိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိခြင်းကြောင့် လတ်တလောတွင် ကျောက်ကြီး-နတ်သံကွင်းကားလမ်းအား အသုံးပြု၍မရနိုင်သေးပါကြောင်း၊ ကျောက်ကြီးမြို့နယ်တွင်ပြောင်းရွှေ့/ ရောက်ရှိ/ ထွက်ခွာမည့်ဝန်ထမ်းများ၊ တက္ကသိုလ်များသို့ ပညာသင်ကြားရန် သွားရောက်မည့်ကျောင်းသား၊ ကျောင်းသူများ၊ ကျန်းမာရေးအရ ဆေးဝါးကုသမှု ခံယူမည့်သူများ သွားလာမှုအဆင်ပြေစေရေးအတွက်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက သက်ဆိုင်ရာနယ်မြေခံတပ်နယ်သို့ ခရီးသွားရောက်မည့်အခြေအနေကို သတင်းပို့တင်ပြကာ တပ်မတော်ယာဉ်တန်းဖြင့် ပို့ဆောင်ပေးလျက်ရှိပါကြောင်း။

ကျောက်ကြီးမြို့နယ် ကျောက်ကြီး-နတ်သံကွင်းကားလမ်းမကြီး ၏၀/ယာတွင်ရှိသော အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းလှုပ်ရှားနေသည့်ကျေးရွာများသို့ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိပြီး ကျောက်ကြီးမြို့နှင့် နတ်သံကွင်းမြို့အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် အကြမ်းဖက်သောင်းကျန်းသူများ မြှုပ်နှံထားသည့်မိုင်းများကို တပ်မတော်မှ ရှင်းလင်းဆောင်ရွက်လျက်ရှိပါသောကြောင့် ပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းသည့် အချိန်မှသာ သွားလာနေထိုင်နိုင်မည်ဖြစ်ပါကြောင်း။

ယာယီနေရပ်စွန့်ခွာပြည်သူများ အားစိစစ်၍ ပြန်လည်နေရာချထားခြင်းနှင့်စပ်လျဉ်း၍ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့်အတူ အကြမ်းဖက်သမားများ ရောနှောဝင်ရောက်လာမှုမရှိစေရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျစိစစ်ပြီး အိမ်ထောင်စုအလိုက် ပြန်လည်နေရာချထားနိုင်ရန် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုက်ပွဲဖြစ်ပွားခဲ့သော ကျေးရွာများ၏ တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာမှ ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ ပြန်လည်တည် ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးပစ္စည်းများ အချိန်မီရရှိနိုင်ရေး သက်ဆိုင်ရာ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ယာယီနေရပ်စွန့်ခွာပြည်သူများ နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ယခုအချိန်တွင် နတ်သံကွင်းမြို့အတွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများမှ ရံဖန်ရံခါ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်း၊ Drop Bomb များ၊ FPV drone များဖြင့် တိုက်ခိုက်ခြင်းများ မကြာခဏပြုလုပ်လျက်ရှိသဖြင့် လတ်တလောတွင် လုံခြုံရေးအခြေအနေအရ ဒေသခံပြည်သူများ ပြန်လည်နေထိုင်ရန် မသင့်လျော်သေးပါကြောင်း၊ လုံခြုံရေးအခြေအနေများ ကောင်းမွန်သည့်အချိန်မှသာ ယာယီနေရပ်စွန့်ခွာပြည်သူများကို ပြန်လည် နေရာချထားခြင်း၊ တိုက်ပွဲဖြစ်ပွားခဲ့သောကျေးရွာများ၏ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပေါင်းတည် မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း၏ **မျိုးဆက်သစ်များ၏ ကျောင်းပညာရေးတွင် ယဉ်ကျေးမှု ဘဝနေနည်းဆိုင်ရာ အသိပညာစာပေများ သင်ကြားပေးနိုင်ရေး မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာန အနာဂတ်မျိုးဆက်သစ်လူငယ်များ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ထူးချွန်ထက်မြက်သောလူတော်လူကောင်းများဖြစ်လာစေရန် ရည်မှန်း၍ ယဉ်ကျေးမှုဆိုင်ရာ ပြည်သူ့နီတိ၊ ဒီမိုကရေစီသဘောသဘာဝ၊ ဥပဒေဆိုင်ရာ သင်ခန်းစာများ၊ ယဉ်ကျေးမှုဘဝနေနည်းဆိုင်ရာ အသိပညာစာပေများ စသည်တို့ကို ကျောင်းသား၊ ကျောင်းသူများအား သင်ကြားပေးရုံသာမက မျိုးဆက်သစ်များအား လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိသည့် ဆရာ၊ ဆရာမများနှင့် ပညာရေးဒီဂရီကောလိပ်များတွင် တက်ရောက်လျက်ရှိသည့် ဆရာ၊ ဆရာမလောင်းလျာများကိုလည်း ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ် သင်တန်း (ToT) သင်တန်းများ ပို့ချသင်ကြားပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဟားခါးမဲဆန္ဒနယ်မှ ဦးဗန်နီ၏ **ဥပဒေမဲ့ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကပိုင်ကျောင်းများအား အရေးယူရန်နှင့် တရားဝင်ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကပိုင်ကျောင်းများအနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းရှိ၊ မရှိ စောင့်ကြည့်ကြပ်မတ်ရန်အစီအစဉ်ရှိ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်ခွင့်ပြုခဲ့သည့် အမျိုးသားသင်ရိုးညွှန်းတမ်းသင်ပုဂ္ဂလိကကျောင်းများ၊ နိုင်ငံတကာသင်ရိုးညွှန်းတမ်းသင် ပုဂ္ဂလိကကျောင်းများတွင် သင်ကြားရေးတာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂလိကကျောင်းဆရာများ၊ စီမံဝန်ထမ်းများ (အချိန်ပိုင်း၊ အမြဲတမ်း)တို့အား DCS ပြုလုပ်ထားသည့် ဆရာ၊ ဆရာမများ သင်ကြားမှုမရှိစေရေး သေချာစွာစိစစ်ကြပ်မတ်ရန်၊ စာသင်ကြားခြင်းတွေ့ရှိပါက ကျောင်းများအား ပိတ်သိမ်းအရေးယူရန်နှင့် ပုဂ္ဂလိကဆရာ၊ ဆရာမများ၏ ကိုယ်ရေးအချက်အလက်များအား သေချာစွာစိစစ်ရေး ကြိုးကြပ်ဆောင်ရွက်သွားရန် ညွှန်ကြားဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ကိုယ်ရေးမှတ်တမ်းများတင်ပြရာတွင်လည်း ယခင် ပညာရေးဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့ခြင်း ရှိ၊ မရှိ၊ DCS ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ဝန်ခံကတိပြုချက်၊ ဘွဲ့လက်မှတ်မိတ္တူများအား ကာယကံရှင်နှင့် သက်ဆိုင်ရာကျောင်းတည်ထောင်သူတို့မှ မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးပြီး ကျောင်းအလိုက်စုစည်းကာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့သို့ပေးပို့စေလျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာန အနေဖြင့် ဥပဒေမဲ့လုပ်ထုံးလုပ်နည်းနှင့် မညီဘဲ အတန်းကျော်လွန်တက်ရောက်ခွင့်ပြုခြင်း ဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိရုပါက ပုဂ္ဂလိကပညာရေးဥပဒေပုဒ်မ ၅၁ အရ စီမံခန့်ခွဲရေး နည်းလမ်းအတိုင်း ပြစ်ဒဏ်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **ဥပဒေပညာဘာသာရပ်ကို အခြေခံပညာအလယ်တန်းနှင့် အထက်တန်းများတွင် သင်ကြားနိုင်ရေး မည်သည့်နှစ်မှ စတင်ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် တက္ကသိုလ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေအပါအဝင် သိသင့်သိထိုက်သည့်ဥပဒေတို့နှင့်စပ်လျဉ်း၍ ဥပဒေပညာအသိပညာပေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အခြေခံပညာအလယ်တန်းအဆင့် Grade-8၊ Grade-9 တွင် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်များ သင်ကြားပို့ချပေးလျက်ရှိပါကြောင်း၊ အခြေခံပညာအထက်တန်းအဆင့် Grade-10၊ Grade-11၊ Grade-12 တန်းများတွင် စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်များ သင်ကြားပို့ချပေးလျက်ရှိသည့်အပြင် ဥပဒေရေးရာဝန်ကြီးဌာနမှ ပြုစုထားသည့် ဥပဒေအသိပညာသင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို ၂၀၂၅- ၂၀၂၆ ပညာသင်နှစ်မှစတင်၍ သင်ကြားပို့ချပေးလျက်ရှိပါကြောင်းနှင့် ဆက်လက်၍လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်း မဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ် ဂုံမင်းကျေးရွာလျှပ်စစ်မီးလင်းရေးနှင့် (66KV) ခွဲရုံ တည်ဆောက်ပေးရန် မည်သည့်ဘဏ္ဍာရေးနှစ်မှစ၍ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ကျောင်းကုန်းမြို့နယ်ဂုံမင်းကျေးရွာ ဓာတ်အားရရှိရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်ရန်လျာထားသည့် ၆၆ ကေဗွီ ကျောင်းကုန်း (လှည်းဆိပ်) ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက အဆိုပါ ဓာတ်အားခွဲရုံမှတစ်ဆင့် ဓာတ် အားရယူ၍ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅ ဒသမ ၂ မိုင်နှင့် ၁၁/ သုည ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက်၍ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ၆၆ ကေဗွီကျောင်းကုန်း(လှည်းဆိပ်) ဓာတ်အားခွဲရုံတည်ဆောက်နိုင်ရေး အတွက် ခွဲရုံမြေနေရာအား အခြားနည်းသုံးစွဲခွင့်ရရှိရေး ဆောင်ရွက်ဆဲဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက နီးစပ်ရာ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ၆၆ ကေဗွီ ကျောင်းကုန်း(လှည်းဆိပ်) ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက ဂုံမင်းကျေးရွာ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅ ဒသမ ၂ မိုင်နှင့် ၁၁/သုည ဒသမ ၄ ကေဗွီ ထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်းနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅ ဒသမ ၂ မိုင်နှင့် ၁၁/ သုည ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက်၍ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ၆၆ ကေဗွီကျောင်းကုန်း(လှည်းဆိပ်) ဓာတ်အားခွဲရုံတည်ဆောက်နိုင်ရေး အတွက် ခွဲရုံမြေနေရာအား အခြားနည်းသုံးစွဲခွင့်ရရှိရေး ဆောင်ရွက်ဆဲဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက နီးစပ်ရာ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ၆၆ ကေဗွီ ကျောင်းကုန်း(လှည်းဆိပ်) ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက ဂုံမင်းကျေးရွာ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅ ဒသမ ၂ မိုင်နှင့် ၁၁/သုည ဒသမ ၄ ကေဗွီ ထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်းနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅ ဒသမ ၂ မိုင်နှင့် ၁၁/ သုည ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက်၍ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ၆၆ ကေဗွီကျောင်းကုန်း(လှည်းဆိပ်) ဓာတ်အားခွဲရုံတည်ဆောက်နိုင်ရေး အတွက် ခွဲရုံမြေနေရာအား အခြားနည်းသုံးစွဲခွင့်ရရှိရေး ဆောင်ရွက်ဆဲဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက နီးစပ်ရာ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည်ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးနှစ်နှင့် လာမည့်ဘဏ္ဍာရေးနှစ်အတွင်း မည်သို့စီစဉ်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ မရှိမေးခွန်း နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က သာကေတမြို့နယ်အတွင်းရှိ စက်မှုဇုန်အား ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှစ၍ LNG ဓာတ်အားဖြင့်လည်း ဓာတ်အား ဖြန့်ဖြူးပေးထားပါသဖြင့် ယခင်နှစ်များထက် ဓာတ်အား ပိုမို ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ ယူနစ်ပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေး၊ မီးသုံးစွဲသူများ အနေဖြင့် သုံးစွဲသည့်ယူနစ်အား မိမိကိုယ်တိုင် ဖတ်ရှုမှတ်သားနိုင်ရေးအတွက် AMI စနစ်သို့ ပြောင်းလဲခြင်းလုပ်ငန်းများအား ယခုနှစ် စက်တင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်အထိ မီတာအလုံး ၆၇၈၀ အား AMI စနစ်သို့ ပြောင်းလဲပေးထားပြီး ကျန်မီတာ ၃၃၉၂၆ လုံးအား ယခုနှစ်အကုန်တွင် အပြီးသတ်ဆောင်ရွက်ရန် လျာထားပြီး ဖြစ်ပါကြောင်းနှင့် 11 KV Feeder Line များ၊ 400 V Line များနှင့် Transformer များအား အပိုင်းလိုက်အသစ်လဲခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လက်ရှိဘဏ္ဍာရေးနှစ်နှင့် ၂၀၂၇- ၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ဘတ်ဂျက်ခွင့်ပြုချက်အပေါ် မူတည်၍ ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည် **စာမျက်နှာ ၈ သို့** ●

● စာမျက်နှာ ၇ မှ

ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးနဲ့မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းလင်း၏ **မိုးနဲ့မြို့နယ်၊ နောင်ဟီးကျေးရွာအုပ်စုရှိ လွယ်ဆိုင်၊ နမ့်အွန်နှင့် ပါဟာကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က မိုးနဲ့မြို့နယ်၊ ကျိုင်းတောင်မြို့၊ နောင်ဟီးကျေးရွာအုပ်စုအတွင်း ရှိ လွယ်ဆိုင်၊ နမ့်အွန်နှင့် ပါဟာကျေးရွာသုံးရွာ ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည့် ၁၁ ကေဗွီဓာတ်အားလိုင်း ၁၂ ဒသမ ၃၅ မိုင်၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ၃ လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၄၇ မိုင် အား ရှမ်းပြည်နယ်အစိုးရငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစတင်၍ ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးထည့်သွင်းလျှာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ် မူတည်၍ ရွာစဉ်အလိုက် ဆက်လက်တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို နိုဝင်ဘာလ ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

▲ ကျောဖုံးမှအဆက်

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၂ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် ရခိုင်ပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဒေါက်တာခိုင်ခိုင်ဆု၏ **မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော ပြည်တွင်းယာယီနေရပ်စွန့်ခွာနေရသည့် အမျိုးသမီးများ၏ ကျန်းမာရေး၊ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ အခက်အခဲများကို နိုင်ငံတော်အနေဖြင့် မည်သို့ကူညီဖြေရှင်းပေးရန် စီမံထားရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသမီးရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေသွယ်ကြည်က ယာယီနေရပ်စွန့်ခွာအမျိုးသမီးများ ရွှေ့ပြောင်းနေထိုင်ရသူများအတွက် လိုအပ်သော မိခင်နှင့် မျိုးဆက်ပွားဆိုင်ရာ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများကို အခြားအမျိုးသမီးများနည်းတူ ခွဲခြားဆက်ဆံမှုမရှိစေဘဲ ကျန်းမာရေးဝန်ကြီးဌာနက ၂၀၂၂ ခုနှစ်၌ National Sexual and Reproductive Health Policy တွင် ထည့်သွင်းထားသည်နှင့်အညီ ဆောင်ရွက်ပေးနေပါကြောင်း။

အမျိုးသမီးများနှင့်အရေးပေါ်အခြေအနေကဏ္ဍတွင် သဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခများနှင့် အခြားအရေးပေါ်အခြေအနေများအတွင်း ထိခိုက်ခံစားလွယ်သည့် အမျိုးသမီးများအတွက် ဘေးကင်းလုံခြုံပြီး ပိုမိုကောင်းမွန်သော လူမှုဘဝရရှိနိုင်စေရေးနှင့် အာဆီယံအမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့်အညီ လုပ်ငန်းအစီအစဉ်များအား ထည့်သွင်းရေးဆွဲထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသမီးများအပေါ်အကြမ်းဖက်မှုကဏ္ဍအနေဖြင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအပေါ် နည်းမျိုးစုံနှင့်အကြမ်းဖက်မှုမှ လျော့ကျကင်းဝေးစေရေးနှင့် ကြိုတင် တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်စဉ်များကို တုံ့ပြန်ရေးလုပ်ငန်းစဉ်များအပြင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရသည့် ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပြည်သူများအတွက် ကျား၊ မအခြေပြုအကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းစဉ်များထည့်သွင်းရေးဆွဲထားကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ကျား၊ မ အခြေပြုအကြမ်းဖက်မှုများ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို တိုင်ကြားနိုင်ရန် ယခင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အောက်တွင် ၂၄ နာရီ Helpline တယ်လီဖုန်းနံပါတ် “၁၅၆၆” ဝန်ဆောင်မှုကို တည်ထောင်ထားရှိပြီး တိုင်ကြားလာမှုများကို Case Manager များဖြင့် ဖြေရှင်းအကူအညီ ပေးလျက်ရှိပါကြောင်း၊ ယခုအခါ အမျိုးသမီးရေးရာဝန်ကြီးဌာနအောက်တွင် Help-line တယ်လီဖုန်းနံပါတ် “၁၅၄၄” ကို ဖွင့်လှစ်ထားရှိပြီးဖြစ်သဖြင့် “၁၅၄၄” သို့ တိုင်ကြားလာသည့် ဖြစ်ရပ်အပြင် “၁၅၆၆” သို့တိုင်ကြားလာပြီး အမျိုးသမီးရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပို့လာသည့် ဖြစ်ရပ်များကိုလက်ခံကာ ဥပဒေအရ စိစစ်အရေးယူဆောင်ရွက်နိုင်ရေး Service Provider များဖြင့် ဖြေရှင်းအကူအညီ ပေးလျက်ရှိပါကြောင်း၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးများအတွက် လိုအပ်ချက်ပေါ်မူတည်၍ ငွေကြေးထောက်ပံ့မှုအနေဖြင့် တရားရင်ဆိုင်ခရီးစရိတ်၊ ပြန်လည်ရပ်တည်ရန်စရိတ်၊ အမျိုးသမီးဦးဆောင်အိမ်ထောင်စုများအတွက် ထောက်ပံ့မှုစရိတ်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ထောက်ပံ့ပေးခဲ့ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစ၍ အမျိုးသမီးရေးရာဝန်ကြီးဌာနမှ ဆက်လက်ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

အမျိုးသမီးရေးရာဝန်ကြီးဌာနသည် အကြမ်းဖက်ခံရသူများအတွက် မိသားစု၊ ပတ်ဝန်းကျင်မှ လုံခြုံမှုမပေးနိုင်ပါက “အကြမ်းဖက်ခံရသော အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ” (One Stop Women Support Center- OS-WSC) ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ လွိုင်ကော်၊ လားရှိုး၊ မုံရွာ၊ စစ်တွေတို့တွင် ဖွင့်လှစ်ထားရှိပြီး နည်းမျိုးစုံဖြင့်အကြမ်းဖက်ခံရပြီး ယာယီလုံခြုံမှုလိုအပ်သည့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များကို လက်ခံစောင့်ရှောက်၍ ရုပ်ပိုင်း/စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ တရားရေးဆိုင်ရာချိတ်ဆက်မှုပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုပေးခြင်း စသည့်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ၎င်းတို့၏ လိုအပ်ချက်ပေါ်မူတည်၍ ဘဝရပ်တည်ရေးအတွက် ငွေကြေးအထောက်အပံ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါစင်တာများအတွက် စီမံခန့်ခွဲမှုလုပ်ငန်းလမ်းညွှန်ကို ရေးဆွဲထားရှိပြီး ယင်း Guideline နှင့်အညီ ဝန်ဆောင်မှုများပေးလျက်ရှိပါကြောင်း၊ အမျိုးသမီးရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် OSWSC များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်တွင်း ယာယီနေရပ်စွန့်ခွာနေရသည့် အမျိုးသမီးများလုံခြုံရေးအတွက် ယာယီခိုလှုံရာနေရာများတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများကို လူမှုကွန်ရက်မှတစ်ဆင့် မက်လုံးပေးစည်းရုံး၍ ပြည်ပနိုင်ငံများသို့ လိမ်လည်ပို့ဆောင်နေမှုများအပေါ် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အနေဖြင့် စုံစမ်းဖော်ထုတ်ရရှိမှုများအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခြင်း၊ လူကုန်ကူးမှုမှုများ ဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်အရေးယူပြီး ထိရောက်သည့် ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်ပေးနေပါကြောင်း၊ ပြည်တွင်းယာယီနေရပ်စွန့်ခွာ အမျိုးသမီးများအပါအဝင် နိုင်ငံတစ်ဝန်းရှိ အမျိုးသမီးများအား လုံးဝ၏ ကျန်းမာရေး၊ လူမှုဖူလုံရေးနှင့် ဘဝလုံခြုံရေးများကို ဘက်ပေါင်းစုံမှ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၅) ဦးမိုးမြင့်၏ **မဟာဓာတ်အားလိုင်းမရောက်ရှိသော သဘာဝဓာတ်ငွေ့ထွက်ရှိပြီး သုံးစွဲခွင့်မရသောပြည်သူများ လျှပ်စစ်ဓာတ်အားခသက်သာစွာဖြင့် သုံးစွဲနိုင်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင်၊ ကော့သောင်းခရိုင်များသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ စက်သုံးဆီ ဒီဇယ်နှင့် ချောဆီ၊ အင်ဂျင်ဝိုင်များကို ဖြန့်ဖြူးရောင်းချပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရောင်းချပေးပါက မည်ကဲ့သို့ဖြန့်ဖြူးရောင်းချပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်ခရိုင်၌ စက်သုံးဆီအရောင်းဆိုင် (၁၉) ဆိုင်၊ မြိတ်ခရိုင်၌ (၁၅) ဆိုင်၊ ကော့သောင်းခရိုင်၌ (၇) ဆိုင် စုစုပေါင်း စက်သုံးဆီအရောင်းဆိုင် (၄၁) ဆိုင်ရှိပါကြောင်း၊ စက်သုံးဆီအရောင်းဆိုင်များနှင့် အခြားကဏ္ဍလုပ်ငန်းများအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် နယ်စပ်နှင့် ပင်လယ်ရေကြောင်းတို့မှတင်သွင်းသည့် စက်သုံးဆီများကို ရောင်းချလျက်ရှိပါကြောင်း။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်ပြင်ပရှိ ဒေသခံပြည်သူများ ဓာတ်အာခ စျေးနှုန်းချိုသာစွာအသုံးပြုနိုင်ရေးနှင့် လျှပ်စစ်ဓာတ်အား အဆက်မပြတ်ရရှိနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ ထုတ်လုပ်သော ဓာတ်ဆီနှင့် ဒီဇယ်ဆီများအား ဌာနဆိုင်ရာအချင်းချင်း ရောင်းဈေးနှုန်းဖြင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလမှစ၍ လစဉ် ရောင်းချပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီးအတွင်း ကဏ္ဍအလိုက် လိုအပ်သော စက်သုံးဆီများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တင်သွင်းခွင့်ပြုထားပြီး ဖြစ်ပါသဖြင့် ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာဒေသများအလိုက် တင်သွင်းခွင့်ပြုထားသော ကုမ္ပဏီများထံမှ သင့်တင့်မျှတသောစျေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ပါကြောင်း၊ ကော့သောင်းမြို့နှင့် ဘုတ်ပြင်းမြို့များတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရန်အတွက် လိုအပ်သောပြည်တွင်းထုတ်ဒီဇယ်အား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဝယ်ယူအသုံးပြုလိုပါက တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် တင်ပြလျှောက်ထားသွားရန် ဖြစ်ပါကြောင်းနှင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရေး စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁)ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ မြို့နယ်စုပေါင်းရုံးအနီးရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မြိတ်)တွင် သင်တန်းသားများ လက်ခံစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော လုံခြုံရေး အဆောက်အအုံနှင့် အထောက်အကူပြု ပစ္စည်းများ ဖြည့်ဆည်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မြိတ်)၏ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံသည် ခွင့်ပြုအင်အား အရာထမ်း ၃ ဦး၊ အမှုထမ်း ၂၈ ဦး၊ စုစုပေါင်း ၃၁ ဦး ဖြစ်ပြီး ခန့်အပ်အင်အားသည် အရာထမ်း ၁ ဦး၊ အမှုထမ်း ၆ ဦး၊ စုစုပေါင်း ၇ ဦး ဖြစ်သဖြင့် စခန်းဖွဲ့စည်းပုံ လူအင်အား၏ ၂၅ ဒသမ ၈ ရာခိုင်နှုန်းသာဖြစ်ပါကြောင်း။

မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေးစခန်း(မြိတ်) သို့ ၂၀၂၀ ပြည့်နှစ် စခန်းဖွင့်ချိန်မှစ၍ လုပ်ငန်းဆောင်ရွက်မှုနှင့် လိုအပ်ချက်အရ ငွေစာရင်းဖွင့်လှစ်ရန်ပုံငွေလွှဲအပ် လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စခန်းစီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များအတွက် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေးစခန်း (မြိတ်) ၌ သင်တန်းများ ဆောင်ရွက်နိုင်ချိန်တွင် လိုအပ်ချက်များ စိစစ်ပံ့ပိုးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ပံ့ပိုးကူညီပါက ပိုမိုမြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မြိတ်)အတွက် ဖြည့်ဆည်းမှုများအား လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် ဘဏ္ဍာငွေရရှိမှုပေါ် မူတည်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းပြီး မူးယစ်ဆေးဖြတ်ရန် အမှန်တကယ်လိုအပ်သော လူငယ်ဦးရေကို စစ်တမ်းကောက်ယူခြင်း၊ ဆေးဖြတ်စခန်း ဖွင့်လှစ်နိုင်ရန်အတွက် ရေးဦးစွာလက်ရှိတည်ရှိနေသော အဆောက်အအုံတွင် လုံခြုံရေးဆိုင်ရာ သံပန်းများ တပ်ဆင်ခြင်း၊ အဆောက်အအုံပတ်ဝန်းကျင်တွင် လက်ရှိသံဆန်ခါတပ် တံတိုင်းအစား အုတ်တံတိုင်း တည်ဆောက် နိုင်ရေးအတွက် အသေးစိတ်တွက်ချက်ကာ နီးစပ်ရာ ဘဏ္ဍာရေးနှစ်များတွင် ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ ထည့်သွင်းတည်ဆောက်လျာထားနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးအောင်တင်မြင့်၏ **ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ အမှတ် (၇)ရပ်ကွက်၊ ဘဲဂရက် ကျေးလက်ကျန်းမာရေးဌာန (ခွဲ) ကိုယ်ထူကိုယ်ထ အဆောက်အအုံမှာ** စာမျက်နှာ ၉ သို့ ▲

▲ စာမျက်နှာ ၈ မှ

ပျက်စီးယိုယွင်းနေပါသဖြင့် စံကိုက်ကျေးလက်ကျန်းမာရေး ဌာန(ခွဲ) အဆောက်အအုံဆောက်လုပ်ခွင့် ပြုပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာတင်ထွန်းက ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်ရှိ ဘဲဂရက်ကျေးလက်ကျန်းမာရေးဌာနခွဲသည်တကုန်ကြီးကျေးလက်ကျန်းမာရေးဌာန အောက်တွင် ရှိပြီး (၂၀၂၄) ခုနှစ်ကတည်းက အလှူရှင်လှူဒါန်းခဲ့သော မြေနေရာပေါ်တွင် ကိုယ်ထူကိုယ်ထဆောက်လုပ်လှူဒါန်းခဲ့သည့် ဓနိန္ဒင့်သွပ်မိုး၊ ဝါးပိုးဝါးတိုင်များဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံဖြစ်ပါကြောင်း၊ အဆောက်အအုံသည် အိုဟောင်းပြီး ကြံ့ခိုင်မှုအားနည်းနေပြီ ဖြစ်ပါကြောင်း၊ အဆိုပါမြေနေရာသည်ကွင်းအမှတ် (၁၇၅- B)၊ ဦးပိုင်အမှတ်(၁၂၀/၄၈) အလျားပေ(၁၀၀)၊ အနံပေ (၁၀၀)၊ (၀ ဒသမ ၂၃)ကေရှိ မြို့မြေအမျိုးအစားဖြစ်ပြီး ကျန်းမာရေးဌာန အမည်ပေါက် ပုံစံ(၁၀၅)/(၁၀၆) ရရှိပြီးဖြစ်ပါကြောင်း။

သို့ပါ၍ အဆိုပါမြေနေရာပေါ်တွင် စံကိုက်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဖြစ်သည့် ဆေးခန်းအဆောက်အအုံ (၁)လုံး၊ (၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁) လုံးဆောက်လုပ်ရန် (၂၀၂၇-၂၀၂၈) ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးတင်မျိုးဇော်၏ **မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ မြင်ကွန်းတိုက်နယ်၊ မြင်ကွန်းကျေးရွာအုပ်စုရှိ ကျေးရွာများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရေးအတွက် မြင်ကွန်းကျေးရွာတွင် တိုက်နယ်ဆေးရုံ ချထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်နှင့် ရှိပါက မည်သည့် ကာလအပိုင်းအခြားတွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဒေါက်တာတင်ထွန်းက မြင်ကွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနတစ်ခုရှိပြီး ၎င်းအောက်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ(၆)ခုဖြင့် ကျေးရွာ(၂၄)ရွာ လူဦးရေ စုစုပေါင်း (၂၈၃၄၂)ဦးအား လက်ထောက်ကျန်းမာရေးမှူး ဦးဆောင်သော ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါကြောင်း၊ လူနာများလွှဲပြောင်းပေးပို့ကုသရန်လိုအပ်ပါက မကွေးပြည်သူ့ဆေးရုံကြီးနှင့် (၂၈)မိုင်၊ သစ်ရာကောက်တိုက်နယ်ဆေးရုံနှင့် မိုင်(၂၀)၊ မိကျောင်းရဲတိုက်နယ်ဆေးရုံနှင့် (၁၈)မိုင်ခန့် ကွာဝေးပါကြောင်း။

ပုံစံ(၁၀၅)/(၁၀၆) လျှောက်ထားဆဲဖြစ်သော မြင်ကွန်းတိုက်နယ်ဆေးရုံအတွက် လျာထားမြေနေရာသည် လုံလောက်သော အကျယ်အဝန်း (၄ ဧက) ရှိခြင်း၊ ပတ်ဝန်းကျင်ကျေးရွာများနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းတို့ကြောင့် တိုက်နယ်ဆေးရုံဖွင့်လှစ်ပါက ပတ်ဝန်းကျင်ကျေးရွာမှ လူနာများလာရောက်ပြသရေး လွယ်ကူမည်ဖြစ်ပြီး အတွင်းလူနာများပါ ကုသပေးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မြင်ကွန်းတိုက်နယ်ဆေးရုံချထားဆောင်ရွက်ပေးရေးနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ မားသဲကျေးရွာအုပ်စုရှိ ရွှေဦးကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက် ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် ရှိ၊ မရှိ၊ နန်းလွဲကျေးရွာအုပ်စု၊ မုံပြင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်ခွင့်ပြုချထားတည်ဆောက်ပေးရန် ရှိ၊ မရှိနှင့် ကျောက်တောကျေးရွာအုပ်စုတွင် ဗန်းမက်အပါအဝင် ရွာ(၉)ရွာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ခံယူရန်အတွက် ဗန်းမက်ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ခွင့်ပြုချထားတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ရပ်စောက်မြို့နယ်၊ ရွှေဦးကျေးရွာတွင် အိမ်ခြေ (၂၀၆) အိမ်နှင့် လူဦးရေ(၈၄၈)ဦးရှိပြီး ရွှေဦးကျေးလက်ကျန်းမာရေးဌာနခွဲကို အင်တောတိုက်နယ်ကျန်းမာရေးဌာနအောက်တွင် ဖွဲ့စည်းထားပါကြောင်း၊ ရွှေဦးကျေးလက်ကျန်းမာရေးဌာနခွဲသည် ကျေးရွာပေါင်း(၁၇)ရွာ၊ အိမ်ခြေ (၁၄၁၈) နှင့် လူဦးရေ (၆၆၀၆)ဦးကို ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါကြောင်း။

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ မားသဲကျေးရွာအုပ်စုရှိ ရွှေဦးကျေးလက်ကျန်းမာရေးဌာနခွဲမှ (၁၅)မိုင်ကွာဝေးသော ရပ်စောက် ပြည်သူ့ဆေးရုံသို့ မော်တော်ကားဖြင့် (၄၅)မိနစ်ခန့်၊ (၆၁)မိုင်ကွာဝေးသော အင်တောတိုက်နယ်ဆေးရုံသို့ မော်တော်ကားဖြင့် (၃)နာရီခန့် သွားရပါကြောင်း၊ ရွှေဦးကျေးလက်ကျန်းမာရေးဌာနခွဲအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လွမ်းခြုံပေးနိုင်သော ကျေးရွာနှင့်လူဦးရေများပြားခြင်း၊ ပတ်ဝန်းကျင်ကျေးရွာများမှ လာရောက်ရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းတို့ရှိသည့်အတွက်သတ်မှတ်မြေအကျယ်အဝန်းပိုင်ဆိုင်မှုရှိပါက ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ပါကြောင်း။

ရွှေဦးကျေးလက်ကျန်းမာရေးဌာနဆ၏မြေနေရာ (၃ ဒသမ ၃၄) ဧကအား မြေစာရင်းပုံစံ (၁၀၅) မြေပိုင်ဆိုင်မှုရရှိပါက ရွှေဦးကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက် ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ယင်းဌာနအောက်တွင် ဗန်းမက်နှင့် မုံပြင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ (အသစ်)များပါ ဖွင့်လှစ်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ **ပြည်သူလူထု၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပလတ်စတစ်ထုတ်ကုန်များ၊ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုကို အဆင့်လိုက် လျှော့ချကန့်သတ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁၂) ဒေါ်ခင်ဆွေက တင်သွင်းရာတွင် ပလတ်စတစ်ပစ္စည်းများ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များသည် တစ်ခါသုံးစနစ်ပစ္စည်းများဖြစ်ပြီး စွန့်ပစ်ပြီးသည့်နောက် နှစ်ပေါင်းများစွာ မပျက်စီးဘဲ သဘာဝပတ်ဝန်းကျင်တွင် ကျန်ရှိနေပါကြောင်း၊ ပလတ်စတစ်အမှိုက်များကြောင့် မြေဆီလွှာများ ပျက်စီးခြင်း၊ ရေမြောင်းများ ပိတ်ဆို့ခြင်း၊ ရေကြီးရေလျှံမှုများ ဖြစ်စေခြင်း၊ ရောဂါပိုးမွှားများ အလွယ်တကူ ပေါက်ပွားနိုင်ခြင်းတို့ကြောင့် မြေဆီလွှာနှင့် ရေထု၊ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေခြင်းအပြင် တိရစ္ဆာန်များ၏ အသက်အန္တရာယ်များကို ခြိမ်းခြောက်လျက်ရှိပါကြောင်း၊ ပင်လယ်သမုဒ္ဒရာထဲရှိ အမှိုက်များ၏ ၈၀ ရာခိုင်နှုန်းကျော်သည် ပလတ်စတစ်အမှိုက်များဖြစ်ပါကြောင်း။

အသုံးပြုပြီးသော စွန့်ပစ် ကြွပ်ကြွပ်အိတ်များသည် သဘာဝပတ်ဝန်းကျင်ကို ကြီးမားသော ဝန်ထုပ်ဝန်ပိုးဖြစ်လျက်ရှိပါကြောင်း၊ ပလတ်စတစ်ပစ္စည်း ထုတ်လုပ်သောစက်ရုံများကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ပြဿနာသည် တစ်ကမ္ဘာလုံးတွင်ရှိကြသည့် သဘာဝပတ်ဝန်းကျင် ပညာရှင်များနှင့် အစိုးရများ ရင်ဆိုင်တွေ့ကြုံနေရသည့် အရေးကြီးပြဿနာတစ်ခုဖြစ်ပါကြောင်း၊ ပလတ်စတစ်အသုံးပြုမှု များပြားလာသည်နှင့်အမျှ မြေထု၊ လေထု၊ ရေထုကို ညစ်ညမ်းစေပြီး ကမ္ဘာမြေ၏ဂေဟစနစ်ကိုလည်း မတည်မငြိမ်ဖြစ်စေပါကြောင်း၊ ထို့ကြောင့် မြို့ရွာများသန့်ရှင်းလှပရေး၊ ပြည်သူများ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အရေးယူဆောင်ရွက်ရန် အချိန်တန်ပြီဖြစ်ပါကြောင်း။

ပလတ်စတစ်ပစ္စည်းနှင့် ကြွပ်ကြွပ်အိတ်သုံးစွဲမှုများကို လျှော့ချရန် အစားထိုးနည်းလမ်းများအဖြစ် အဝတ်အိတ်၊ စက္ကူအိတ်၊ ငှက်ပျောရွက်၊ ပေါက်ဖက်၊ အင်ဖက်စသည့် သဘာဝပစ္စည်းများ အစားထိုးအသုံးပြုနိုင်ပါကြောင်း၊ ပြည်သူများ၏ကျန်းမာရေး၊ ရောဂါကာကွယ်ရေးအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

တစ်ခါသုံးကြွပ်ကြွပ်အိတ်များ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုကို အဆင့်လိုက် ကန့်သတ်လျှော့ချရန်၊ ဇီဝပျက်စီးနိုင်သော အစားထိုးထုတ်ကုန်များနှင့် ပြန်လည် အသုံးပြုနိုင်သောအိတ်များကိုသုံးစွဲရေး အားပေးမြှင့်တင်ရန်၊ ပလတ်စတစ်အမှိုက် စနစ်တကျစီမံခန့်ခွဲရေးနှင့် ပြန်လည် အသုံးပြုရေး လုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရန်၊ ပြည်သူများ အကြား ပလတ်စတစ်လျှော့ချ အသုံးပြုရေး အသိပညာပေးအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ သက်ဆိုင်ရာဥပဒေနည်းဥပဒေများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း အဆိုတင်သွင်းသည်။


ယင်းအဆိုနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဒေါ်ကျင်သိန်းက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုအား လွှတ်တော်က ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို နိုဝင်ဘာလ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ





CNG ယာဉ်များတွင် တပ်ဆင်ထားသည့် ဆလင်ဒါအိုးနှင့်ဆက်စပ်ပစ္စည်းများအား နှစ်ပတ်လည်စစ်ဆေးခြင်း (Annual Inspection) ဆောင်ရွက်နေစဉ်။



CNG Retest Factory အလုပ်ရုံတွင် ဆလင်ဒါအိုးများ စစ်ဆေးစဉ်။

➤ ရှေ့ဖုံးမှအဆက်

ဓာတ်ငွေ့ဖြစ်သဖြင့် ပေါက်ကွဲမှုဖြစ်ပွားပါက ပတ်ဝန်းကျင်ရှိ အများပြည်သူအသက်အိုးအိမ်များ ထိခိုက် ပျက် စီးစေနိုင် ပါသည်။ ထို့ကြောင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ် ငွေ့လုပ် ငန်း၊ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနသည် CNG ယာဉ်များ၏ ဆလင်ဒါအိုးနှင့် ဆက်စပ်ပစ္စည်းများ ဘေးကင်းလုံခြုံမှု (Safety) ရှိ၊ မရှိနှစ်စဉ်နှစ်ပတ်လည်စစ်ဆေးခြင်း (Annual Inspection) ဆောင်ရွက်ပြီး စစ်ဆေးမှုအောင်မြင်သော ယာဉ်များကိုသာ CNG အသုံးပြုခွင့်စာအုပ်နှင့်ကတ်ထုတ်ပေး၍မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)ကို ရောင်းချပေးလျက်ရှိပါသည်။

ထို့ပြင် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနရှိ CNG Retest Factory အလုပ်ရုံတွင်လည်း ထုတ်လုပ်သည့်ခုနှစ်မှ သက်တမ်း (၅)နှစ်ပြည့်ပြီးသော CNG ဆလင်ဒါအိုးများကို ပထမအကြိမ်စစ်ဆေးမှုခံယူစေခြင်း၊ (၁၀)နှစ်ပြည့်ပြီးသော CNG ဆလင်ဒါအိုးများကို ဒုတိယအကြိမ် စစ်ဆေးမှုခံယူစေခြင်း၊ သက်တမ်း (၁၅)နှစ်ပြည့်ပြီးသော CNG ဆလင်ဒါအိုးများကို သတ်မှတ်စံချိန်စံညွှန်းများအရ သက်တမ်းလွန် ပယ်ဖျက် (Reject) အဖြစ်သတ်မှတ်ကာ အိုးအသစ်ပြောင်းလဲတပ်ဆင်အသုံးပြုစေခြင်းများကို စနစ်တကျ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါသည်။

ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် CNG ယာဉ်များအနေဖြင့် ယာဉ်တွင်တပ်ဆင်အသုံးပြုလျက်ရှိသော သက်တမ်း (၁၅)နှစ်ပြည့်ပြီးဖြစ်သည့် CNG ဆလင်ဒါအိုးများအား ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်မတိုင်မီ CNG ဆလင်ဒါအိုးအသစ် လဲလှယ်တပ်ဆင်ကာ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနသို့ လာရောက်၍ စစ်ဆေးမှုခံယူသွားကြရန်နှင့် သက်တမ်းကျော်လွန်ပြီး CNG ဆလင်ဒါအိုး အသစ်လဲလှယ်ခြင်းမရှိသောယာဉ်များကို သဘာဝဓာတ်ငွေ့ဝယ်ယူခွင့်ပိတ်သိမ်းသွားမည်ဖြစ်သောကြောင့် အိုးအသစ်လဲလှယ်တပ်ဆင်ကာ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနတွင် လာရောက်စစ်ဆေးမှုခံယူပြီးမှသာလျှင် သဘာဝဓာတ်ငွေ့ဝယ်ယူခွင့်အား ပြန်လည်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

၁၆ ခုတင်ဆုံ ကျည်တောက်ပေါက်တိုက်နယ်ဆေးရုံ ဖွင့်ပွဲအခမ်းအနားကျင်းပ



စဉ်ကူး နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး စဉ်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စု ကျည်တောက်ပေါက် ၁၆ ခုတင်ဆုံ ကျည်တောက်ပေါက်တိုက်နယ်ဆေးရုံ ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် သုဇနသဟာယ ဘိုးဘွားရိပ်သာဆရာတော် ဦးတေဇနိယ၊ သပိတ်ကျင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်အေး၊ စဉ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဆောင်းတင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းနိုင်နှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်သိန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့်လူနာများကို အားပေးစကားများပြောကြားကြပြီး ကြက်ဥ၊ ကွေကာနှင့်ပုံပိုးငွေများပေးအပ်သည်။

ယင်းနောက် ဆေးရုံအတွင်း ဆေးကုသနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားသည့်အခြေအနေများကို လှည့်လည်ကြည့်ရှုရ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြောင်း သိရသည်။

(၄၀၂)

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် သောက်သုံးရေစနစ်တကျသုံးစွဲနိုင်ရေး အသိပညာပေး

ကျိုက်မရော နိုဝင်ဘာ ၂

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးဦးသိန်းစိုးက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်မည့်အခြေအနေများ၊ အကျိုးသက်ရောက်နိုင်မှုများ၊ ကြိုတင်ပြင်ဆင်ရမည့်အချက်များနှင့် ဖြစ်ပေါ်လာပါက တုံ့ပြန်ရမည့်အချက်များကိုရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ရှေးဦးစွာ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်မည့်အခြေအနေများ၊ အကျိုးသက်ရောက်နိုင်မှုများ၊ ကြိုတင်ပြင်ဆင်ရမည့် အချက်များနှင့် ဖြစ်ပေါ်လာပါက တုံ့ပြန်ရမည့်အချက်များကိုရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး က အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် အပူချိန်မြင့်တက်ခြင်းနှင့် ရေအရင်းအမြစ်များ လျော့နည်းလာနိုင်ခြင်းတို့ဖြစ်ပေါ်နိုင်သဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ရေကိုအလေအလွင့်မရှိ စနစ်တကျအသုံးပြုရန်နှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်ကြောင်း၊ ရေရှားပါးမှုဖြစ်ပေါ်လာနိုင်သည့် အတွက်သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသိုလှောင်ကန်များကို သန့်ရှင်းစွာ ထိန်းသိမ်းထားရှိခြင်းနှင့် ရေကိုလိုအပ်သလောက်သာ သုံးစွဲခြင်းတို့ကို ဆောင်ရွက်ရန် အသိပညာပေးရှင်းလင်းပြောကြားသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲသို့ အပေါ်ရွာကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြောင်း သိရသည်။

သုတ

ငဖဲမြို့နယ်၌ ချည်မျှင်ရှည်ဝါစိုက်ဧကများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



ငဖဲ နိုဝင်ဘာ ၂

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ၂၂၆၂ ဧကစိုက်ပျိုးရန်လျာထားခဲ့ရာ နိုဝင်ဘာလ ၂ ရက်အထိ ၂၂၆၃ ဧကစိုက်ပျိုးပြီးစီးနေပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ကာ ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ငဖဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးဦးချည်မျှင်ရှည်ဝါဧက ၁၆၀ နှင့် မိုးနှောင်းချည်မျှင်ရှည်ဝါ ၂၁၀၂ ဧက စုစုပေါင်း ၂၂၆၂ ဧကကို ကျေးရွာအုပ်စု ၁၅ အုပ်စု၌ စိုက်ပျိုးရန်လျာထားပြီး ပြီးခဲ့သည့်ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ၂၂၆၃ ဧကစိုက်ပျိုးပြီးစီးပြီးဖြစ်သည်။

“ချည်မျှင်ရှည်ဝါမျိုးတွေ အထွက်နှုန်းကောင်းမွန်အောင် ဌာနမှ ဖြန့်ဝေပေးတဲ့ ရွှေတောင်-၈၊ ရွှေတောင်-၁၀၊ ငွေချည်-၁၁ နဲ့ ငွေချည်-၉ မျိုးတွေစိုက်ပျိုးထားပါတယ်။ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့၊ သီးနှံအရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းကောင်းစေဖို့ လိုအပ်တဲ့စိုက်ပျိုးရေးနည်းစနစ်နဲ့ သွင်းအားစုများ စနစ်တကျသုံးစွဲဖို့ စတဲ့တောင်သူအသိပညာပေးလုပ်ငန်းတွေ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိတယ်” ဟု ငဖဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်သိန်းကပြောသည်။

ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝါသီးနှံတိုးချဲ့စိုက်ပျိုးမည့်တောင်သူများအား ဝါမျိုးစေ့နှင့် သွင်းအားစုပစ္စည်းများကို ပံ့ပိုးပေးထားပြီး ဝါသီးနှံများ ပန်းတိုင်အထွက်နှုန်းကောင်းမွန်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ သွင်းအားစုများ စနစ်တကျသုံးစွဲရေး၊ ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရေးတို့ကို သက်ဆိုင်ရာဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်၍ ဝါစိုက်ပျိုးနည်းပညာရပ်များကို သင်တန်းပို့ချခြင်းနှင့် ကျေးရွာအရောက် ပညာပေးဆွေးနွေးပွဲ ပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မယု(ငဖဲ)

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

သွေးအသက် ပေးဆပ်သူများ

❖ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးတွက်
ကိုယ်ကျိုးမဖက်တဲ့ တပ်မတော်။
ရဲစိတ်သန် ရဲမာန်ဝင့်လို့
ရဲရင့်စွာ အသက်သွေးနှင့်
ပေးဆပ်ရင်းပျော်။
ကျူးကျော်ရန်စ မြန်မာ့မြေပေါ်
ချေမှုန်းသော် မချန်အမြစ်။
သွေးမပျက်တည်
လေးချက်ညီ သစ္စာထားတဲ့
တရားသောစစ်။

❖ အောင်စစ်ချီ ပြည်သူ့သားကောင်းမို့
သောင်းသောင်းဖြဖြ တို့ကြိုဆို။
ရန်ဘေးတွေ ဟူသမျှ
မြူမခလို။
ပြည်တွင်းပြည်ပ ရန်တွေကို
မကျန်ဖြို အပြတ်ရှင်း။
ကမ္ဘာတည်
ဘာမထီ ဓာနည်ဖွားတွေက
စွန့်စားနိမ့်နင်း။

❖ တောင်ကိုကျော် တောကိုနင်းလျက်
စစ်တလင်းရှိရာမြေ။
တံတိုင်းရံ ကာဆီးလို့
ခရီးကြမ်းစေ။
မကြောက်မရွံ့ နောက်မတွန့်ပေ
ချေမှုန်းနေ ပြည်ချစ်သား။
အောင်ပါစေ အောင်စေကြောင်းကို
အောင်သပြေ ညောင်ရေလောင်းလို့
တောင်းဆုခွေ့ အခါမလပ်တယ်
မြတ်စိန္ဓေပါး။ ။

မိုးမြင့်မေ(သ.က.ဟ.အ)

ရေချွေတာရေးနည်းလမ်းများ

❖ ယာဉ်များဆေးကြောလျှင် ရေပိုက်ကို တိုက်ရိုက်အသုံးမပြုဘဲ ရေဖြည့်ထားသောပုံးကိုသာအသုံးပြု၍ ဆေးကြောရမည်။

❖ ပန်းပင်များနှင့် ဥယျာဉ်များကို ရေလောင်းရာတွင် ရေပိုက်ဖြင့်မလောင်းဘဲ ရေဖြည့်ထားသော ရေလောင်းပုံးကိုသာအသုံးပြုသင့်သည်။

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀)ဖွင့်လှစ်





နေပြည်တော် နိုဝင်ဘာ ၂

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရာသုံးမှန်းခြင်္ဂေစာရင်းဦးစီးဌာန ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု သင်တန်းကျောင်း၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဥပဒေရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါ်သန်းသန်းလင်းနှင့်ဦးကျော်ထင်၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု သင်တန်းကျောင်း စီမံခန့်ခွဲမှုအဖွဲ့အဖွဲ့ဝင်များ၊ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အောက်ရှိ ဌာနအဖွဲ့အစည်းများမှ ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက နိုင်ငံဝန်ထမ်းများ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ပေးရန်အတွက် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်းတွင် အခြေခံသင်တန်း၊ ကာလတို သင်တန်းများအပြင် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်းများကိုစဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုအထူးမွမ်းမံသင်တန်းများကို (၉)ကြိမ်အထိ ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးအဆင့် အရာထမ်း သင်တန်းသား ၃၁၄ ဦး တက်ရောက်ခဲ့ကြပြီးဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့်သင်တန်းသို့တက်ရောက်သည့် သင်တန်းသားများအနေဖြင့်လည်း ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု ဆိုင်ရာဘာသာရပ်နှင့် လက်တွေ့သင်ခန်းစာများကို သေချာစွာလေ့လာသင်ယူပြီး မိမိတို့ဌာန၊ အဖွဲ့အစည်း၏ လုပ်ငန်းနယ်ပယ်များတွင် လက်တွေ့ပြန်လည်အသုံးချနိုင်ရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းရည်ပြည့်ဝသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရေးအတွက် ကြိုးစားလေ့လာသင်ယူသွားကြရန် တိုက်တွန်းပြောကြားသည်။

ယခုဖွင့်လှစ်သည့်ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀)သို့ ဝန်ကြီးဌာန၊ အဖွဲ့အစည်း ၁၇ ခုတို့မှ ညွှန်ကြားရေးမှူးအဆင့် အရာထမ်း ၃၂ ဦး ပါဝင်တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ခြောက်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

ပျော်ဘွယ်နှင့်ရမည်းသင်းမြို့နယ်ဦးစီးမှူးရုံးတို့၌ ဒေသခံပြည်သူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ဆောင်ရွက်ထုတ်ပေး



နေပြည်တော် နိုဝင်ဘာ ၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် လက်ရှိနိုင်ငံတော်အစိုးရ စတင်တာဝန်ယူချိန်မှစ၍ အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့် ကျောင်းသား၊ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID နံပါတ်တို့ကို သက်ဆိုင်ရာအခြေခံပညာကျောင်းများသို့ ကွင်းဆင်း၍ ဆောင်ရွက်ပေးခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် အသက် ၁၈ နှစ်ပြည့်ပြီးသော်လည်း နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး မရရှိသေးသူများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသော်လည်း ပျက်စီး/ပျောက်ဆုံးသူများ၊ အိမ်ထောင်စုလူဦးရေစာရင်းအတိုး/အလျော့၊ ပြောင်းဝင်/ပြောင်းထွက်ဆောင်ရွက်ကြသူများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီး e-ID စနစ်ဖြင့် UID နံပါတ်မရရှိသေးသူများအား သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများ၌လည်းကောင်း လမင်းစီမံချက်ဖြင့် ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပျော်ဘွယ်မြို့နယ်ဦးစီးမှူးရုံးနှင့် ရမည်းသင်းမြို့နယ်ဦးစီးမှူးရုံးတို့သို့ သွားရောက်၍ မြို့နယ်ရုံးအဝင်၌ ဇည်ကြိုကောင်ထားရှိဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး နားနေဆောင်ရိုဒေသခံပြည်သူများအား လာရောက်ဆောင်ရွက်သည့် လုပ်ငန်းအခြေအနေများကို မေးမြန်းဆွေးနွေး၍ ကြုံတွေ့ရသည့်အခက်အခဲများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍မြို့နယ်ရုံးအတွင်း၌ ဝန်ထမ်းများက ဒေသခံပြည်သူများအား လမင်းစီမံချက်ဖြင့်အခိမ်ထောင်ထုလူဦးရေစာရင်း ပြောင်းဝင်/ပြောင်းထွက်နှင့် မွေးဖွားမှု၊ သေဆုံးမှုတို့အတွက် လူဦးရေ အတိုး/အလျော့ လုပ်ငန်းစဉ်များ၊ အသက် ၁၈ နှစ် ပြည့်ပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများ၊ ပျက်စီး/ပျောက်ဆုံးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် e-ID စနစ်ဖြင့် UID ကောက်ယူဆောင်ရွက်နေမှုများနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့ပြင် မြို့နယ်ရုံးမှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နေ့ချင်းပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID တို့ကို ကာယကံရှင်တစ်ဦးချင်းထံ ပေးအပ်ပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို မြို့နယ်ဦးစီးမှူးထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

နည်းပညာတက္ကသိုလ်(မော်လမြိုင်)၌ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိ

နေပြည်တော် နိုဝင်ဘာ ၂

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နည်းပညာတက္ကသိုလ်(မော်လမြိုင်) ၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ စာသင်ခန်းများ၊ သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းသား၊ ကျောင်းသူ အဆောင်များ ပြင်ဆင်ဖြည့်ဆည်းထားရှိမှုကို အောက်တိုဘာလ ၃၁ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လွဲလွဲသိန်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစဉ် ဆောက်လုပ်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့အတူ နိုဝင်ဘာလ ၁ ရက်တွင် အစိုးရစက်မှုလက်မှုသိပ္ပံ(မော်လမြိုင်) နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(မော်လမြိုင်) တို့၌ သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ စာသင်ခန်းများနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းထားရှိမှု၊ ကျောင်းသား၊ ကျောင်းသူအဆောင်များ ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ထားရန်၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်း၊ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကို ကြည့်ရှုစစ်ဆေးလျက်ရှိရာ ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ တည်ရှိသော မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းအား ကော်မရှင်အဖွဲ့ဝင် ဦးသန်းဝင်း၊ ဦးအုန်းခိုင်၊ ဦးညီညီနှင့် ဦးထွန်းထွန်းဝင်းတို့ ဦးဆောင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစခန်းအား ကြည့်ရှုစစ်ဆေးစဉ် စခန်းတွင် လက်ခံစောင့်ရှောက်ထားသော သင်တန်းသားများအတွက် အာဟာရပြည့်ဝသော အစားအစာနှင့် သန့်ရှင်းသော သောက်ရေသုံးရေ လုံလောက်စွာရရှိစေရေး စီစဉ်ထားမှု၊ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဆေးပြတ်သည့် အချိန်တွင် ဖြစ်ပေါ်နိုင်သော လက္ခဏာများကို စနစ်တကျစောင့်ကြည့်ပေးမှုရှိ၊ မရှိ၊ ဆေးပြတ်စဉ် ကြုံတွေ့ရသောဝေဒနာများအတွက် လိုအပ်သောအကူအညီနှင့် ဆေးဝါးစောင့်ရှောက်ပေးနေမှု၊ မိသားစုနှင့် ဆက်သွယ်ဆောင်ရွက်ခွင့်နှင့် မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့် ရရှိရေး ဆောင်ရွက်ပေးမှု၊ ခွဲခြားဆက်ဆံမှုနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ၊ ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားမှုနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးပေးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ



၂-၁၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၇,၀၅၀,၀၀၀)ကျပ်** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေး



ရန်ကုန် နိဝင်ဘာ ၂

လက်ရှိအချိန်တွင် အကျုံးဝင် အာမခံအလုပ်သမားပေါင်း ၁ ဒသမ ၃ သန်းကျော်၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များရရှိစေရေး မြို့နယ်ပေါင်း ၁၃၆ မြို့နယ်တွင် အလုပ်သမားဆေးရုံကြီး သုံးရုံ၊ မြို့နယ်ရုံး ၈၀ ရုံး၊ မြို့နယ်ဆေးခန်းပေါင်း ၅၈ ခန်း၊ ဌာနကြီးဆေးခန်း ၄၆ ခန်း၊ လူမှုဖူလုံရေးအဖွဲ့နှင့် စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်း ၇၁ ခန်း၊ တိုင်းရင်းဆေးကုသခန်းတစ်ခန်း၊ သားဖွားခန်းရှစ်ခန်းတို့အပြင် ရွှေလျားဆေးကုသယာဉ်လေးစီးဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း အလုပ်သမားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်ပြောကြားခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ရှိမြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ၌ကျင်းပသည့် အလုပ်သမားဝန်ကြီးဌာနမှ "လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ" ဆွေးနွေးပွဲတွင်ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင်ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်စေရေး ဝန်ဆောင်မှုပေးသူနှင့် ဝန်ဆောင်မှုရယူသူအကြား ခွဲခြားလုပ်ကိုင်မှုစနစ်(Provider Purchaser Split – PPS)အရ Fee for Service Payment ဖြင့် လက်ရှိတွင် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ပေးလျက်ရှိပြီး အာမခံအလုပ်သမားများပြားသည့် တိုင်းဒေသကြီးများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ တိုးချဲ့ဆောင်ရွက်ပေးနိုင်ရန် အတွက် အလုပ်သမားဆေးရုံကြီးများအား ဖွင့်လှစ်နိုင်ရေး လေ့လာဆန်းစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လူမှုဖူလုံရေးငွေကြေးအကျိုးခံစားခွင့်များ၊ လူမှုဖူလုံရေးအကျိုးဝင် အာမခံအလုပ်သမားများ၏ ပြင်ပဆေးရုံ၊ ဆေးခန်းများ၌ ဆေးကုသရာတွင် စိုက်ထုတ်ကုန်ကျခဲ့သည့် ဆေးဖိုး စိုက်ထုတ်ငွေများအား အမြန်ဆုံးစီစစ်ခွင့်ပြုပြီး ပြန်လည်ပေးအပ်လျက်ရှိကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာသည့် ကိုယ်စားလှယ်များနှင့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်များက အလုပ်ရှင်၊ အလုပ်သမားနှင့် လူမှုဖူလုံရေးအဖွဲ့တို့အကြားပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီအဖွဲ့ဝင် ဦးကိုကိုလှိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒါရိုက်တာအဖွဲ့ဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(CTUM)တို့မှ ကိုယ်စားလှယ်များ၊ စက်မှုဇုန်များမှအလုပ်ရှင်များ၊ မန်နေဂျာများနှင့်အလုပ်သမားအဖွဲ့အစည်းများမှအဖွဲ့ဝင်ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

မုဒုံမြို့ရှိ ဆံတော်ရှင်ကန်ကြီးစေတီတော်မြတ်ကြီး၏ (၁၅၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် မြန်မာ့ရိုးရာ လေ့လှော်ပြိုင်ပွဲကျင်းပ

မော်လမြိုင် နိဝင်ဘာ ၂

မွန်ပြည်နယ် မုဒုံမြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကန်ကြီးစေတီတော်မြတ်ကြီး၏ (၁၅၂) ကြိမ်မြောက် သီတင်းကျွတ် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် မြန်မာ့ရိုးရာ လေ့လှော်ပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ကန်ကြီးမင်္ဂလာကန်တော်၌ ကျင်းပသည်။

ဦးစွာ ကန်ကြီးစေတီတော်၏ သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ကေတုဝရနှင့် ဂေါပကအဖွဲ့ဝင်များက ကန်ကြီးစေတီတော်မြတ်ကြီးနှင့် မင်္ဂလာကန်တော်တို့အား ရှိခိုးဦးတိုက်ကန်တော့၍ မြန်မာ့ရိုးရာ လေ့လှော်ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ လေ့လှော်ပြိုင်ပွဲတွင် မုဒုံမြို့ပေါ်ရှိ ရပ်ကွက်များမှ လေ့လှော် အသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပထမပွဲစဉ်အဖြစ် ကောင်းအိမ်သူလေ့လှော်အသင်းနှင့် မုဒုံမြေလှေလှော်အသင်းတို့ ယှဉ်ပြိုင် လှော်ခတ်ခဲ့ကြသည်။


အဆိုပါ မြန်မာ့ရိုးရာလေ့လှော်ပြိုင်ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ဗိုလ်လုပွဲစဉ်နှင့်ဆုပေးပွဲအခမ်းအနားတွင် ထူးချွန်စွာယှဉ်ပြိုင်ကြသူများအား ထိုက်တန်သည့်ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။ (၄၀၆)

နေပြည်တော် အနီးတစ်ဝိုက်

နေပြည်တော် နိဝင်ဘာ ၂

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။ (မိုး/၈လ)

မိုးလေဝသ သတင်း



မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

❖ **ရွှေဖုံးမှအဆက်**

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မူရားစု"သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့ (Coco Island)၏အနောက်ဘက် ရေမိုင် ၇၂၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့(Chennai)၏ မြောက်-အရှေ့မြောက်ဘက် ရေမိုင် ၉၀ မိုင်ခန့်နှင့် မာချီလီပတ္တနမ်မြို့(Machilipatnam) ၏ တောင်ဘက် ရေမိုင် ၁၀၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း"မူရားစု"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မူရားစု"၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မူရားစု"သည် ညနေ ၃ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၁၄ ဒသမ ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၀ ဒသမ ၉ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၆၅ မိုင်နှုန်းခန့်ဖြစ်သည်။


နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း"မူရားစု"သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာလ ၃ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေကို နယ်လိုရီမြို့(Nellore)နှင့် နာစာပါမြို့(Narsapur)တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

သတိပေးနှိုးဆော်ချက်

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း"မူရားစု"၏အရှိန်ကြောင့် ယနေ့ညနေမှ နိဝင်ဘာလ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နေရာကွက်ကျားနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

၂-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မူရားစု (MURASU)" လမ်းကြောင်းပြမြေပုံ



မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မူရားစု"၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈လ)

စိုက်ပျိုးရေးကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်သင့်သည့် စက်ဝန်းစိုက်ပျိုးရေးစနစ် အပိုင်း(၁)

ဒေါက်တာသူဇာဝင်း
(စိုက်ပျိုးရေး)



လူသားတို့၏ နေ့စဉ်စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးကဏ္ဍသည် အခြေခံအကျဆုံး အသက်သွေးကြောဖြစ်သည်။ ယခုအခါ ကမ္ဘာ့စိုက်ပျိုးရေးစနစ်သည် လူဦးရေအလျင်အမြန်တိုးပွားလာခြင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးလာခြင်းနှင့် စိုက်ပျိုးရေးနှင့် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများအပါအဝင် အရေးပါသော သဘာဝသယံဇာတများ ကုန်ခန်းလာခြင်း စသည့် မကြုံစဖူး စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရကာ အရေးကြီးသော လမ်းဆုံလမ်းခွ၌ရောက်ရှိနေသည်။ ဤသို့သော အကျပ်အတည်းများကြားတွင် ရွှေ့ပြောင်းတောင်ယာစနစ်အပါအဝင် အချို့သော သမားရိုးကျ စိုက်ပျိုးဆောင်ရွက်မှုများပြုလုပ်နေခြင်းသည်ပင်လျှင် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးရခြင်း၏ အဓိကစေ့ဆော်အားတစ်ခုဖြစ်လာစေပြီး ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုမြင့်တက်လာခြင်း၊ သစ်တောပြုန်းတီးမှုအရှိန်အဟုန်မြန်ဆန်လာခြင်းနှင့် မြေဆီလွှာ၏ ဇီဝဂေဟဆိုင်ရာတန်ဖိုးများ ဆုံးရှုံးပျက်စီးခြင်းတို့ကို သိသာထင်ရှားစွာဖြစ်ပေါ်စေလျက်ရှိသည်။

“ထုတ်ယူ၊ ပြုလုပ်၊ စွန့်ပစ်” ဟူသော တစ်ဖက်သတ်ချဉ်းကပ်ပုံ (linear “take-make-dispose” approach) ဖြင့် လည်ပတ်နေသော သမားရိုးကျ စိုက်ပျိုးရေးစနစ်များသည် ဓာတုမြေဩဇာနှင့် ပိုးသတ်ဆေး စသည့် ပြင်ပသွင်းအားစုများကို အလွန်အမင်းမှီခိုနေရကာ စွန့်ပစ်ပစ္စည်းများနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကြီးမားစွာဖြစ်ပေါ်စေသည်။ ဤစိန်ခေါ်မှုများကို ကျော်လွှားရန်အတွက် ကမ္ဘာတစ်ဝန်းတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဆန်းသစ်သည့် အကောင်းဆုံး အစားထိုးစနစ်တစ်ခုအဖြစ် စက်ဝန်းပုံစံစိုက်ပျိုးရေးစနစ်ကို အလေးထားဆောင်ရွက်လာကြသည်။

စက်ဝန်းစီးပွားရေးစနစ်၏အခြေခံသဘောတရားများမှ အဓိကလှုံ့ဆော်မှုရယူထားသော စက်ဝန်းစိုက်ပျိုးရေးစနစ်သည် စွန့်ပစ်ပစ္စည်းများကို အနည်းဆုံးဖြစ်အောင်လျှော့ချခြင်း၊ အရင်းအမြစ် စက်ဝန်းလည်ပတ်မှုကို တစ်ဆက်တစ်စပ်တည်း ပိတ်ဆို့ချိတ်ဆက်ခြင်းနှင့် ရရှိနိုင်သောသယံဇာတများကို စဉ်ဆက်မပြတ် ဆက်လက်အသုံးပြုခြင်းတို့ကို အဓိကထားဆောင်ရွက်သည်။ စက်ဝန်းစိုက်ပျိုးရေးဆိုသည်မှာ သဘာဝသစ်တောဂေဟစနစ်ကို အတုယူထားသည့် စနစ်တစ်ခုဖြစ်သည်။ သဘာဝတရားတွင် အမှိုက်ဟူ၍မရှိဘဲ တစ်ခု၏ စွန့်ပစ်ပစ္စည်းသည် အခြားတစ်ခုအတွက် အာဟာရ သို့မဟုတ် အရင်းအမြစ်ဖြစ်သွားသကဲ့သို့ လယ်ယာလုပ်ငန်းတွင်လည်း ထိုနည်းအတိုင်း လည်ပတ်ခြင်းဖြစ်သည်။

စက်ဝန်းစိုက်ပျိုးရေး၏ အဓိကရည်မှန်းချက်မှာ စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများအား အလဟဿ စွန့်ပစ်လေ့ရှိသော သမားရိုးကျစိုက်ပျိုးရေးစနစ်အစား သီးနှံအကြွင်းအကျန်များ၊ အာဟာရဓာတ်များနှင့် စွန့်ပစ်ရေတို့ကို စနစ်တကျ ပြန်လည်အသုံးပြုကာ အဆက်မပြတ်လည်ပတ်နေသည့်စနစ်သို့ ကူးပြောင်းရန်ဖြစ်သည်။ ထိုသို့ အကောင်အထည်ဖော်ခြင်းအားဖြင့် ပြင်ပမှ သွင်းအားစုလိုအပ်ချက်များကို သိသိသာသာလျှော့ချပေးနိုင်ရုံသာမက ပတ်ဝန်းကျင်ဂေဟစနစ်အပေါ် ဆိုးကျိုးသက်ရောက်မှုများဖြစ်စေခြင်းကိုလည်း လျော့ပါးစေနိုင်မည်ဖြစ်သည်။ ဤစနစ်သည် သယံဇာတများကို အကျိုးရှိရှိအသုံးချခြင်း၊ အာဟာရဓာတ်စက်ဝန်းလည်ပတ်မှုကို စနစ်တကျချိတ်ဆက်ပိတ်ဆို့ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကို မြှင့်တင်ပေးခြင်းနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်သည့် ဆိုးကျိုးများကို အနည်းဆုံးဖြစ်စေရန်ရည်ရွယ်သည့် အဓိကသဘောတရားများအပေါ်အခြေခံ၍ လည်ပတ်ပါသည်။


အာဟာရဓာတ်လှည့်ပတ်သုံးစွဲမှုကို မြှင့်တင်ခြင်း၊ ဓာတုသွင်းအားစုများအပေါ် မှီခိုမှုကိုလျှော့ချခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကိုထိန်းသိမ်းခြင်းနှင့် မြေဆီလွှာကျန်းမာရေးကို တိုးတက်ကောင်းမွန်စေခြင်း စသည့် ကောင်းကျိုးများစွာဖြင့် စက်ဝန်းစိုက်ပျိုးရေးစနစ်သည် စွန့်ပစ်ပစ္စည်းကင်းစင်ပြီး ရေရှည်တည်တံ့မည့် စိုက်ပျိုးရေးကိုဖော်ဆောင်ရန်အတွက် လက်တွေ့ကျသည့် အကောင်းဆုံးဖြေရှင်းချက်တစ်ခုကို ပံ့ပိုးပေးလျက်ရှိသည်။

စက်ဝန်းစိုက်ပျိုးရေး၏ အဓိကအခြေခံအုတ်မြစ်တစ်ခုမှာ စိုက်ပျိုးရေးစနစ်အတွင်းရှိ အာဟာရဓာတ်များကို စွမ်းဆောင်ရည်ပြည့်ဝစွာ ပြန်လည်လည်ပတ်အသုံးချခြင်းပင်ဖြစ်သည်။ သမားရိုးကျစိုက်ပျိုးရေးစနစ်များတွင် စွန့်ပစ်ပစ္စည်းဖြစ်သွားခြင်း၊ မြေဆီလွှာတိုက်စားခံရခြင်း သို့မဟုတ် မိုးရေနှင့်အတူမြေအောက်သို့စိမ့်ဝင်သွားခြင်း စသည်တို့ကြောင့် အာဟာရဓာတ်ဆုံးရှုံးမှုများ ဖြစ်ပေါ်လေ့ရှိရုံမျှမက ဤဖြစ်ရပ်များကြောင့် ရေထုညစ်ညမ်းခြင်းနှင့် မြေဆီလွှာအရည်အသွေး ကျဆင်းပျက်စီးခြင်းကဲ့သို့သော ပတ်ဝန်းကျင်ဆိုင်ရာယိုယွင်းမှုများကို ဖြစ်ပေါ်စေသည်။

ဤစနစ်တွင် ကောက်ရိုးအစရှိသည့် သီးနှံအကြွင်းအကျန်များ၊ တိရစ္ဆာန်ချေးများနှင့် စားသောက်ကုန်စွန့်ပစ်ပစ္စည်းများအပါအဝင် အော်ဂဲနစ်ပစ္စည်းအားလုံးကို စုဆောင်း၍ မြေဆွေးပြုလုပ်ပြီး ပြန်လည်အသုံးပြုကြသည်။ တိရစ္ဆာန်စွန့်ပစ်အညစ်အကြေးများဖြစ်သည့် ကျင်ကြီး၊ ကျင်ငယ်များကို သီးနှံခင်းများအတွက် မြေဩဇာအဖြစ်ပြန်လည်အသုံးပြုကာ သီးနှံစိုက်ခင်းမှထွက်ရှိသည့် အရွက်နုနှင့် သီးနှံအကြွင်းအကျန်များကိုလည်း တိရစ္ဆာန်စာအဖြစ် ပြန်လည်ကျွေးမွေးကြသည်။

သဘာဝမြေဆွေးနှင့် တိရစ္ဆာန်ချေးများကို စဉ်ဆက်မပြတ်အသုံးပြုခြင်းဖြင့် မြေဆီလွှာတည်ဆောက်ပုံ၊ မြေအစိုဓာတ်နှင့် မြေတွင်းရှိအဏုဇီဝတို့၏ လုပ်ဆောင်မှုများကို ပိုမိုကောင်းမွန်စေသည်။ ထို့ပြင် ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှုကိုကာကွယ်ပေးပြီး ဖန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမှုကို လျှော့ချပေးသဖြင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မရှိသလောက်နည်းပါးစေသည်။ ဓာတ်မြေဩဇာသွင်းအားစုစျေးနှုန်းများ မြင့်တက်လာချိန်တွင် ထိခိုက်မှုနည်းပါးပြီး မိမိကိုယ်ကို အားကိုးနိုင်သည့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်ကို ဖော်ဆောင်ပေးနိုင်သည်။

ထို့ပြင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ပေါင်းစပ်ဆောင်ရွက်ထားသော ပေါင်းစည်းလယ်ယာစနစ်များမှတစ်ဆင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို အဖိုးတန်အရင်းအမြစ်တစ်ခုအဖြစ် ပြောင်းလဲကာ မြေဆီလွှာအား နိုက်ထရိုဂျင်၊ ဖော့စဖရပ်နှင့် ပိုတက်စီယမ်



ကဲ့သို့သော မရှိမဖြစ် အာဟာရဓာတ်များ ပြန်လည်ဖြည့်တင်းပေးနိုင်သည်။ စက်ဝန်းစိုက်ပျိုးရေးသည် အာဟာရဓာတ်များအား ဤစက်ဝန်းအတွင်း၌သာ ဆက်လက်လည်ပတ်နေစေရန် ဆောင်ရွက်ပေးခြင်းဖြင့် မြေဆီလွှာ၏ ကုန်ထုတ်စွမ်းအားကို ရေရှည် ဆက်လက်ထိန်းသိမ်းပေးနိုင်ပြီး အာဟာရဓာတ် အလေအလွင့်ဖြစ်မှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကိုပါ ထိရောက်စွာလျှော့ချပေးနိုင်မည်ဖြစ်သည်။

စွန့်ပစ်ပစ္စည်းများကို အနည်းဆုံးဖြစ်အောင် လျှော့ချခြင်း

စက်ဝန်းစိုက်ပျိုးရေးသည် စိုက်ပျိုးရေးလုပ်ငန်းစဉ်မှထွက်ရှိလာသည့် ဘေးထွက်ပစ္စည်းအားလုံးကို စနစ်အတွင်း၌ အပြည့်အဝပြန်လည်အသုံးချခြင်းဖြစ်၍ စွန့်ပစ်ပစ္စည်းများကို အနည်းဆုံးဖြစ်အောင် (Zero Waste) လျှော့ချပေးနိုင်သည်။ ဤသဘောတရားသည် သဘာဝတရားကဲ့သို့ပင် မည်သည့်အရာမျှ အလဟဿမဖြစ်စေဘဲ ပစ္စည်းအားလုံးကို ပြန်လည်အသုံးပြုခြင်း သို့မဟုတ် ပြန်လည်ပြုပြင်ခြင်းဖြင့် လယ်ယာဂေဟစနစ်၏ ဟန်ချက်ညီမျှခြေကို ထိန်းသိမ်းပေးသည်။

သမားရိုးကျစိုက်ပျိုးရေးတွင် ကောက်ရိုးနှင့် ပြောင်းရိုး အစရှိသည့် သီးနှံအကြွင်းအကျန်များကို များသောအားဖြင့် အမှိုက်အဖြစ် သတ်မှတ်စွန့်ပစ်တတ်ကြသော်လည်း စက်ဝန်းပုံစံစနစ်များတွင်မူ ၎င်းတို့သည် အဖိုးတန်သောအခန်းကဏ္ဍများမှ ပါဝင်ကြသည်။ ဥပမာအားဖြင့် အပင်အကြွင်းအကျန်များကို မြေမျက်နှာပြင်ပေါ်တွင် မြေဖုံးပစ္စည်းအဖြစ် အသုံးပြုပေးခြင်းဖြင့် မြေဆီလွှာအတွင်း ရေဓာတ်ကို ထိန်းသိမ်းပေးခြင်း၊ ပေါင်းပင်ပေါက်ရောက်မှုကို နှိမ်နင်းပေးခြင်းနှင့် မြေဆီလွှာဖွဲ့စည်းပုံကို တိုးတက်ကောင်းမွန်စေခြင်းတို့ကို လုပ်ဆောင်နိုင်သည်။ ဤမျှသာမက ၎င်းတို့ကို မြေဆွေးအဖြစ်ပြုလုပ်ကာ အော်ဂဲနစ်ပစ္စည်းအဖြစ် မြေကြီးထဲသို့ ပြန်လည်ထည့်သွင်းပေးခြင်းဖြင့် မြေဆီလွှာ၏ ဂုဏ်သတ္တိများကိုပါ သိသာထင်ရှားစွာမြှင့်တင်ပေးနိုင်သည်။

ရေအသုံးချမှု စွမ်းဆောင်ရည်ပြည့်ဝခြင်းသည်လည်း စွန့်ပစ်ပစ္စည်းလျှော့ချခြင်း၏ မရှိမဖြစ်အစိတ်အပိုင်းတစ်ခုဖြစ်ပြီး စက်ဝန်းစိုက်ပျိုးရေးသည် ရေအရင်းအမြစ်များကို စနစ်တကျ ပြန်လည်စစ်ထုတ်သုံးစွဲခြင်းနှင့် ပြန်လည်အသုံးပြုခြင်းတို့ကို အလေးပေးဆောင်ရွက်သည်။ မိုးရေကို စုဆောင်းသုံးစွဲခြင်း၊ မီးဖိုချောင်နှင့် ရေချိုးခန်းသုံး စွန့်ပစ်ရေဆိုးများကို ပြန်လည်ပြုပြင်သုံးစွဲခြင်း (Greywater Recycling) ကဲ့သို့သော နည်းပညာများသည် ရေအလေအလွင့်ကို လျှော့ချပေးရုံသာမက စိုက်ပျိုးရေးကဏ္ဍတွင် ရေအသုံးချမှုရေရှည်တည်တံ့ခိုင်မြဲမှုကိုပါ မြှင့်တင်ပေးနိုင်သည်။

စက်ဝန်းစိုက်ပျိုးရေးစနစ်သည် လက်ရှိစားရေရိက္ခာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမက သဘာဝသယံဇာတများကိုထိန်းသိမ်းပေးပြီး နောင်လာမည့် မျိုးဆက်သစ်များအတွက်ပါ ကျန်းမာသန့်စင်သည့် ပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ပေးနိုင်ကြောင်း အပြည့်အဝ အာမခံချက်ပေးထားသည်။ ။

ဆက်လက်ဖော်ပြပါမည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ရာဇဝတ်အထူးအယူခံမှု(၁)မှုနှင့် တရားမအထူးအယူခံမှု(၃)မှုတို့ကို စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု(၄)မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် နိုဝင်ဘာ ၂

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသိန်းကိုကို၊ ဒေါက်တာကိုကိုနိုင်၊ ဦးဝင်းမြင့်၊ ဒေါက်တာမျိုးဝင်းအောင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဇွဲသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု အမှတ် ၇/၂၀၂၆ (ရန်ကုန်) နှင့် တရားမအထူးအယူခံမှုအမှတ် ၂၈/၂၀၂၆ (ရန်ကုန်)၊ ၃၁/၂၀၂၆ (ရန်ကုန်) နှင့် ၃၂/၂၀၂၆ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု(၃)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၃၄/၂၀၂၆ (ဧရာဝတီ)၊ ၃၆/၂၀၂၆ (မွန်)၊ ၃၇/၂၀၂၆ (ရန်ကုန်) နှင့် ၃၉/၂၀၂၆ (ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု (၄)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်း ရရှိသည်။

မြဝတီ

ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားစေရေး ဆောင်ရွက်



ပဲခူး နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားစေရေး ဆောင်ရွက်လျက်ရှိရာ ပြည်ခရိုင်ဆွေတောင်မြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း ရေဆင်းပေါ်ဆန်းမျိုးစပါး ဧက ၁၀၀ ရိတ်သိမ်းနေမှုကိုယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး နွေစပါးမစိုက်ပျိုးမီ ဆောင်းသီနှံအဖြစ် ဆီထွက်ပဲပုပ် စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ နတ်တလင်းခရိုင် နတ်တလင်းမြို့ မြို့မရပ်ကွက်၌ Solar စနစ်ဖြင့် ဆန်စက်လည်ပတ်နေသည့် ဦးသန်းထိုက်၏ဧမ္မူဝင်း ဆန်စက်အား သွားရောက်အားပေးခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်သည့် စပါးအခြောက်ခံစက်များကိုလည်း တွဲဖက်သုံးစွဲရန် မှာကြားပြီး Export ဆန်ကြိတ်ခွဲနေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။


ထို့ပြင် ဇီးကုန်းမြို့မဈေးအတွင်း၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ငွေကျပ် ၁၁၅ ဒသမ၂ သန်းဖြင့် အကျယ် ၉၆ ပေ၊ အနံ ပေ ၄၀၊ အမြင့် ၁၂ ပေရှိ ဈေးရုံအသစ် ထပ်မံတည်ဆောက်ပေးမည့်နေရာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားကာ ဈေးအတွင်း ဈေးသူ၊ ဈေးသားများအား ရင်းရင်းနှီးနှီးအားပေး စကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့သပြေကုန်းကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဦးစိုးနိုင်၏ အသားတိုးဝက်နှင့်မျိုးဝက်များ မွေးမြူထားရှိမှုအား ကွင်းဆင်းကြည့်ရှုပြီး ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် တိရစ္ဆာန်အစာထုတ်လုပ်မွေးမြူနိုင်ရေး၊ ဒေသဝက်နှင့် ဒေသကြက်တို့ကို တွဲဖက်တိုးချဲ့မွေးမြူနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဥသာတိုင်းသား

နေပြည်တော်အခြေပြု Agro-based Industries များ ဖွံ့ဖြိုးတိုးတက်မှု အရှိန်မြှင့်တင်နိုင်ရေးကြိုးပမ်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂



နေပြည်တော်အခြေပြု Agro-based Industries များအနေဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်နိုင်စေရေးအတွက် ညွှန်ကြားချက်များနှင့် လုပ်ငန်းစဉ်များအတိုင်း ကြိုးပမ်းဆောင်ရွက်သွားရန်အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ စက်မှုနှင့် အသေးစား၊အငယ်စား၊အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျကယမန်နေ့က နေပြည်တော်ရှိစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ နေပြည်တော် MSMEs အသင်းနှင့်တွေ့ဆုံစဉ် မှာကြားသည်။

ဆက်လက်၍ ပျဉ်းမနားမြို့ရှိ မိုးသီရိစီးပွားရေးလုပ်ငန်းစု၏ အထည်ချုပ်လုပ်ငန်းတွင် အထည်များချုပ်လုပ်နေမှု၊ E-Market စနစ်ဖြင့် ဈေးကွက်တိုက်ရိုက်ဖြန့်ဖြူးရောင်းချလျက်ရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ချုပ်လုပ်ပြီး ပြည်ပသို့ ဈေးကွက်ချဲ့ထွင်ပေးပို့နိုင်ရေး ဆောင်ရွက်ရန်၊ ပြည်တွင်း Agro-based Textile Industries လုပ်ငန်းများအချင်းချင်း ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ပိုမိုထိရောက်အောင်မြင်သည့် စီးပွားရေးလုပ်ငန်းစုကြီးအဖြစ် တည်ဆောက်နိုင်ရေးကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ပျဉ်းမနားမြို့ရှိ FDA အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် မိုးသူဇာမုန့်မျိုးစုံလုပ်ငန်း၌ မုန့်များအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ခေတ်မီစက်ကိရိယာများဖြင့် စနစ်ထိကျထုတ်လုပ်နေမှု၊ အေလာမြို့ရှိ စက်မှုလယ်ယာပစ္စည်းများထုတ်လုပ်သည့် နေမင်းထွန်းမြေပဲနှင့် ပဲအမျိုးမျိုးခွဲလှေ့စက်လုပ်ငန်းနှင့် နေပြည်တော် ဒဏ္ဍီဏသီရိစက်မှုဇုန်ရှိ လယ်ယာထွက်ကုန်များကို ထုပ်ပိုးရေးအတွက် Recycle ကုန်ကြမ်းများမှ ပီနံအိတ် ထုတ်လုပ်သည့် ရွှေသစ်ဆန်းစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများတင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်သင်တန်း အမှတ်စဉ်(၁၀၀)သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၂

စာရေးဝန်ထမ်းကြီးကြပ်သင်တန်း အမှတ်စဉ်(၁၀၀)၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)ဌာနမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းဖွင့် မိန့်ခွန်းပြောကြားသည်။

စာရေးဝန်ထမ်းကြီးကြပ်သင်တန်း အမှတ်စဉ်(၁၀၀)သို့ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ သင်တန်းသား ၄၁ ဦး၊ သင်တန်းသူ ၆၉ ဦး စုစုပေါင်း ၁၁၀ ဦး တက်ရောက်ပြီး နိုဝင်ဘာလ ၂ ရက်မှ ဧန်နဝါရီလ ၇ ရက်အထိ သင်တန်းကာလ ၁၀ ပတ်ကြာဖွင့်လှစ်မည် ဖြစ်ကြောင်းသိရသည်။

မြဝတီ

အယ်လ်နီညိုဖြစ်စဉ်၏သက်ရောက်မှုများကြောင့် နွေကာလ ပိုမိုပူပြင်းခြောက်သွေ့ခြင်း၊ နေ့အပူချိန်များ ပိုမိုမြင့်မားခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းနှင့် ကူးစက်ရောဂါများပိုမိုဖြစ်ပွားနိုင်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က မြန်မာ့ရိုးရာပွဲဈေးအကြောင်း စာနယ်ဇင်းရှင်းလင်း



ရန်ကုန် နိုဝင်ဘာ ၂

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကကြီးမှူးကျင်းပသော မြန်မာ့ရိုးရာပွဲဈေးကျင်းပရခြင်းနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ စိမ်းလန်းစိုပြည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က မြန်မာ့ရိုးရာပွဲဈေးကျင်းပရခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့ရိုးရာအစားအစာများဖြစ်သည့် ဆန်ပြားကောက်ညင်း၊ ပဲ၊ ပြောင်း စသည့် စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံထုတ်လုပ်ထားသည့် ကျန်းမာရေးနှင့် ညီညွတ်ပြီး သဘာဝအလျောက်ထွက်ရှိသည့် ဒေသထွက်စားသောက်ကုန်များ၊ မြန်မာ့ရိုးရာလက်မှုပစ္စည်းများ ဖြစ်သည့် ယွန်းထည်၊ ကြိမ်ထည်၊ ရွှေချည်ငွေချည်ထိုးလုပ်ငန်းများနှင့် အနုသုခုမလက်ရာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်၊ ယခုခေတ်လူငယ်များအနေဖြင့် မိမိတို့၏ ရိုးရာဓလေ့ထုံးစံပွဲတော်များကို တန်ဖိုးထားတတ်စေရန်၊ ပျောက်ပျက်မသွားအောင်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် နိုင်ငံတကာကို မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်းနှင့် ရိုးရာစားသောက်ကုန်များကို သိရှိနိုင်စေရန် ရည်ရွယ်၍ ပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

မြန်မာလူမျိုးတို့၏ နေ့စဉ်ဘဝနှင့် အစဉ်အလာများကို ပေါ်လွင်စေသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ခေတ်နှင့်အညီ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းသည့်အနေဖြင့် မြန်မာ့ရိုးရာပွဲဈေးကို နိုဝင်ဘာလ ၆ ရက်မှ ၈ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် Inya Lake Hotel ရန်ကုန်ကွန်ဗင်းရှင်းစင်တာ(YCC)၌ နံနက် ၁၀ နာရီမှ ည ၈ နာရီအထိ ခင်းကျင်းပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာအစားအစာများ၊ မြန်မာ့ရိုးရာအဝတ်အထည်များ၊ မြန်မာ့စားဖွယ်ပြုလုပ်နည်း သရုပ်ပြပွဲများ၊ မြန်မာအစားအစာနှင့် အာဟာရတန်ဖိုးစကားဝိုင်းများ၊ စမ်းရေမိုးဇာတ်ပွဲနှင့် Project K အဖွဲ့ ဖျော်ဖြေပွဲများ၊ တိုင်းရင်းသားပဒေသာ အကများ စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာပွဲဈေးတွင် ဆိုင်ခန်းပေါင်း ၁၅၅ ခန်းကိုစုနှံသုံးခွဲ၍ ဇုန်(A) ပွဲဈေးတန်းတွင် အစားအသောက်များ၊ ဇုန်(B)ဈေးတန်းတွင် ဒေသအသီးသီး၏ စားသောက်ကုန်များ၊ ဇုန်(C)တွင် တိုင်းရင်းသားဒေသအသီးသီးမှထွက်ကုန်နှင့် လူသုံးကုန်အမျိုးမျိုးပါဝင်မည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂

ယူရီးယားမြေဩာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးကို မိုးစပါးနှင့် မိုးသီးနှံအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဓာတ်မြေဩာဖြန့်ဖြူးမှု၊ သုံးစွဲမှုကို သုံးသပ်ရန်၊ ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးချိန်အမီ ဓာတ်မြေဩာများဖြန့်ဖြူးပေးနိုင်ရေး ကြိုတင်ပြင်ဆင်ရန်၊ ရည်ညွှန်းစျေးနှုန်းသတ်မှတ်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့လည်း ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးနိုင်ရေး ဓာတ်မြေဩာလိုအပ်ချက် စာရင်းတောင်းထားပြီး အသင်းအနေဖြင့် အချိန်မီတင်သွင်းဖြန့်ဖြူးပေးနိုင်ရေးလိုအပ်ချက်များကြိုတင် ပြင်ဆင်ထားရန်နှင့် အစီအမံတင်ပြရန်လိုပါကြောင်း၊ ယခုနှစ် မိုးစပါးနှင့် မိုးသီးနှံဓာတ်မြေဩာ အသုံးပြုမှုများကို စာရင်းဇယား အချက်အလက်မှန်ကန်အောင် စိစစ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကြီးကြပ်မှုကော်မတီများအနေဖြင့် ဓာတ်မြေဩာအမှန်သုံးစွဲမှု၊ ဖြန့်ဖြူးမှုနှင့်သုံးစွဲမှုများကို စောင့်ကြည့်ရန်၊ လိုအပ်ချက်ဖြည့်ဆည်းပေးရန်၊ တရားမဝင်တင်သွင်းမှုများမရှိစေရန်နှင့် ဓာတ်မြေဩာအရည်အသွေးနှင့်အလေးချိန်မှန်ကန်စေရေး၊ သတ်မှတ်ရောင်းစျေးနှုန်းထက် ပိုမိုရောင်းချမှုမရှိစေရေး၊ သိုလှောင်ပြီး စျေးကစားခြင်းများမရှိစေရေး၊ တောင်သူများ ဓာတ်မြေဩာသုံးစွဲနိုင်မှု အခြေအနေ၊ မြို့နယ်အလိုက် အရောင်းဆိုင်စာရင်းနှင့်လက်ကျန်စာရင်းများကို စစ်ဆေးပြီး လစဉ်တင်ပြချက်တွင် ထည့်သွင်းတင်ပြရန်၊ အဖွဲ့ဝင် ဌာနများကလည်း ဝိုင်းဝန်းကြီးကြပ်ဆောင်ရွက်ပေးရန်နှင့် မိမိတို့ရည်ရွယ်ချက်အတိုင်းအချိန်မီ ရရှိရေး၊ အရည်အသွေးပြည့်ဝစေရေး၊ သက်သာသောစျေးနှုန်းနှင့် တောင်သူများလက်ဝယ်အရောက် တိုက်ရိုက်ဝယ်ယူအသုံးပြုနိုင်ရေး တို့အတွက် သက်ဆိုင်ရာဌာနအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီအတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့်မိုးစပါးမိုးသီးနှံအတွက် ဓာတ်မြေဩာဖြန့်ဖြူးမှုနှိုင်းယှဉ်ချက်များကို လည်းကောင်း၊ မြန်မာနိုင်ငံမြေဩာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ဓာတ်မြေဩာဝယ်ယူတင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသည့်အခြေအနေနှင့် ဆက်လက်တင်သွင်းမည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့ပြင် ဦးဆောင်ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဦးစီးဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာစိုးမြင့်အေးကို မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် အဖြစ်တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာနုနုလွင်ကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဖွင့်လှစ်



ရန်ကုန် နိုဝင်ဘာ ၂

အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက "နိုင်ငံတည်ထောင်မှုပြည်သူနဲ့ဝန်ထမ်းလက်တွဲပြု" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိရှိသေပြီး ပြည်သူလူထုကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သော အရာထမ်းများဖြစ်စေရန်ကြိုးစားလေ့လာသင်ယူသွားကြရန် ပြောကြားသည်။

အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၆)သို့ သင်တန်းသား ၇၃ ဦး၊ သင်တန်းသူ ၇၇ ဦး၊ စုစုပေါင်း ၁၅၀ ဖြင့် ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၂ ရက်မှ ၂၀၂၇ ခုနှစ် မတ်လ ၁၉ ရက်အထိ ရက်သတ္တ ၂၀ ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။ မြဝတီ

(၇၈)ကြိမ်မြောက် ချင်းရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပ



ဖလမ်း နိုဝင်ဘာ ၂

ဖလမ်းမြို့တွင် (၇၈)ကြိမ်မြောက် ချင်းရိုးရာနှစ်သစ်ကူးပွဲတော်ကို နိုဝင်ဘာလ ၂ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အားကစားပြိုင်ပွဲများ၊ ရိုးရာဝတ်စားဆင်ယင်မှု၊ ယဉ်ကျေးမှုအကပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း၊ ဆုပေးပွဲအခမ်းအနားနှင့်ပွဲတော်ကို နိုဝင်ဘာလ ၁၄ ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ချင်းရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ဖလမ်းမြို့ ဟရန်ထီးယိုးဘောလုံးကွင်း၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်၊ ချင်းပြည်နယ်လွှတ်တော်၊ စွမ်းအင်၊ စက်မှု နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးနေလင်းအောင်၊ ချင်းပြည်နယ်အတွင်းပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များ တက်ရောက်ကြသည်။

အခမ်းအနားကို ဆုတောင်းမေတ္တာပို့သ၍စတင်ပြီး ဒေသခံအဆိုရှင်များက တေးသီချင်းများ သီဆိုဖျော်ဖြေကာ အားကစားသမားများက အားကစားအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ယခုကဲ့သို့ရိုးရာပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခြင်းသည် ဒေသတွင်းအေးချမ်းတည်ငြိမ်ခြင်း၏ အသီးအပွင့်ရလဒ်ကောင်းပင်ဖြစ်ကြောင်း၊ ချင်းရိုးရာကောက်သစ်စားပွဲခေါ် ချင်းနှစ်သစ်ကူးပွဲတော်သည် နှစ်သစ်ကို မျှော်လင့်ချက်အသစ်များနှင့်ကြိုဆိုကြသည့် မင်္ဂလာရှိသောပွဲတော်ဖြစ်ပြီး ဒေသ၏ယဉ်ကျေးမှုအမွေအနှစ်များကိုဖော်ထုတ်ပြသသည့်ပွဲတော်ဖြစ်သကဲ့သို့ နှစ်သစ်ကူးပွဲတော်ကြီးကို ကျင်းပနိုင်ခြင်းဖြင့် ဒေသခံပြည်သူများ၏ စည်းလုံးမှု၊ ညီညွတ်မှု၊ တစ်သွေးတစ်သားတည်းရှိမှုများကို ပိုပြင်စွာမြင်တွေ့ရသည့်အတွက် အထူးပင် ဂုဏ်ယူမိပါကြောင်းနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များအနေဖြင့် လည်း ၂၀၂၆ခုနှစ်မေလမှစတင်ပြီး ဖလမ်းမြို့တိုးတက်စည်ကားရေး၊ သန့်ရှင်းသာယာလှပရေးနှင့် ရုံးလုပ်ငန်းများ ပုံမှန်အတိုင်းလည်ပတ်နိုင်ရေးတို့ကို အင်တိုက်အားတိုက်ကြိုးပမ်းမှုများကိုလည်း အသိအမှတ်ပြုမှတ်တမ်းတင်ရမည်ဖြစ်ကြောင်း၊ ဖလမ်းမြို့တွင် ကျင်းပသည့် (၇၈) ကြိမ်မြောက် ချင်းရိုးရာနှစ်သစ်ကူးပွဲတော်မှတစ်ဆင့် ဒေသ၏ ရိုးရာယဉ်ကျေးမှုများ ပိုမိုရှင်သန်တိုးတက်လာပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာလာပါစေကြောင်းနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာပါစေကြောင်း ကြောင်း ပြောကြားသည်။

ယင်းနောက် ချင်းနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ်ဘောလုံးပြိုင်ပွဲအား ချင်းပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်မှ စပေးဘောကန်၍ ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဒေသခံများနှင့်အတူ ဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးကြသည်။

ခရိုင်(ပြန်/ဆက်)

ပဲခူးမြို့ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ (၄၅)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပူဇော်မည်

ပဲခူး နိုဝင်ဘာ ၂

ပဲခူးမြို့ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ (၄၅)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပူဇော်နိုင်ရေးအတွက် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေပိုင်းက စေတီတော်မြတ်ကြီး၏ရင်ပြင်ပေါ်ရှိ ဂေါပကရုံးခန်း၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ဂေါပကအဖွဲ့ဝင်များ၊ ရက်ကန်းပညာရှင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဌာနမှူးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓော စေတီတော်မြတ်ကြီး၏ (၄၅)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပူဇော်ပွဲကို ၁၃၈၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညနေ စေတီတော်ရင်ပြင်တော်ပေါ်တွင် ဘဒ္ဒကမ္ပာရှိ ဘုရား ၅ ဆူအားရည်မှန်း၍ ရက်ကန်းစင်တော် ၅ စင်ဖြင့် ရက်လုပ်ယှဉ်ပြိုင်ပူဇော်မည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့် အရုဏ်မတက်မီ ရက်လုပ်ပြီးစီးခဲ့သော သင်္ကန်းတော်မြတ်ကို စေတီတော်ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော်များတွင် အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များ ကဆက်ကပ်လှူဒါန်းပူဇော်ကြမည်ဖြစ်ကြောင်းသိရသည်။ (၄၁၀)

နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။ (မိုး/၈၆)





နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများ၏ ဂုဏ်ယူဖွယ်ရာအိမ်ပြန်ခရီးအား မိဘဆွေမျိုးများသာမက ဒေသခံပြည်သူလူထုကပါ ဝမ်းမြောက်ဝမ်းသာဂုဏ်ပြုကြိုဆိုစဉ်။



နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆)မှ ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ဌာနဆိုင်ရာတာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။







နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများ၏ ဂုဏ်ယူဖွယ်ရာအိမ်ပြန်ခရီးအား မိဘဆွေမျိုးများသာမက ဒေသခံပြည်သူလူထုကပါ ဝမ်းမြောက်ဝမ်းသာဂုဏ်ပြုကြိုဆိုစဉ်။







နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများ၏ ဂုဏ်ယူဖွယ်ရာအိမ်ပြန်ခရီးအား မိဘဆွေမျိုးများသာမက ဒေသခံပြည်သူလူထုကပါ ဝမ်းမြောက်ဝမ်းသာဂုဏ်ပြုကြိုဆိုစဉ်။

ဘ ရှေ့ဖုံးမှအဆက်

ၸင်းတို့၏ တာဝန်ကျေပွန်မှုအတွက် ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်က ချီးမြှင့်အပ်နှင်းသော ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးတွင် အောက်တိုဘာလ ၃၀ ရက်တွင် ဂုဏ်ပြုအခမ်းအနားများဖြင့်ချီးမြှင့်အပ်နှင်းခဲ့ပြီး မိသားစုဝင်များထံသို့ လည်းကောင်း၊ ၎င်းတို့၏ နေရပ်အသီးသီးသို့လည်းကောင်း ပြန်လည်အပ်နှင်းစေလွှတ်ခဲ့ပြီးဖြစ်သည်။

ထိုသို့ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊ တပ်မတော်အတွက် စစ်သည်တော်ကောင်းတစ်ဦးပီသစွာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများသည် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက်စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်ထားသောနိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်လက်တွဲ၍ ဂုဏ်ယူစွာထမ်းဆောင် ခဲ့ကြသူများအဖြစ် လည်းကောင်း၊ ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း စည်းကမ်းလိုက်နာ၍ ပေးအပ်လာသည့်နိုင်ငံ့တာဝန်များကို နိုင်ငံကြီးသားပီသစွာတာဝန်ကျေပွန်ခဲ့ကြသူများအဖြစ် လည်းကောင်း မှတ်တမ်းဝင်ခဲ့ကြသည်ဖြစ်ရာ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးများသည်လည်း ၎င်းတို့၏ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့မှုကြောင့် ဂုဏ်ယူရမှုမိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရမှုကြောင့် ဝမ်းသာပျော်ရွှင်ရမှုတို့ဖြင့် လှုပပြည့်နှဲလျက်ရှိပြီး ၎င်းတို့၏မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာကြည်နူးမှုများနှင့်အတူ သက်ဆိုင်ရာမြို့နယ်၊ရပ်ကွက်၊ကျေးရွာ အသီးသီး၌ဂုဏ်ပြုကြိုဆိုခြင်းများကို ဆောင်ရွက်ပေးကြသည်။

တာဝန်ကျေပွန်စွာထမ်းဆောင်ပြီး မိမိတို့၏ မွေးရပ်မြေနေရပ် အသီးသီးသို့ ပြန်လည်ရောက်ရှိလာကြသော ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများအား ဒေသခံပြည်သူများနှင့် မိဘဆွေမျိုးမိသားစုဝင်များက အောင်မြင်ခြင်း၏ သင်္ကေတဖြစ်သော အောင်သပြေခက်များဖြင့် အမွှေးနံ့သာများ ဖျန်းပက်ခြင်း၊ ဂုဏ်ပြုပန်းကုံးများဖြင့် ကြိုဆိုခြင်း၊ ဂုဏ်ပြုချီးမြှင့်ငွေများ လက်ဝယ်အရောက် ချီးမြှင့်ပေးအပ်ခြင်းတို့ဖြင့် အထူးလေးစားစွာ ဂုဏ်ပြုခဲ့ကြသည်။ ထို့ပြင် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာတစ်ရပ်ဖြစ်သော အိုးစည်၊ ဒိုးပတ်တီးမှုတ်ကခုန်သံများဖြင့် မြို့ရွာအနှံ့ခြွိမ့်ခြိမ့်သဲ သိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည့် ဝီတိုဖြစ်ဖွယ်မြင်ကွင်းများကို မြင်တွေ့ကြရပြီး တပ်မတော်နှင့် ပြည်သူအကြား အပြန်အလှန် ယုံကြည်လေးစားမှု၊ တစ်သားတည်း ဖြစ်တည်နေမှုကို ထင်ရှားစွာ သက်သေပြနေသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုအဖြစ်လည်း တွေ့မြင်ကြရမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်နှင့် တပ်မတော်ကပေးအပ်သည့် တာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့သည့်အတွက် ပြည်သူ့စစ်မှုထမ်းများကိုယ်တိုင်လည်း မိမိတို့၏တာဝန်ကျေပွန်မှုအပေါ် များစွာဂုဏ်ယူဝမ်းမြောက်လျက် ရှိကြသည်။ အလားတူ မိသားစုဝင်များနှင့်ပြန်လည်ဆုံစည်းခွင့်ရရှိသည့် ပျော်ရွှင်မှု၊ ပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများက လေးစားမြတ်နိုးစွာကြိုဆိုခဲ့ကြသည့် ကြည်နူးဖွယ်ရာမြင်ကွင်းပုံရိပ်များသည် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင်လည်း ပျံ့နှံ့ရောက်ရှိခဲ့ပြီး တစ်နိုင်ငံလုံးရှိ ပြည်သူများပါ ကြည်နူးမဆုံးဂုဏ်ယူဝမ်းမြောက်လျက် ရှိကြသည်ကို ယခုကဲ့သို့တွေ့ရှိရသည်။

အဆိုပါ စစ်မှုထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလ တစ်လျှောက်လုံးတွင် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို ရဲရင့်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်ကြသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာချိန်တွင်လည်း ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် တားဆီးကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ၌ ကိုယ်ကျိုးမဖက်ဘဲစွန့်လွှတ်အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်းတပ်မတော်သားများနှင့်ရဲဘော်ရဲဘက် စိတ်ဓာတ်အပြည့်ဖြင့် လက်တွဲကာ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့မဟုတ်) အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သောအကျိုးခံစားခွင့်များကို ရရှိစေမည်ဖြစ်သည်။

“နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်”ဟူသည့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည် ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာပါဝင်စာရင်းပေးပြီး တာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းရတနာများအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့်အချိန်တွင် အသက်ကိုပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့်တပ်မတော်က ထာဝစဉ် တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ၊ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများ၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပြီး ရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ်၃၁၅ပေမှသိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့နိုဝင်ဘာလ ၂ ရက်နေ့ ညနေ ပိုင်းတွင် တမံရှိရေ ၂၉၅ ဒသမ ၅၀ ပေသာကျန်ရှိတော့သဖြင့် ၁၉ ဒသမ ၅၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် အဆိုပါတမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများရှိ ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဇမ္ဗူသီရိမြို့နယ်၊ Wisdom Hill ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၂

ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင်လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှုအခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကိုဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာ သိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝလျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်ရှိ Wisdom Hill ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော် လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း)ပြခန်းဆောင်တွင်ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများ၊ ဗဟို့လွတ်လပ်ရေး တပ်မတော်ကို စတင်ဖွဲ့စည်းခဲ့သည့် ရဲဘော်သုံးကျိပ်ဝင်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းကြောင်း၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"သူရဲကောင်းတွေရဲ့ အကြောင်းကိုလည်း သိရှိရတယ်။ အမျိုးသားလှုပ်ရှားမှုအကြောင်းတွေကိုလည်း သိရှိရတယ်။ အမျိုးသားရေးလှုပ်ရှားမှုတွေ၊ ကမကထ ပြခန်းပဲဖြစ်ပါတယ် ရှင့်။ ဒီလိုမျိုး မြန်မာနိုင်ငံရဲ့အနာဂတ် ကျောင်းသားတွေကို သိရှိသင့်တဲ့ ဗဟုသုတတွေအများကြီးကို စာတွေ့ထက်လက်တွေ့ သိရှိအောင် လာရောက်လေ့လာခွင့်ရတဲ့အတွက် တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်"ဟု ပြောကြားခဲ့ကြောင်းသိရသည်။ (၁၀၀)





ပျော်ဘွယ်မြို့နယ် မင်းလှသာစည်ကျေးရွာ၌ အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ပျော်ဘွယ် နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီးပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းတွင် မင်းလှသာစည်ကျေးရွာမန္တာရုံ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက အယ်လ်နီညိုကြောင့် ရေရှည်ပါးမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေစုကန်များနှင့် ရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းသုံးစွဲရန်၊ သောက်သုံးရေ ပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက ဌာနမှဆောင်ရွက်ပေးမည့်အခြေအနေများ၊ အယ်လ်နီညိုသက်ရောက်မှုကြောင့် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရန် အချက်များနှင့် ဆောင်ရန်/ရှောင်ရန် အချက်များကို ဆွေးနွေးပြောကြားပြီး အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များကို လူထုသို့ ဖြန့်ဝေပေးသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က အယ်လ်နီညိုကျရောက်လာပါက သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေလှောင်ကန်များအတွင်း ရေစုဆောင်းထားရှိမှုအခြေအနေများ၊ ဌာနမှဆောင်ရွက်ခဲ့သော ရေအရင်းအမြစ်များ လည်ပတ်သုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ကြည့်လင်း

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄˚c	/	၃၅˚c
ရန်ကုန်	၂၆˚c	/	၃၇˚c
မန္တလေး	၂၅˚c	/	၃၆˚c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ | အဝိုးတန်ရေချိုကို ချွေတာကြပါစို့

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်း
ဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား
နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက
တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန်ဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၄၈ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။











အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်နေသည့် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၇၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ ၄၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက်အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ မရမ်းကုန်းမြို့နယ်ရှိဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး



ရန်ကုန် နိုဝင်ဘာ ၂

မရမ်းကုန်းမြို့နယ်ရှိ ၃၃/၁၁-၆.၆ ကေဗွီ မရမ်းကုန်းဓာတ်အားခွဲရုံနှင့် ၆၆/၃၃/၁၁-၆.၆ ကေဗွီ စိန်ပန်းမြိုင်ဓာတ်အားခွဲရုံတို့၏ ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် မီးဘေးအန္တရာယ်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြတ်တောက်မှုမရှိစေရေးတို့အတွက် ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းကြိုးများကို သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ စစ်ဆေးပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်၊ ဓာတ်အားပျောက်ဆုံးမှုတွက်ချက်ရာတွင် မှန်ကန်မှုရှိစေရေးနှင့် တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများကို စိစစ်ဖော်ထုတ်နိုင်ရေးအတွက် ဖီဒါအလိုက်၊ ထရန်စဖော်မာအလိုက် မီတာများပြည့်စုံစွာတပ်ဆင်ရန်နှင့် မီးသုံးသူစာရင်းများကို စနစ်တကျပြုစုထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

မအူပင်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

မအူပင် နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးထူးကျော်က ဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိုးမိုးထွန်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးကျော်အောင်က အယ်လ်နီညိုရာသီဥတုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးဌေးက မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်ခြင်းများကို ရှင်းလင်းပြသပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ အကျဉ်းဦးစီးဌာနဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဝင်များ၏လက်တွေ့မီးငြိမ်းသတ်မှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါအသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းသရုပ်ပြပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိဦးစီးဌာနများမှဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုစာရေးဝန်ထမ်းများနှင့် အသင်းအဖွဲ့များ စုစုပေါင်းအင်အား ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

စန်းစန်း

(၂-၁၁-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၃.၉ ~ ၃၆၇၀	၅၅၇.၅ ~ ၅၅၈.၇	၁၂၅.၄ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၂,၉၃၆,၈၃၁.၈၁	၆,၂၈၉,၇၇၂.၉၇	၇၇,၅၀၄,၅၃၆.၀၇	

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

မြစ်ကြီးနား

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကျင်းပပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်ရုံးများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် တပ်မတော်ဆေးရုံ (ခုတင်-၃၀၀)၌ ကျင်းပသည်။

ဦးစွာ ကျင်းပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်အဖွဲ့သည် ပြည်နယ်အုပ်ချုပ်ရေးမှူးဦးစီးသောအရာထမ်း၊ အမှုထမ်းများ၊ ဆေးတပ်မှူးနှင့် ဆေးရုံဝန်ထမ်းများ၏ အကူအညီဖြင့်စုပေါင်းသွေးလှူဒါန်းနေမှုကိုလှည့်လည်ကြည့်ရှုပြီး သွေးလှူဒါန်းပေးသူများအား အာဟာရဖြစ် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို လည်းကောင်း၊ ဆေးရုံအတွက် ဆေးပဒေသာပင်အဖြစ် အလှူငွေကျပ်သိန်း ၅၀ နှင့် ဆေးရုံလူနာများအတွက်အာဟာရကျွေးမွေးစရိတ်အဖြစ် ငွေကျပ် ၂၄ သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ဘားအံ

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့အထိမ်းအမှတ် ကရင်ပြည်နယ် ခရိုင်၊ မြို့နယ်၊ မြို့ရုံးများမှ ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံ) သုံးထပ်တိုးခွဲ လူနာဆောင်၌ စုပေါင်းသွေးလှူဒါန်းကြသည်။

သွေးလှူဒါန်းပွဲတွင် ပြည်နယ်ပြည် သူ့ဆေးရုံကြီး (ဘားအံ)မှ ကျန်းမာရေးဝန်ထမ်းများက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများကို ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးအမျိုးအစားခွဲခြားခြင်းနှင့် သွေးလှူဒါန်းနိုင်ရန် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးဆောင်ရွက်ပေးမှုများကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး သွေးအလှူရှင်များကို



အာဟာရဖြည့်စွက်အစားအစာများ ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

စစ်တွေ

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ရခိုင်ပြည်နယ်၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများစုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခုတင်(၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ကျင်းပသည်။

သွေးလှူဒါန်းပွဲတွင်ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့်တာဝန်ရှိသူတို့က သွေးလှူဒါန်းကြမည့်ဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကားပြောကြားကြပြီး သွေးလှူဒါန်းကြသည့်



ဝန်ထမ်းများကို အာဟာရဖြည့်စွက်စာများနှင့် ဆေးဝါးများပေးအပ်ကြသည်။

ဆက်လက်၍သွေးလှူဒါန်းရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ပြီး ဆေးရုံကြီးအတွက်လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ အဆိုပါစုပေါင်းသွေးလှူဒါန်းပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများမှ ဝန်ထမ်းစုစုပေါင်း ၂၆ဦးတို့က စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

ပဲခူး

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည်ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက်နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲသို့ သွားရောက် ကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းများ၏စုပေါင်းသွေးလှူဒါန်း



(၃၈)နှစ်မြောက်နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏စုပေါင်းသွေးလှူဒါန်း နေမှုအား လိုက်လံကြည့်ရှုအားပေးခဲ့ပြီးကြက်ဥုအချိုရည်အားဆေးနှင့် အာဟာရမုန့်များ ဂုဏ်ပြုပေးအပ်ခဲ့သည်။

ဥဿာတိုင်းသား

e-Government နှင့် Digital နည်းပညာအသုံးချမှု စွမ်းရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၄)သင်တန်းဖွင့်



မုံရွာ နိုဝင်ဘာ ၂

e-Government နှင့် Digital နည်းပညာအသုံးချမှုစွမ်းရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ်(၄)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ်(မုံရွာ)ရှိ ခန်းမ၌ကျင်းပသည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် နည်းပညာကို အသုံးပြုနိုင်ရုံသာမက နည်းပညာ၏အကျိုးကျေးဇူးများအား လုပ်ငန်းခွင်နှင့် ပြည်သူ့ဝန်ဆောင်မှုများတွင် အမှန်တကယ်ဖော်ဆောင်နိုင်သည့်အရည်အသွေးပြည့်ဝသော လူ့စွမ်းအား အရင်းအမြစ်များပေါ်ထွန်းလာစေရန် ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှရရှိလာသည့် အသိပညာနှင့် ကျွမ်းကျင်မှုများအား မိမိတာစီဦးတည်းအတွက်သာမဟုတ်ဘဲ မိမိတို့သက်ဆိုင်ရာဌာနများရှိ လုပ်ဖော်ကိုင်ဖက်များထံ ပြန်လည်မျှဝေပေးခြင်း၊ လက်တွေ့လုပ်ငန်းများတွင် အသုံးချခြင်းနှင့်ဌာန၏ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းတို့ကိုလည်း အလေးထားဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးကိုလေးကပြောကြားသည်။

ယင်းနောက် ကွန်ပျူတာတက္ကသိုလ် (မုံရွာ) ပါမောက္ခချုပ်က e-Government နှင့် Digital နည်းပညာအသုံးချမှုစွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပါမောက္ခချုပ်ထံ သင်တန်းအတွက် ငွေကျပ်သိန်း ၇၀ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းကို နိုဝင်ဘာလ ၂ ရက်မှ ၂၀ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၄၁ ဦး တက်ရောက်သွားမည်ဖြစ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်ကြားပို့ချပေးနေမှုများအားကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၁၁-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လျှိုင်ကော်	ဟားခါး
92 Ron	၄၅၄၀	၄၆၉၅	၄၆၄၅	၄၇၅၅	၄၇၀၀	၄၇၁၅	၄၇၄၅	၄၆၂၅	၄၉၉၅	၅၀၂၅	၄၆၄၅	၄၉၀၅	၄၇၃၅	၄၆၉၅	၄၇၀၅	၄၉၃၅
95 Ron	၄၇၉၀	၄၇၄၅	၄၆၉၅	၄၆၀၅	၄၇၅၀	၄၇၆၅	၄၉၀၀	၄၆၇၅	၅၀၄၅	၅၀၇၅	၄၆၉၅	၄၉၄၅	၄၇၉၀	၄၇၄၅	၄၇၅၅	၄၉၈၅
HSD (500 ppm)	၄၅၁၅	၄၆၆၅	၄၆၂၀	၄၅၃၀	၄၆၇၀	၄၆၈၀	၄၇၁၅	၄၆၀၀	-	၄၉၈၀	၄၆၂၀	၅၂၈၅	၄၇၀၅	၄၆၆၅	၄၆၇၅	၄၈၉၅
HSD (50 ppm)	၅၄၈၀	၅၆၃၅	၅၅၉၀	၅၆၉၅	၅၆၄၀	၅၆၅၅	၅၆၉၀	၅၅၆၅	၅၉၃၅	၅၉၆၅	၅၅၉၀	၅၅၈၀	၅၆၀၅	၅၆၃၅	၅၆၄၅	၅၈၀၅
HSD (10 ppm)	၅၄၈၀	၅၆၃၅	၅၅၉၀	၅၆၉၅	၅၆၄၀	၅၆၅၅	၅၆၉၀	၅၅၆၅		၅၉၆၅	၅၅၉၀	၅၅၈၀	၅၆၀၅	၅၆၃၅	၅၆၄၅	၅၈၀၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၅	၄၄၃၅
95 Ron	၄၃၆၅	၄၄၈၆
HSD (500 ppm)	၄၃၀၈	၄၄၂၄
HSD (50 ppm)	၅၂၂၈	၅၃၆၂
HSD (10 ppm)	၅၂၂၈	၅၃၆၂

နံနက်စာကို အသားရောအသီးအနှံပါ စုံလင်စွာစားသောက်သင့်သည်။

■ ကျော်ဖုံးမှအဆက်

အားကစားသမားအတွဲများကို ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး အုပ်စုပွဲစဉ်တစ်ဆင့်ပြီးတစ်ဆင့်တွင် ရုရှားနိုင်ငံနှင့်မော်လ်ဒိုဗာနိုင်ငံတို့မှ အားကစားသမားအတွဲများကိုလည်း ထပ်မံအနိုင်ရရှိကာ ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

မြန်မာ့လက်ရွေးစင် Teqball အားကစားသမားများဖြစ်ကြသည့် ဆုမွန်အောင်နှင့် နိုင်နိုင်ဝင်းတို့အတွဲသည် အုပ်စုပွဲစဉ် နောက်ဆုံးအဆင့်တွင် ဟန်ဂေရီအသင်းနှင့် ပေါ်တူဂီအသင်းတို့မှ အားကစားသမားအတွဲများကို ထပ်မံအနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ် (အကြိုဗိုလ်လုပွဲ) အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်(အကြိုဗိုလ်လုပွဲ) ပွဲစဉ်တွင် Teqball ကမ္ဘာ့အဆင့် သတ်မှတ်ချက် နံပါတ်(၁)ရှိသည့် ထိုင်းနိုင်ငံ၏ Women's Doubles အသင်းနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာအသင်းမှ ဆုမွန်အောင်နှင့် နိုင်နိုင်ဝင်းတို့အတွဲ အနေဖြင့် တတိယဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာ Teqball အဖွဲ့ချုပ် အနေဖြင့် ယခုအောင်မြင်မှုသည် ကမ္ဘာ့အဆင့်ထိပ်တန်းနိုင်ငံများမှ Teqball အားကစားသမားများနှင့် ယှဉ်ပြိုင်နိုင်ခဲ့သည့်အပြင် မြန်မာ့လက်ရွေးစင် အမျိုးသမီး Teqball ကစားသမားများ၏ စွမ်းဆောင်ရည်နှင့်နိုင်ငံတကာအဆင့် ယှဉ်ပြိုင်နိုင်စွမ်းများကို ဖော်ထုတ်ပြသနိုင်ခဲ့သည့် ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

မြဝတီ

▼ အလေးမပြိုင်ပွဲဖွင့်ပွဲမှ

တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ် အားကစားရုံ၌ကျင်းပသည်။

ဦးစွာပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်းနေရာယူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ရောက်ရှိလာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ အလေးမအားကစားသမား လူငယ်မောင်မယ်များ အနေဖြင့် အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အားကစားသမားကောင်းများပီသစွာ မိမိတို့တစ်ဦးချင်းစီ၏ အစွမ်းအစ၊ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး မိမိတို့ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဂုဏ်ကိုမြှင့်တင်ပေးပြီး ပြိုင်ပွဲတွင် စံချိန်ကောင်းများရရှိစေရေးအတွက် စိတ်ဓာတ်ကြံ့ခိုင်စွာ ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် စံချိန်သစ်များတင်နိုင်မည့် လူငယ်များအဖြစ် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် လက် ရွေးစင် အားကစားသမားကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားကာ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုကြပြီး အမျိုးသား၊ အမျိုးသမီး ကီလိုတန်းအလိုက် အလေးမပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အမျိုးသမီး ၆၉ ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ရွှေရည်ဖူးက အမြန်မစံချိန် ၆၁ ကီလို၊ နှစ်ဆင့်မစံချိန် ၇၇ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၃၈ ကီလိုဖြင့် ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဝင်းပပက အမြန်မစံချိန် ၆၀ ကီလို၊ နှစ်ဆင့်မစံချိန် ၇၃ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၃၃ ကီလိုဖြင့် ဒုတိယနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သီရိဝင်းက အမြန်မစံချိန် ၅၅ ကီလို၊ နှစ်ဆင့်မစံချိန် ၇၃ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၂၈ ကီလိုဖြင့် တတိယ ရရှိခဲ့ကြသည်။

အမျိုးသား ၇၀ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝေလွင်ဖြိုးက အမြန်မစံချိန် ၁၁၃ ကီလို၊ နှစ်ဆင့်မစံချိန် ၁၃၆ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၄၉ ကီလိုဖြင့် ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ကျော်ဇောဟိန်းက အမြန်မစံချိန် ၉၅ ကီလို၊ နှစ်ဆင့်မစံချိန် ၁၁၆ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၁၁ ကီလိုဖြင့် ဒုတိယနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ခေါက်ဆိုင်က အမြန်မ စံချိန် ၈၆ ကီလို၊ နှစ်ဆင့်မစံချိန် ၁၂၁ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၀၇ ကီလိုဖြင့် တတိယရရှိခဲ့ကြသည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၂ သင်း၊ အမျိုးသမီးအသင်းရှစ်သင်း၊ စုစုပေါင်းအင်အား ၁၃၀ဦးဝင်ရောက် ယှဉ်ပြိုင်လျက်ရှိပြီး နိဝင်ဘာလ ၃ ရက် နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး) ကီလိုတန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစား၀ါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

➢ ဘိလိယက်နှင့်စနူကာမှ

တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီးသဃ်ိန်းကျွန်း မြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး စနူကာ 6-Red, စနူကာ 15-Red, 9 Ball Pool နှင့် ဘိလိယက်ပြိုင်ပွဲများကို အသီးသီးယှဉ်ပြိုင်ခဲ့ပြီး အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် စနူကာ 15-Red ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ နိုင်ဝင်းက မန္တလေးတိုင်းဒေသကြီးအသင်းမှ ကျော်ဝင်းလှိုင်ကို ရလဒ် ၃ ပွဲ ၂ ပွဲ ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ သန်းဇော်ထွန်းက ကရင်ပြည်နယ်အသင်းမှ ကျော်မင်းထွန်းကို ရလဒ် ၃ ပွဲ ၁ ပွဲ ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ကမ္ဘာလင်းက ကချင်ပြည်နယ်အသင်းမှ ကိုကိုအောင်ကို ရလဒ် ၃ ပွဲ ပွဲမရှိဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ညီညီမောင်က ချင်းပြည်နယ်အသင်းမှအာကာလင်းကို ရလဒ် ၃ ပွဲ ၂ ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ မာန်ဟိန်းကျော်က မွန်ပြည်နယ်အသင်းမှ သက်မောင်မောင်ကို ရလဒ် ၃ ပွဲ ပွဲမရှိဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ငြိမ်းပြည့်ဖြိုးက ကရင်ပြည်နယ်အသင်းမှ စိုးသန့်ဇင်ကို ရလဒ် ၃ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ စနူကာ 6-Red ပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းမှ သျှံထွန်းအောင်က ကချင်ပြည်နယ်အသင်းမှ ကျော်ကျော်ကို ရလဒ် ၄ ပွဲ ၃ ပွဲဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျော်စွာလင်းက ပဲခူးတိုင်းဒေသကြီးအသင်းမှ ပြည့်ဖြိုးသိန်းကို ရလဒ် ၄ ပွဲ ၂ ပွဲဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှရဲထွဋ်နိုင်က မကွေးတိုင်းဒေသကြီးအသင်းမှ စိုင်းကိုကို ကို ရလဒ် ၄ ပွဲ ပွဲမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ မင်းစည်သူထွန်းက ကရင်ပြည်နယ်အသင်းမှ သော်တာမင်းကို ရလဒ် ၄ ပွဲ ၃ ပွဲ ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သူရဇော်က စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ကျော်စွာဝင်းကို ရလဒ် ၄ ပွဲ ၁ ပွဲ ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှဖီးအီက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ချစ်မိုးကို ရလဒ် ၄ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ 9 Ball Pool ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းမှအောင်မြင့်က ချင်းပြည်နယ်အသင်းမှလွင်မိုးဦးကို ရလဒ်၇ ပွဲ ၂ ပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှစိုင်းကွမ်းမိုင်းက မွန်ပြည်နယ်အသင်းမှနေမင်းထွန်းကို ရလဒ် ၇ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ဖြိုးက ရှမ်းပြည်နယ်အသင်းမှ စိုင်စုံစိုင်းကို ရလဒ် ၇ ပွဲ ၄ ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ခန့်မင်းထွန်းက ပဲခူးတိုင်းဒေသကြီးအသင်းမှသန်းထွန်းလွင်ကို ရလဒ် ၇ ပွဲ ၅ ပွဲဖြင့်လည်းကောင်း၊ ဘိလိယက်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျော်စွာဝင်းက မွန်ပြည်နယ်အသင်းမှ နေလင်းဦးကို ရလဒ် ၃ ပွဲ ပွဲမရှိဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ ဇော်လင်းနက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းမှ ဇင်မင်းကို ရလဒ် ၃ ပွဲ ၂ ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ သီဟစိုးက ရန်ကုန်တိုင်းဒေသကြီးအသင်းမှ တေဇာအောင်ကို ရလဒ် ၃ ပွဲ ပွဲမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝင်းကိုကိုက ချင်းပြည်နယ်အသင်းမှ ခင်မောင်တင့်ကို ရလဒ် ၃ ပွဲ ပွဲမရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်အဖြစ် စနူကာ 6-Red ပြိုင်ပွဲတွင်ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စန်းစန်းမော်က ရှမ်းပြည်နယ်အသင်းမှ မြသက်မျိုးကို ရလဒ် ၃ ပွဲ ၂ ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စန်းစန်းမော်က ရှမ်းပြည်နယ်အသင်းမှ ခိုင်ခိုင်ဝင်းကို ရလဒ် ၃ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ဝေလွင်ဖြိုးက ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဝေဟင်ကို ရလဒ် ၃ ပွဲ ၂ ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဝေဟင်က ရှမ်းပြည်နယ်အသင်းမှ ဝေယံဦးကို ရလဒ် ၃ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ဝေလွင်ဖြိုးက ကချင်ပြည်နယ်အ

MYAWADY IN ENGLISH DAILY EDITION

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) goes on

NAY PYI TAW November 2

In collaboration with neighbouring and regional countries, the government has taken measures to totally eradicate online scams and gambling, which have posed a threat to the global socio-economic arena and national security, and has systematically carried out the complete demolition of illegal buildings in Shwe Kokko, where the majority of online scams and gambling were operated, so that they cannot be used again for such crimes.


In doing so, the mechanical demolition of two 6-storey illegal buildings used in online scams and gambling and left to be dismantled in Shwe Kokko (Part-II) completed 70 percent and 40 percent respectively today.

Out of 63 buildings to be dismantled in Shwe Kokko (Part-II), detonation of four and mechanical demolition of another four have completed while plans are underway to systematically bring down the remaining 55 buildings.

The government has effectively cracked down on online scams and gambling as a national responsibility. **100**



Systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).

Large volume of dried spiny eels sent to Yangon market

MYAUNGMYA November 2

"Local merchants from Myaungmya Township of Ayeyawady Region shipped a large volume of dried spiny eels to Yangon market," said Daw Kyu Khaing, the owner of fish-paste and dried fish trading in Myaungmya Township.

Fish-drying and trading businesses in Myaungmya Township are purchasing locally produced fresh spiny eels and systematically drying them for export and sale. A total of 52,000 viss of dried spiny eels could be exported and sold.

"Last month, sales of dried spiny eels to the Yangon market were strong. We were able to export and sell a large volume of dried spiny eels within a single month because demand from the Yangon market has increased. The dried spiny eel business creates employment opportunities for local people. As orders for dried fish have increased, everyone involved in the dried spiny eel business and related activities has benefited," said Daw Kyu Khaing.

Locally produced dried spiny eels exported and sold from Myaungmya Township to the Yangon market are currently priced at Ks-45,000 to Ks-58,000 per viss.

The increased volume of dried fish being exported and sold from the area has benefited dried-fish business owners, fishermen and dried-fish workers.

SK

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Farmers grow more than 3,000 acres of sunflower in Pale Township



PALE November 2

Local farmers have placed 3,225 acres of croplands under sunflower as monsoon crops in Pale Township of Sagaing Region, according to the township Agriculture Department.

During the 2026-2027 monsoon crop planting season, local authorities in Pale Township targeted the cultivation of 3,220 acres of sunflower. Planting began in May of this year, and local farmers planted 3,225 acres exceeding the target cultivation.

"During this year's monsoon crop planting season in Pale Township, 3,220 acres of sunflower were targeted, and 3,225 acres have now been planted. To reduce palm oil imports from abroad, we will work to expand the cultivation of sunflower as an oilseed crop. In terms of oil yield per acre, sunflower produces more than other crops like groundnut and sesame," said Daw Khin Lay Nwe, Head of the Pale Township Department of Agriculture.

To expand sunflower cultivation in Pale Township, the relevant Township Department of Agriculture is intensifying educational training programs and actively conducting capacity-building sessions for both staff and sunflower farmers.

This year, plans are in place to supply seeds to sunflower farmers in Pale Township, provide urea fertilizer at affordable prices, and distribute the harvested sunflower seeds through farmer-to-farmer exchange systems. **SK**

Ayadaw Township finishes cultivation of more than 7,000 acres of green gram

AYADAW November 2

According to the data compiled by Ayadaw Township Agriculture Department in Sagaing Region, local farmer have planted more than 7,000 acres of green gram as monsoon crops in Ayadaw Township this year.

During the 2026-2027 monsoon crop planting season, Ayadaw Township targeted the cultivation of 12,380 acres of green gram. Planting began in May of this year, and local farmers planted 7,824 acres of crops.

"During this year's monsoon crop planting season in Ayadaw Township, we targeted over 12,000 acres of green gram, and over 7,000 acres have already been planted. We are currently working to meet the full acreage target. Regarding green gram cultivation, we are conducting educational outreach to expand acreage and encouraging the use of high-quality, pure seeds to improve yields," said U Kyaw Soe, Head of the Ayadaw Township Department of Agriculture.

This year, the Township Department of Agriculture is conducting educational programs for local green gram farmers on obtaining high-quality, certified seeds suited to the local climate, applying proper planting techniques, preventing pest infestations, utilizing chemical fertilizers systematically, and boosting crop yields. **SMK**

Tangerine trading booms in the domestic market in Hinthada Township

HINTHADA November 2

Daw Win Htay, the owner of fruit trading depot in Hinthada Township of Ayeyawady Region, said that tangerine is in high demand at the domestic market in Hinthada Township.

In the Hinthada Township mixed-fruit market, tangerines have enjoyed strong demand and brisk trade since the third week of August this year. The tangerines are currently fetching between Ks-19,500 and Ks-27,500 per viss, depending on quality.

"Tangerines entering the Hinthada Township market are selling well. The good sales are due to strong demand for the fruit. Higher-quality tangerines command higher prices. The tangerines currently being traded are systematically cultivated and produced domestically. At present, tangerines are fetching better prices in the market than other fruits," said Daw Win Htay.



Organically cultivated tangerines are the main varieties being traded in Hinthada Township. As demand for and trade in the tangerines have improved, growers, transporters, truck drivers and loading and unloading workers are also benefiting from increased business activity. **SK**

Mingin Township to cultivate more than 7,000 acres of maize and sweet corns

MINGIN November 2

According to the statistics from Mingin Township Department of Agriculture, local authorities earmarked cultivation of more than 7,000 acres of maize and sweet corns in Mingin Township of Sagaing Region this year.

In the 2026-2027 winter crop planting season, Mingin Township has targeted a total of 7,400 acres for corn cultivation—comprising 1,145 acres of maize and 6,255 acres of sweet corn. Planting is scheduled to take place from October to December this year.

"For the upcoming winter cropping season, we have planned over 7,000 acres of maize and sweet corn in Mingin Township. To ensure successful crop production, we will carry out educational activities and provide awareness on pest and disease prevention," said U Shan Oak Keim, Officer of the Mingin Township Department of Agriculture.

This year, the Mingin Township Department of Agriculture will provide agricultural education to local maize and sweet corn farmers by organizing training sessions, conducting field demonstrations, and raising awareness about Fall Armyworm prevention and Integrated Pest Management (IPM).

In Mingin Township, maize yields over 50 baskets per acre with cultivation costs of around Ks-500,000 per acre, while sweet corn yields roughly 15,000 cobs per acre with production costs exceeding Ks-500,000 per acre. **SK**

Plan underway to grow more than 4,000 acres of onion in Sagaing District

SAGAING November 2

Sagaing District Agriculture Department stated that local authorities have earmarked cultivation of more than 4,000 acres of onion in coming cold season.

During the 2026-2027 winter crop planting season in Sagaing District, the targeted onion cultivation by township stands at 1,802 acres in Sagaing Township, 1,112 acres in Myinmu Township, and 1,855 acres in Myaung Township, totalling 4,769 acres.

"During this winter season in Sagaing District, we have targeted over 4,000 acres of onion cultivation. We will work to ensure the targeted acreage is fully planted. Cultivation practices remain standard. We are also establishing market connections to help farmers secure good prices for their onions," said Daw Myat Moe Win, District Head of the Sagaing District Department of Agriculture.

The relevant township departments of agriculture will assist onion farmers by facilitating market connections to ensure favourable prices, providing post-harvest storage techniques for longer shelf life, promoting Good Agricultural Practices (GAP), and supporting the production of high-quality onions.For onion farmers, production costs run around Ks-1.8 million per acre, with an average yield of 5,000 viss per acre. **SMK**

Iran says Hormuz Strait can be reopened in two days if U.S. meets its demands



TEHRAN November 2

Iran's Foreign Ministry spokesman Esmaeil Baghaei said on Monday if the United States meets Iran's "legitimate" demands, it will be possible to reopen the Strait of Hormuz within two days.

At a weekly press conference in Tehran, Baghaei said the basis for any indirect interaction between Iran and the United States through mediators remains the seven-day plan proposed by Tehran in September, adding Iran has reduced the period for implementing the plan to two days based on its good faith.

He noted, "We have announced that if Iran's demands are met, the possibility will exist to restore security to the Strait of Hormuz and start the negotiation process in a short period of time," stressing that all these depend on the American side's decision on how to proceed regarding the future of the process.

Baghaei said Iran has articulated its demands "clearly, reasonably, and logically," underlining that unless the United States ends its anti-Iran naval blockade and addresses Tehran's "legitimate" demands, no agreement will be reached and the Strait of Hormuz will not be reopened or secured.

Iran conveyed the seven-day plan containing its conditions for ending the war and reopening the Strait of Hormuz to the United States through mediators on the sidelines of the 81st session of the UN General Assembly in New York on September 22, following which Tehran and Washington have reportedly continued exchanging messages on the proposal.

On February 28, Israel and the United States launched joint attacks on Tehran and other Iranian cities. Iran responded with waves of missile and drone attacks targeting Israel and U.S. bases and assets in the region, and tightened its grip on the Strait of Hormuz.

Xinhua

Hungarian fighter jets escort passenger plane after bomb threat forces it to divert to Budapest: official

BUDAPEST November 2

Hungarian Gripen fighter jets were scrambled on Monday to escort a Wizz Air passenger plane to Budapest after a bomb threat forces the plane to divert, Hungarian Defence Minister Romulusz Ruszin-Szendi said.

The aircraft, which was scheduled to fly from London to Sofia, was forced to divert and requested a permission to land at Budapest's Liszt Ferenc International Airport, the minister said in a Facebook post.

The incident triggered a NATO air policing ALPHA alert, prompting the Hungarian Armed Forces to deploy Gripen fighter jets within minutes to ensure the passenger plane's safe landing.

The fighter jets returned to their base in Kecskemet, central Hungary, and the police took over the response on the ground.

Xinhua

India evacuates thousands as second cyclone threatens storm-battered coast

NEW DELHI November 2

The Indian authorities are evacuating thousands of people from the eastern coast on Monday as the second cyclone in less than a week bears down, threatening renewed flooding in a region still recovering from the previous deadly storm.


Cyclone Murasu intensified into a "severe cyclonic storm" over the Bay of Bengal and is expected to make landfall overnight between Nellore and Narsapur in Andhra Pradesh State on November 2-3.

The state authorities started evacuating up to 30,000 people, Disaster Management Authority managing director Prakhar Jain told Reuters.

The storm is expected to bring sustained winds of 100-110 kph, gusting up to 120 kph, the India Meteorological Department said. It also warned of a storm surge of up to 1.5 meters above normal tide levels, raising the risk of coastal flooding.

Murasu is expected to be less powerful than Arnab, arrives as damaged electricity infrastructure is still being repaired and coastal communities are still recovering from the flooding.

Five districts, including Krishna, Guntur, Bapatla, Prakasam, and Nellore, were placed under a red alert for extremely heavy rainfall. Neighboring Tamil Nadu,



Odisha, and Telangana states also faced heavy rain warnings.

The approaching cyclone has already disrupted transportation and daily life. Heavy rainfall waterlogged parts of Chennai city, where schools and colleges were closed on Monday. Nearly a dozen flights were canceled.

RT

Israeli troops withdraw from Hebron after 10-day operation

JERUSALEM November 2

Israeli troops withdrew from the occupied West Bank city of Hebron on Monday, ending a 10-day military operation launched after a Palestinian shooting attack that killed two Israeli soldiers, an Israeli military official said.

The withdrawal came after Defence Minister Israel Katz made the decision Sunday night despite the military's request to end the operation before last week's parliamentary election, Israel's Army Radio reported.

The operation, launched on October 23, involved the evacuation of Palestinian families, house demolitions and widespread closures. Residents began returning to their homes on Monday.

A military spokesperson said in a statement that forces seized four weapons, demolished the homes of the two Palestinian attackers and detained dozens of suspects during the operation.

Xinhua

Russia foils plot to deliver explosives to troops in disguised goggles

MOSCOW November 2

Russia's Federal Security Service (FSB) said Monday it had foiled a series of attacks allegedly planned by Ukrainian special services, which concealed explosives in First-Person View goggles disguised as humanitarian aid for Russian servicemen.

The FSB said a Russian serviceman in the Volgograd region contacted the agency after receiving two pairs of goggles from a volunteer. An examination found improvised explosive devices hidden in place of cooling fans, designed to detonate when the goggles were switched on.

The FSB added that security agencies in several regions had seized similar devices from postal services. A criminal case has been opened.

Xinhua

Can an electrolyte drink really stop you feeling tired all the time? A glass a day tackles exhaustion, cramps and headaches, users say

Fatigued? Lacking in energy? Dehydrated? These are the questions posed by hundreds of TikTok health gurus, who claim to have the answer.

Electrolytes - a mixture of essential minerals including sodium, potassium, calcium and magnesium - are said to instantly resolve disabling exhaustion in a single glass.

When mixed with water, the powder helps to replace any minerals lost during periods of sweating or drinking too little liquid - benefiting muscle, nerve and heart function and, ultimately boosting energy.

However, experts have recently warned that the drinks are not risk free.

Last month, kidney health expert Professor Simon Davies advised the public to exercise 'caution' when it comes to electrolyte drinks due to the high quantity of sodium - the main constituent of salt.

Excess sodium could, over time, raise blood pressure, which can then go on to damage the kidneys.

But how much do you have to drink to be at risk? And will the drinks really resolve your chronic tiredness? Here, top experts reveal all.



What do electrolytes do?

Electrolytes are minerals that carry a tiny electrical charge when dissolved in the blood and other body fluids and are vital for the proper functioning of cells in the muscles, heart and brain.

They can also help the body absorb and retain water.

'There are circumstances in which you may lose electrolytes, having an impact on health and performance,' says Bridget Benelam, a nutritionist and spokesperson for the British Nutrition Foundation.

'These include strenuous exercise in hot conditions where sweat losses are high and during episodes of vomiting and diarrhoea.' In these cases, experts say, an electrolyte drink is a good idea.

Excessive electrolyte loss in sweat can impair sports performance, as well as more critically, lead to problems with blood pressure, breathing and heart rates.

But while they're found in supplements and sports drinks, electrolytes are also in the foods we eat every day, including vegetables, beans, nuts and seeds.

And what of the supposed energy boost?

While there's good evidence that electrolyte drinks can improve sports performance in athletes, there's little data that they boost energy in those who are not dehydrated.

A feeling of revitalisation is likely due to the impact of hydration, as well as substances commonly added to electrolyte drinks like caffeine and sugar, experts say.

Rob Hobson, a nutritionist and author of Unprocess Your Family Life, says: 'While replacing sodium and other minerals lost through sweat, they keep the body in balance and reducing the risk of fatigue - as well as dizziness and cramps.

'You don't, however, need electrolyte drinks every time you exercise.'

Are some drinks better than others?

Some sports drink brands contain high levels of sugar and sodium, with just one bottle sometimes containing enough to undo all the hard work of your 30 minute gym session.

'Both should be limited in the diet and so it's important to check nutrition labels if consuming these products,' Bridget Benelam, a nutritionist and spokesperson for the British Nutrition Foundation, says.

'Athletes usually need to consume more sodium than other people.

But for everyone else, supplements with more moderate levels of sodium — around 200 to 300 mg — should be enough to rehydrate, experts say.

'For medical rehydration and gastrointestinal illnesses, I recommend oral rehydration solution sachets you can get from high street pharmacy,' says dietician Nicola Ludlam-Raine.

'For sports, choose products that clearly state sodium per litre and carb per cent, for example sports drinks or gels that provide carbs plus sodium for long events.'

What about the risks?


Those with underlying kidney problems face the highest risk from electrolyte drinks, experts say.

Kidney Research UK says about seven million people in Britain are living with some level of chronic kidney disease. Five million of those are undiagnosed.

For these people, drinking daily electrolyte drink could push intake higher still.

Prof Davies warns that even for those without kidney damage, consuming this amount of daily excess salt could increase blood pressure to harmful levels.

'The danger is that consuming a lot of extra sodium every day in a drink can increase blood pressure, which can then damage the kidneys. Damaged kidneys are not as efficient at removing excess salt, so blood pressure rises even higher and extra sodium may be particularly problematic because damaged kidneys are less able to remove excess salt and fluid from the body, which can then drive blood pressure higher.



High blood pressure itself can then further damage the delicate blood vessels in the kidneys, creating the vicious circle described by Professor Davies.

Typically, 500ml of an electrolyte drink contains about 320mg of sodium – more than twice as much as a standard bag of ready salted crisps. That is equivalent to about 0.8g of salt.

Britons already consume some 8.4g of salt a day on average – well above the recommended maximum of 6g – meaning a the kidneys are damaged even further – and so on and so on, in a vicious circle.

'What's worse is that people may not realise the damage has been done until the problems are already well advanced.'

Ultimately, there is 'no reason' the average person should be taking electrolyte drinks on a daily basis.

'A lot of people slosh them back as a health enhancer,' says Prof Davies. 'But there's no evidence they have any benefit to health at all.

'The best you can say is that for most people these drinks won't do any harm – as long as they have a good enough kidney function to deal with them.'

Mail Online

(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀ မှ ၄၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယုံကြည်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယုံကြည်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀	ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

ပြင်သစ်နိုင်ငံတွင် ကျောင်းသားဆန္ဒပြပွဲများ ပြန်လည်ဖြစ်ပွား



ပဲရစ်၊ ဆန္ဒပြမှု

ပြင်သစ်နိုင်ငံတွင် နှစ်ပတ်ကြာ ကျောင်းပိတ်ရက်ကုန်ဆုံးပြီးနောက် ကျောင်းသားများ ကျောင်းပြန်တက်ချိန်၌ အထက်တန်းကျောင်းသားများ၏ ဆန္ဒပြပွဲများပြန်လည်ဖြစ်ပွားခဲ့ကြောင်းသိရသည်။ သို့သော် ဆန္ဒပြသူအင်အားသည် ယခင်သီတင်းပတ်များထက်သိသိသာသာ လျော့နည်းသွားကြောင်း သတင်းဌာနများကဖော်ပြထားသည်။

နိုဝင်ဘာလ ၂ ရက်နံနက်စာနာရီခွဲအထိ နိုင်ငံတစ်ဝန်းရှိ အထက်တန်းကျောင်း ၄၁ ကျောင်းတွင် ဆန္ဒပြပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး ယင်းပမာဏသည် တစ်နိုင်ငံလုံး၌ရှိသော အထက်တန်းကျောင်းစုစုပေါင်း၏ ၁ ရာခိုင်နှုန်းခန့်သာ ရှိကြောင်း ပြင်သစ်ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ပဲရစ်၊ မာဆေးနှင့် ရန်းမြို့တို့တွင် ကျောင်းဝင်ပေါက်များကို ပိတ်ဆို့ရန် ကြိုးပမ်းမှုများလည်းရှိခဲ့သည်။

စက်တင်ဘာလအတွင်း ပဲရစ်မြို့ ဆင်ခြေဖုံးဒေသများမှ စတင်ခဲ့သည့် ဆန္ဒပြလှုပ်ရှားမှုသည် နောက်ပိုင်းတွင် နိုင်ငံတစ်ဝန်းသို့ ပျံ့နှံ့ပြီး ကျောင်းအဆောက်အအုံများ ပြုပြင်ပေးရေး၊ ဆရာအင်အားတိုးမြှင့်ပေးရေး၊ တက္ကသိုလ်ဝင်ခွင့်နေရာများ တိုးချဲ့ရေးနှင့် လူမှုရေးအရ မျှတမှုမရှိဟုယူဆရသည့် တက္ကသိုလ်ဝင်ခွင့်စနစ်ပြောင်းလဲရေးတို့ကို တောင်းဆိုကြသည်။ ထို့ပြင် လူနေမှုစရိတ်မြင့်တက်မှုအပေါ် မကျေနပ်ချက်များလည်း ပါဝင်လာသည်။

အစိုးရက စာသင်ခန်းတစ်ခန်းလျှင် ကျောင်းသား ၂၈ ဦးသာ ထားရှိရေး၊ ကျောင်းများပြုပြင်ရန် ယူရို ၄ ဘီလီယံသုံးစွဲရေးနှင့် အဆင့်မြင့်ပညာရေးအတွက် နေရာ ၁၅၀၀၀ တိုးချဲ့ရေးတို့ကို ကတိပြုထားသော်လည်း ကျောင်းသားကိုယ်စားလှယ်များက အဆိုပါအစီအစဉ်များသည် မလုံလောက်သေးကြောင်း ပြောပြီး ဆန္ဒပြမှုများ ဆက်လက်ပြုလုပ်သွားမည်ဟု ကြေညာထားသည်။

Ref: RTA



အရှေ့အလယ်ပိုင်းဒေသကို အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုနယ်မြေအဖြစ်မပြောင်းလဲသင့်ဟု ရှီကျင့်ဖျင်ဆို

ပေကျင်း၊ နိုင်ငံရေး

အရှေ့အလယ်ပိုင်းနှင့် ပါရှန်ပင်လယ်ကွေ့ဒေသတို့သည် အင်အားကြီးနိုင်ငံများကြား အားပြိုင်မှုနှင့် ပထဝီနိုင်ငံရေးပဋိပက္ခများဖြစ်ပွားရာနယ်မြေမဖြစ်သင့်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က နိုဝင်ဘာ လ ၂ ရက်တွင် ပြောသည်။ တရုတ်နိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ်အဖြစ် ရောက်ရှိနေသည့် အိုမန်ဘုရင် ဆူတန်ဟိုင်သမ်ဘင်တာရစ်နှင့် တွေ့ဆုံစဉ် ရှီကျင့်ဖျင်က ယခုကဲ့သို့ ပြောခြင်းဖြစ်သည်။

ဒေသတွင်း၌ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုရရှိရန် သက်ဆိုင်သူအားလုံး၏ပူးပေါင်းကြိုးပမ်းမှုလိုအပ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် စစ်ပွဲများရပ်တန့်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးကို အစဉ်တစိုက်ထောက်ခံအားပေးခဲ့ပြီး ဒေသတွင်းလုံခြုံရေးဆိုင်ရာ အကျပ်အတည်းများ ဖြေရှင်းနိုင်ရေးတွင် ပါဝင်ကူညီရန် ဆန္ဒရှိကြောင်း ၎င်းကပြောသည်။

ထို့ပြင် အိုမန်အပါအဝင် အာရပ်နိုင်ငံများနှင့် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီအဖွဲ့ဝင်နိုင်ငံများနှင့် ဆက်ဆံရေး၊ ပူးပေါင်းညှိနှိုင်းမှုများတိုးမြှင့်ကာ အရှေ့အလယ်ပိုင်းဒေသတွင် ငြိမ်းချမ်းသာယာမှုအမြန်ဆုံးပြန်လည်ရရှိရေးနှင့် ရေရှည်တည်ငြိမ်မှု ဖော်ဆောင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှီကျင့်ဖျင်ကအလေးပေးပြောထားသည်ဟုသိရသည်။

Ref: Xinhua

တရုတ်(တိုင်ပေ)တွင် စစ်မှုထမ်းကင်းလွတ်ခွင့် စည်းမျဉ်းများပြင်ဆင်ကာ တပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ရန်စီစဉ်

တိုင်ပေ၊ ပြည်တွင်းရေး

တရုတ်(တိုင်ပေ)အစိုးရသည် စစ်မှုထမ်းကင်းလွတ်ခွင့်ဆိုင်ရာ စည်းမျဉ်းများကို တင်းကျပ်ပြင်ဆင်လိုက်ပြီး ယင်းပြောင်းလဲမှုကြောင့် နှစ်စဉ် စစ်မှုထမ်းအင်အား ထောင်နှင့်ချီ တိုးမြှင့်နိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

အဆိုပါ စည်းမျဉ်းအသစ်အရ ကိုယ်ခန္ဓာထုထည်ညွှန်းကိန်း (BMI) ၄၅ ထက်ကျော်သူများနှင့် အရပ်အမြင့် ၁၄၄ စင်တီမီတာအောက်ရှိသူများသာ ကိုယ်ခန္ဓာအခြေအနေအရ စစ်မှုထမ်းကင်းလွတ်ခွင့် ရရှိနိုင်မည်ဖြစ်သည်။ ယခင်က BMI ၃၅ ထက်ကျော်သူများနှင့် အရပ်အမြင့် ၁၉၆ စင်တီမီတာကျော်သူများသာ ကင်းလွတ်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။



ထို့ပြင် သွေးတိုးရောဂါရှိသူများအနေဖြင့် အလယ်အလတ်အဆင့် သို့မဟုတ် ပြင်းထန်အဆင့်ရှိရုံဖြင့် ကင်းလွတ်ခွင့်မရရှိတော့ဘဲ နှလုံး၊ ကျောက်ကပ်သို့မဟုတ်သွေးကြောများတွင် ထိခိုက်ပျက်စီးမှုရှိကြောင်း သတ်မှတ်နိုင်မှသာ ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။ ယင်းအခြေအနေကို ဆေးရုံတက်ရောက်စစ်ဆေးပြီး ၂၄ နာရီ ဆက်တိုက် သွေးပေါင်ချိန်တိုင်းတာမှုဖြင့် အတည်ပြုရမည်ဖြစ်သည်။

တရုတ်(တိုင်ပေ)ပြည်ထဲရေးဌာန၏ခန့်မှန်းချက်အရ စစ်မှုထမ်းကင်းလွတ်ခွင့်ရသူနှုန်းသည် လက်ရှိ ၁၆ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအထိ ကျဆင်းလာနိုင်သည်။ တစ်နှစ်လျှင် စစ်မှုထမ်းအင်အား ၄၅၀၀၀ ခန့်နှင့် အစားထိုးအမှုထမ်းအင်အား ၂၇၀၀၀ ခန့် တိုးလာနိုင်ကြောင်းလည်း ခန့်မှန်းထားသည်။ အစားထိုးအမှုထမ်းစနစ်ကိုလည်း ကိုယ်ခန္ဓာကြံ့ခိုင်မှုအလိုက် အဆင့်နှစ်မျိုးခွဲခြားသတ်မှတ်မည်ဖြစ်သည်။

Ref: SCMP

အငြိမ်းစားယူခြင်းကြောင့် သက်ကြီးရွယ်အိုများ အထီးကျန်မှု ပိုမိုမြင့်တက်လာခြင်းမရှိ

မဲဘုန်း၊ သုတေသန

အလုပ်မှ အငြိမ်းစားယူခြင်းကသက်ကြီးရွယ်အိုများ၏ အထီးကျန်မှုကို ပိုမိုမြင့်တက်လာစေခြင်းမရှိကြောင်း ဩစတြေးလျနိုင်ငံမိုနက်တက္ကသိုလ်မှသုတေသီများ၏ လေ့လာမှုအသစ် တစ်ရပ်တွင် တွေ့ရှိရသည်။

သုတေသီများသည် အသက် ၅၅ နှစ်မှ ၇၅ နှစ်အတွင်းရှိ ဩစတြေးလျနိုင်ငံသား ၇၄၃၄ ဦးကို နှစ်ပေါင်း ၂၀ နီးပါး လေ့လာခဲ့ခြင်းဖြစ်သည်။ လေ့လာမှုအရ အလုပ်မှ အငြိမ်းစားမယူမီ သုံးနှစ်နှင့် အငြိမ်းစားယူပြီးနောက် သုံးနှစ်အတွင်း အဆိုပါပုဂ္ဂိုလ်များ၏ အထီးကျန်မှုအဆင့်မှာ သိသာထင်ရှားမှုရှိစွာပြောင်းလဲမှုမရှိကြောင်းတွေ့ရှိရသည်။ ထိုတွေ့ရှိချက်သည် အငြိမ်းစားယူခြင်းကြောင့် လူမှုဆက်ဆံရေးမှ ကင်းကွာပြီး အထီးကျန်လာသည်ဟူသော ယူဆချက်ကို ပြောင်းလဲစေနိုင်မည်ဖြစ်သည်။



လေ့လာမှု၌ပါဝင်သူများအနက် ၁၇ ဒသမ ၅ ရာခိုင်နှုန်းခန့်သည် အထီးကျန်မှုအဆင့် မြင့်မားလျက်ရှိကြောင်း ဖော်ပြထားသည်။ ထိုသို့ အထီးကျန်မှုအဆင့်မြင့်မားရခြင်းမှာ အသက်အရွယ်ကြီးရင့်လာခြင်းကြောင့်သာဖြစ်ပြီး အငြိမ်းစားယူခြင်းနှင့် သက်ဆိုင်မှုမရှိကြောင်း၊ ထို့ကြောင့် သက်ကြီးရွယ်အိုများ၏ အထီးကျန်မှုကိုလျှော့ချရန် လူမှုဆက်ဆံရေး အဆက်အသွယ်များကို ဘဝတစ်လျှောက် ထိန်းသိမ်းထားနိုင်ရေးလိုအပ်ပြီး အိမ်ထောင်ဖက်ကိုဆုံးရှုံးခြင်းကဲ့သို့သော ဘဝအပြောင်းအလဲများကြုံတွေ့သူများကိုလည်း ပံ့ပိုးကူညီသင့်ကြောင်း သိရသည်။

Ref: Xinhua

ရွေးကောက်ပွဲရှုံးနိမ့်ပါက NATO အဖွဲ့အပေါ် ထရမ့်၏ဖိအားတိုးလာမည်ကို စိုးရိမ်နေရဟုဆို



ဝါရှင်တန်၊ နိုင်ငံရေး

အမေရိကန်နိုင်ငံ၌ကျင်းပမည့် ကြားဖြတ် ရွေးကောက်ပွဲတွင် ရိပတ်ဘလစ်ကန်ပါတီ ရှုံးနိမ့်ပါက သမ္မတ ဒေါ်နယ်ထရမ့်သည် NATO အဖွဲ့အပေါ် ဝေဖန်မှုပိုမိုပြင်းထန်လာပြီး ဥရောပရှိ အမေရိကန်တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာကို ပြန်လည်ရုပ်သိမ်းနိုင်ကြောင်း ဥရောပနိုင်ငံများက စိုးရိမ်နေသည်။

NATO အဖွဲ့ဝင် နိုင်ငံများမှ သံတမန်ငါးဦးက ယခုရွေးကောက်ပွဲအပြီး အဆိုးရွားဆုံးအခြေအနေများအတွက် ပြင်ဆင်နေကြောင်းပြောသည်ဟု Politico သတင်းဌာနက ဖော်ပြထားသည်။

လွတ်တော်တွင် အတိုက်အခံဒီမိုကရက်တစ်ပါတီက အင်အားတိုးလာပါက ထရမ့်၏ ပြည်တွင်းမူဝါဒများကို ကန့်သတ်နိုင်သဖြင့် ထရမ့်က နိုင်ငံခြားရေးမူဝါဒဘက်သို့ ပိုမို အာရုံစိုက်လာနိုင်ကြောင်း သုံးသပ်ထားသည်။

ထိုသို့အာရုံစိုက်ရာတွင် အမေရိကန်က ဥရောပရှိ တပ်ဖွဲ့ဝင်အရေအတွက် ထပ်မံလျှော့ချခြင်း၊ NATO အဖွဲ့အတွက် ရန်ပုံငွေထောက်ပံ့မှုလျှော့ချခြင်းနှင့် ယူကရိန်း၏ လက်နက်ဝယ်ယူရေးအစီအစဉ်ကို ကန့်သတ်ခြင်းတို့ ပြုလုပ်လာနိုင်ကြောင်း သံတမန်များက စိုးရိမ်နေသည်။

ပင်တဂွန်စစ်ဌာနချုပ်က ဥရောပဒေသရှိအမေရိကန်တပ်ဖွဲ့ဝင်များ၏ ဖြန့်ကြက်ထားမှုကို ပြန်လည်သုံးသပ်နေပြီး အစီရင်ခံစာကို ဒီဇင်ဘာလတွင် ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

Ref: RT

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ် ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း အယ်လ်နီညို၏ သက်ရောက်မှုများကြောင့်-

- အပူဒဏ်လွန်ကဲခြင်း၊
- မိုးခေါင်ရေရှားခြင်း၊
- တောမီးလောင်ခြင်း၊
- ရေကြီးရေလျှံခြင်း နှင့်
- ဖျက်အားပြင်းမုန်တိုင်းဖြစ်ပေါ်ခြင်း စသည့်

ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့် အစွန်းရောက် မိုးလေဝသ အခြေအနေများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။ (အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်)

အပူဒဏ်လွန်ကဲခြင်း

အပူဒဏ်လွန်ကဲခြင်းကြောင့်-

- ရေဓာတ်ခန်းခြောက်ခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊
- သတိလစ်ခြင်း (Heat Stroke) တို့ဖြစ်ပွားနိုင်ပါသည်။





အပူဒဏ်မှကာကွယ်ရန် -

⇒ ရေများများသောက်ပါ။

⇒ နေလယ်နေခင်းအချိန်များ၌ အရိပ်ရ၍ အေးမြသော နေရာများတွင်နားနေပါ။

⇒ နေပူထဲသို့သွားလျှင် ထီး၊ ဦးထုပ်စသည့် အကာအကွယ်များ ယူဆောင်ပါ။



J

မိုးခေါင်ရေရှားခြင်း

မိုးခေါင်ရေရှားမှုကြောင့်-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ စသည့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများဖြစ်ခြင်း၊
- အစာအဆိပ်သင့်ခြင်း၊
- မျက်စိနှင့် အရေပြား/ ရောဂါများ ဖြစ်ခြင်း၊
- အာဟာရချို့တဲ့ခြင်းတို့ ဖြစ်နိုင်ပါသည်။



ကူးစက်ရောဂါများမှ ကာကွယ်ရန်-

⇒ အိမ်သာတက်ပြီးတိုင်း၊

⇒ အစားအစာ မပြင်ဆင်မီ၊

⇒ အစာ မစားမီနှင့် အစာ စားပြီးတိုင်း၊

⇒ အညစ်အကြေးများ ကိုင်တွယ်ပြီးချိန်တိုင်းတွင် ဆပ်ပြာနှင့်ရေကိုသုံး၍လက်ကိုစနစ်တကျ ဆေးကြောပါ။



၃

တောမီးလောင်ခြင်း

ပူပြင်းခြောက်သွေ့ခြင်းနှင့် တောမီးလောင်ခြင်းကြောင့်-

- ဖုန်မှုန့်များနှင့် မီးခိုးငွေ့များပြားလာ၍ ပန်းနာရင်ကျပ်ခြင်း၊ ဓာတ်မတည့်ခြင်းနှင့်
- အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းတို့ ဖြစ်နိုင်ပါသည်။



ဖုန်မှုန့်နှင့် မီးခိုးငွေ့များမှ ကာကွယ်ရန်-

⇒ နှာခေါင်းစည်း တပ်ဆင်ခြင်း၊

⇒ အိမ်တွင်းလေထုသန့်ရှင်းစေရန်ထိန်းသိမ်းခြင်း နှင့်

⇒ ရေများများသောက်ခြင်းဖြင့်

အသက်ရှူလမ်းကြောင်း ထိခိုက်မှုကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။



၄

ရေကြီးရေလျှံခြင်း

ရေကြီးရေလျှံမှုကြောင့် ကူးစက်တတ်သောရောဂါများ-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ
- အစာအဆိပ်သင့်ခြင်း၊ တိုက်ဖွိုက်ရောဂါ၊
- အသည်းရောင်အသားဝါရောဂါ အေနှင့်အီးရောဂါများ ၊
- လက်ပတိုစပိုင်ရိုးစစ် အသည်းရောင်အသားဝါရောဂါ စသည်တို့ ဖြစ်ပွားနိုင်ပါသည်။





ရေကြီးရေလျှံဖြစ်ချိန်နှင့် ရေရှားပါးချိန်တွင်-

⇒ သောက်သုံးရေကို ဆူပွက်သည်အထိ ကျိုချက်ပြီးမှ သောက်ပါ သို့မဟုတ် ကလိုရင်းဆေးခတ်ပါ သို့မဟုတ် ရေသန့်စင် ဆေးပြား အသုံးပြုပါ၊

⇒ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်ရေကိုစနစ်တကျ သိုလှောင်သိမ်းဆည်းထားပါ၊

⇒ အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ၊

⇒ အစားအစာများကို ပူပူနွေးနွေး စားသုံးပါ။

၅

ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ

သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ပိုမိုဖြစ်ပွားနိုင်ပါသည်။



⇒ ခြင်ပေါက်ပွားနိုင်သော ရေဝပ်နိုင်သည့်နေရာများကို ဖယ်ရှားပါ၊

⇒ ရေစည်၊ ရေအိုးများကို အဖုံးလုံအောင်ဖုံးထားပါ၊

⇒ ခြင်ကိုက်မခံရစေရန် ဆေးစိမ်ခြင်ထောင် သို့မဟုတ် ခြင်ထောင်ဖြင့် အိပ်ပါ။



၆



အမေရိကန်ထိပ်တန်းလက်ဝှေ့သမား မဲဝဲလ်သာက ဖျော်ဖြေပွဲယှဉ်ပြိုင်ရန် ဩစတြေးလျလက်ဝှေ့သမား မက်တီဖလွိုက်ထံ ကမ်းလှမ်း

ဝါရှင်တန် နိုဝင်ဘာ ၂

အမေရိကန်ထိပ်တန်းလက်ဝှေ့သမားတစ်ဦးဖြစ်သည့် မဲဝဲလ်သာက ဩစတြေးလျလက်ဝှေ့သမား မက်တီဖလွိုက်ထံ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဖျော်ဖြေပွဲယှဉ်ပြိုင်ရန် ကမ်းလှမ်းမှုလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

မဲဝဲလ်သာသည် မက်တီဖလွိုက်ထံ ပရော်ဖက်ရှင်နယ် အသိအမှတ်ပြုပွဲစဉ်မဟုတ်ဘဲ ဖျော်ဖြေပွဲအဖြစ် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဒီဇင်ဘာလ ၁၉ ရက်တွင် ယှဉ်ပြိုင်ရန် ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

မဲဝဲလ်သာသည် လက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးနောက် လာမည့် ၂၀၂၇ ခုနှစ်တွင် လက်ရှိ WBC ကမ္ဘာ့ဝယ်လ်တာဝိတ်တန်းချန်ပီယံအဖြစ် ရပ်တည်နေသည့် မက္ကဆီကိုလက်ဝှေ့သမား ရိုင်ယန်ဂါစီယာနှင့် ယှဉ်ပြိုင်ဖွယ်ရှိနေသည်။ အဆိုပါပွဲစဉ်အတွက် ပြင်ဆင်သည့်အနေဖြင့် ဂါစီယာနှင့်ပွဲစဉ်မတိုင်မီ မက်တီဖလွိုက်နှင့် ဖျော်ဖြေရေးပွဲစဉ်ယှဉ်ပြိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

မဲဝဲလ်သာက ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝတွင် ပွဲပေါင်း ၅၀ ယှဉ်ပြိုင်ခဲ့ရာ ပွဲစဉ်အားလုံး စံချိန်တင်အနိုင်ရရှိထားသူဖြစ်သည်။ အနိုင်ရရှိခဲ့သည့်ပွဲစဉ်များတွင်လည်း ၂၇ ပွဲကို အလဲထိုးဖြင့်အနိုင်ရရှိထားခြင်းဖြစ်သည်။ လက်ရှိတွင် WBC ကမ္ဘာ့ဝယ်လ်တာဝိတ်တန်းချန်ပီယံခါးပတ်အတွက် လက်ရှိချန်ပီယံ ရိုင်ယန်ဂါစီယာနှင့်ယှဉ်ပြိုင်လိုနေပြီး ရိုင်ယန်ဂါစီယာကလည်း မဲဝဲလ်သာ၏ ရှုံးပွဲမရှိစံချိန်ကို ရပ်တန့်လိုနေကြောင်း သိရသည်။

Ref;MMA Tales

ATP အဆင့်တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအကြိမ်ရေအများဆုံး ကစားသမားဖြစ်လာရန် အယ်ကာရက်ဇ် နီးစပ်လာ

မက်ဒရစ် နိုဝင်ဘာ ၂

စပိန်ထိပ်တန်း တင်းနစ်ကစားသမား အယ်ကာရက်ဇ်သည် ဗီယင်နာအိုးပင်းအမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ပြီးနောက် ATP အဆင့်တင်းနစ်ပြိုင်ပွဲများတွင် ချန်ပီယံဆု အကြိမ်ရေအများဆုံးကစားသမားဖြစ်လာရန် နီးစပ်လာကြောင်း သိရသည်။

အသက် ၂၃ နှစ်အရွယ် အယ်ကာရက်ဇ်သည် ဗီယင်နာအိုးပင်းအမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ပြီးနောက် ATP အဆင့်ပြိုင်ပွဲများတွင် ချန်ပီယံဆု ၁၁ ကြိမ်အထိ ရရှိသည့် အတွက် ချန်ပီယံဆုအကြိမ်ရေအများဆုံး တင်းနစ်ကစားသမားအဖြစ် ရပ်တည်နေသည့် ဆွစ်ဇာလန်တင်းနစ်ကစားသမား ဟောင်း ရော်ဂျာဖက်ဒရာ၏ ချန်ပီယံဆုအကြိမ်ရေကို လိုက်မီနိုင်ရန် နီးစပ်လာခြင်းဖြစ်သည်။

လက်ရှိတွင် ATP အဆင့်တင်းနစ်ပြိုင်ပွဲများ၌ ချန်ပီယံဆုအကြိမ်ရေအများဆုံး ကစားသမားအဖြစ် ရော်ဂျာဖက်ဒရာက ၁၆ ကြိမ်ဖြင့် ထိပ်ဆုံး၌ ရပ်တည်နေပြီး ၎င်း၏နောက်တွင် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်ချ်နှင့် စပိန်တင်းနစ်ကစားသမား ရာဖေးနာဒယ်တို့က ဒုတိယနေရာ၌ ရပ်တည်နေကာ အယ်ကာရက်ဇ်က ၁၁ ကြိမ်ဖြင့် တတိယနေရာ၌ ရပ်တည်နေခြင်းဖြစ်သည်။

လက်ရှိတွင် အယ်ကာရက်ဇ်အနေဖြင့် ရော်ဂျာဖက်ဒရာကိုလိုက်မီနိုင်ရန် ချန်ပီယံဆု ငါးကြိမ် လိုအပ်နေသေးသော်လည်း ၎င်းအနေဖြင့် နှစ်ပေါင်းအတန်ကြာ ဆက်လက်ကစားရမည်ဖြစ်သည့်အတွက် ATP အဆင့် တင်းနစ်ပြိုင်ပွဲများတွင် ချန်ပီယံဆုအကြိမ်ရေ အများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ရန်မျှော်လင့်ချက်ရှိနေပြီး ယခုနှစ်တွင် ATP အဆင့်တင်းနစ်ပြိုင်ပွဲများတွင် ချန်ပီယံဆု သုံးကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref;AGTP Tennis

ADT တစ်နှစ်တာအကောင်းဆုံးဂေါက်သီးရိုက်ကစားသမားဆုကို မလေးရှား ဂေါက်သီးရိုက်ကစားသမား ဗာရာဒန်ဆွတ်ခူး



ကွာလာလမ်ပူ နိုဝင်ဘာ ၂

Asian Development Tour(ADT)၏ တစ်နှစ်တာအကောင်းဆုံးဂေါက်သီးရိုက်ကစားသမားဆုကို မလေးရှားဂေါက်သီးရိုက်ကစားသမား ဗာရာဒန်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Asian Development Tour(ADT)က အကောင်းဆုံးဂေါက်သီးရိုက်ကစားသမားဆုအား တစ်နှစ်တာအတွင်း ကျင်းပသည့် ပြိုင်ပွဲများတွင်ရရှိသော ရမှတ်နှင့် ဆုကြေးငွေတို့ကို အခြေခံတွက်ချက်ခြင်းဖြစ်ပြီး အစောပိုင်းကတည်းက အဆင့်ရပ်တည်မှုတွင် ဗာရာဒန်က ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဗာရာဒန်သည် ယခုနှစ်ဂေါက်သီးရိုက်ရာသီတွင် Asian Development Tour (ADT) က ကျင်းပခဲ့သည့်ပြိုင်ပွဲများ၌ စုစုပေါင်း ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၆၄၈၃၃ ဒသမ ၈၉ ရရှိပြီး ဆုကြေးငွေရရှိမှုအများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ပြီးနောက် Asian Development Tour (ADT) ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မလေးရှားဂေါက်သီးရိုက်ကစားသမားများတွင် အဆိုပါဆုကို ဆွတ်ခူးနိုင်သည့်တတိယမြောက်ဂေါက်သီးရိုက်ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ၂၀၂၇ ခုနှစ်တွင် ကျင်းပမည့် 2027 ASIAN TOUR ဂေါက်သီးရိုက်ပြိုင်ပွဲကိုလည်း တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

Ref;Asian Tour

၂၀၁၂-၂၀၁၃ ဘောလုံးရာသီနောက်ပိုင်း လီဗာပူးအသင်းအိမ်ကွင်း၌ အာဆင်နယ်အသင်း နိုင်ပွဲပြန်လည်ရရှိ

လန်ဒန် နိုဝင်ဘာ ၂

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉) အဖြစ်ကစားသည့် လီဗာပူးအသင်းနှင့် အာဆင်နယ်အသင်းတို့ပွဲစဉ်၌ အာဆင်နယ်အသင်းက အဝေးကွင်းနိုင်ပွဲရယူနိုင်သည့်အတွက် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီနောက်ပိုင်း လီဗာပူးအသင်းအိမ်ကွင်း၌ နိုင်ပွဲပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

လီဗာပူးအသင်း အိမ်ကွင်းသို့ သွားရောက်ကစားရတိုင်း အာဆင်နယ်အသင်းအနေဖြင့် ရလဒ်ဆိုးရွားလေ့ရှိကာ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီ နောက်ပိုင်းတွင် လီဗာပူးအသင်းအိမ်ကွင်း၌ နိုင်ပွဲရယူနိုင်ခြင်းမရှိခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော် ကြာခဲ့ရာမှ ယခုဘောလုံးရာသီတွင် နိုင်ပွဲပြန်လည်ရယူနိုင်ခြင်းဖြစ်သည်။

၂၀၁၂-၂၀၁၃ ဘောလုံးရာသီက အာဆင်နယ်အသင်းသည် လီဗာပူးအသင်း အိမ်ကွင်း၌ ၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နောက်ပိုင်းပွဲစဉ်များတွင် ငါးပွဲသရေရလဒ်ထွက်ပေါ်ကာ ရှုစ်ပွဲအထိ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အလားတူ အာဆင်နယ်အသင်းသည် လီဗာပူးအသင်းကို အဝေးကွင်း၌ နိုင်ပွဲရယူနိုင်ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အဝေးကွင်းပွဲစဉ်များ၌ နိုင်ပွဲ ၃၀၀ ပြည့်မြောက်ခဲ့သည့်အတွက် မန်ယူအသင်းပြီးလျှင် ပရီးမီးယားလိဂ်အဝေးကွင်း နိုင်ပွဲ ၃၀၀ ပြည့်မြောက်သည့် ဒုတိယမြောက်အသင်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။

အာဆင်နယ် အသင်းသည် ၁၉၇၅-၁၉၇၆ ဘောလုံးရာသီနှင့် ၁၉၈၇-၁၉၈၈ ဘောလုံးရာသီတို့တွင် လီဗာပူးအသင်းနှင့်ကစားခဲ့သည့် အဝေးကွင်းပွဲစဉ်များတွင် ၁၃ ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သော်လည်း ၁၄ ပွဲမြောက်တွင် နိုင်ပွဲပြန်လည်ရရှိခဲ့သကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း ၁၄ ပွဲမြောက်တွင် ပြန်လည်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။



အာဆင်နယ်အသင်းသည် လီဗာပူးအသင်းကို အနိုင်ရရှိသည့်အတွက် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် ၂၄ မှတ်ဖြင့် မန်စီးတီးအသင်းကို သုံးမှတ်အကွာဖြင့် ကျော်ဖြတ်ပြီး အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

Ref;TNT Football

မန်ယူအသင်းတိုက်စစ်ကစားသမား ဆက်ကို ယခုနှစ်ကုန်အထိ အနားယူရန်ိုင်

မန်ချက်စတာ နိုဝင်ဘာ ၂

မန်ယူအသင်း တိုက်စစ်ကစားသမား ဆက်ကို၏ ခြေသလုံးဒဏ်ရာမှာ သက်သာခြင်းမရှိသည့်အတွက် ယခုနှစ်ကုန်အထိ အနားယူရန်ိုင်ပြီး ၂၀၂၇ ခုနှစ် ဇန်နဝါရီလမှသာ ပြန်လည်ကစားနိုင်မည်ဟု မန်ယူအသင်းက အတည်ပြုကြေညာခဲ့သည်။

အသက် ၂၃ နှစ်အရွယ် ဆက်ကိုသည် ပြီးခဲ့သည့် စက်တင်ဘာလ ၁၇ ရက်က ကစားသော မန်ယူအသင်းနှင့် ဘရိုက်တန်အသင်းတို့ပွဲစဉ်တွင် နောက်ဆုံးပါဝင်ကစားခဲ့ကာ အသင်းလေ့ကျင့်ရေးအစီအစဉ်တွင် ခြေသလုံးဒဏ်ရာရရှိပြီးနောက် အနားယူနေရသူဖြစ်သည်။

အစောပိုင်းက ဆက်ကိုအနေဖြင့် ဒီဇင်ဘာလတွင် ပြန်လည်ကစားနိုင်ဖွယ်ရှိသည်ဟု မန်ယူအသင်းက ခန့်မှန်းထားသော်လည်း ဒဏ်ရာသက်သာမှုမှာ တိုးတက်လာခြင်းမရှိဘဲ ဆိုးရွားနေသည့်အတွက် ဒီဇင်ဘာလကုန်ပိုင်းအထိ အနားယူရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

မန်ယူအသင်းတိုက်စစ်ပိုင်းအနေဖြင့် နောက်ပိုင်းပွဲစဉ်များတွင် ဂိုးရှရှိရန် ရုန်းကန်နေရသကဲ့သို့ အသင်းရလဒ်ပိုင်းအနေဖြင့်လည်း နောက်ဆုံးကစားခဲ့သည့် ရှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သည်အထိ ရုန်းကန်နေရသည့် အချိန်တွင် အသင်းတိုက်စစ်ပိုင်းမှ အဓိကကစားသမားတစ်ဦးဖြစ်သော ဆက်ကိုအား ကာလရှည်လက်လွတ်ရမည်ဖြစ်၍ မန်ယူအသင်းအတွက် ထိုးနှက်ချက်ဖြစ်လာနိုင်သည်။

ဆက်ကိုသည် ယခုဘောလုံးရာသီတွင် မန်ယူအသင်းအတွက် ပြိုင်ပွဲစုံ ငါးပွဲသာ ပါဝင်ကစားထားနိုင်ပြီး နှစ်ဂိုးသွင်းယူထားနိုင်ခဲ့ကြောင်း သိရသည်။

Ref;Fabrizio Romano



ဟော်မုရေလက်ကြားကို နှစ်ရက်အတွင်း ပြန်ဖွင့်နိုင်ဟု အီရန်ပြော

တီဟီရန်၊ နိုင်ငံရေး

အမေရိကန်နိုင်ငံအနေဖြင့် အီရန်၏တရားဝင်တောင်းဆိုချက်များကို လက်ခံဆောင်ရွက်ပါက ဟော်မုရေလက်ကြားကို နှစ်ရက်အတွင်း ပြန်ဖွင့်နိုင်မည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အက်စမေးဘာဂါအီက နိုဝင်ဘာလ ၂ ရက်တွင် ပြောသည်။

အီရန်နှင့် အမေရိကန်တို့ကြား ကြားဝင်စေ့စပ်သူများမှတစ်ဆင့် သွယ်ဝိုက်ဆွေးနွေးမှုများပြုလုပ်နိုင်ရန်အခြေခံအဖြစ် အီရန်က စက်တင်ဘာလတွင် အဆိုပြုခဲ့သည့် ခုနစ်ရက်စီမံချက်ကို ဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်း တီဟီရန်မြို့၌ ပြုလုပ်သည့် အပတ်စဉ်သတင်းစာရှင်းလင်းပွဲတွင် ၎င်းကပြောသည်။

အီရန်၏တောင်းဆိုချက်များကို ဖြည့်ဆည်းပေးပါက ဟော်မုရေလက်ကြားလုံခြုံရေးပြန်လည်ထူထောင်ရေးနှင့် ဆွေးနွေးပွဲများစတင်ရေးကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဘာဂါအီက ပြောသည်။ အမေရိကန်က အီရန်အပေါ် ချမှတ်ထားသည့် ရေတပ်ပိတ်ဆို့မှုကို ရပ်တန့်ပြီး အီရန်၏တောင်းဆိုချက်များကို ဖြည့်ဆည်းပေးခြင်းမရှိပါက သဘောတူညီချက်ရမည်မဟုတ်သကဲ့သို့ ဟော်မုရေလက်ကြားကိုလည်း ပြန်ဖွင့်လှစ်၍ လုံခြုံရေးအာမခံနိုင်မည်မဟုတ်ကြောင်း ၎င်းကသတိပေးထားသည်။

Ref: Xinhua

အမေရိကန်စစ်သည်များကို စည်းကမ်းတင်းကျပ်ရန် ဂျပန်တောင်းဆို



တိုကျို၊ ဆက်ဆံရေး

ဂျပန်နိုင်ငံ အိုကီနာဝါစီရင်စုတွင် အမေရိကန်မရိန်းတပ်သားတစ်ဦး ညမထွက်ရအမိန့် သတ်မှတ်ထားသည့်အချိန်အတွင်း အရက်မူးယစ်မောင်းနှင်မှုဖြင့် အဖမ်းခံရပြီးနောက် ဂျပန်အစိုးရက အမေရိကန်အနေဖြင့် စစ်သည်များ၏စည်းကမ်းထိန်းသိမ်းမှုကို ပိုမိုတင်းကျပ်ရန် တောင်းဆိုလိုက်သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး ရှင်ဂျီရိုကိုအိဇူမိက အောက်တိုဘာလ ၉ ရက်မှစတင်၍ အိုကီနာဝါရှိ အမေရိကန်စစ်ဘက်ဝန်ထမ်းများအပေါ် ညမထွက်ရအမိန့် ထုတ်ထားခြင်းဖြစ်သည်။ သို့သော် ယခုဖြစ်စဉ်ပေါ်ပေါက်လာခြင်းကို အမေရိကန်စစ်ဘက်အနေဖြင့်အလေးအနက်ထားရန် ဝန်ကြီးကတိုက်တွန်းကြောင်း Kyodo သတင်းဌာနက နိုဝင်ဘာလ ၂ ရက်တွင် ဖော်ပြသည်။

ထိုမရိန်းတပ်သားသည် အောက်တိုဘာလ ၃၁ ရက်တွင် အိုကီနာဝါမြို့အတွင်း ညသန်းခေါင်ယံကျော် အချိန်တွင် ကားမောင်းနှင်နေစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ၎င်း၏သွေးအတွင်း အရက်ပါဝင်မှုနှုန်းမှာ ဥပဒေသတ်မှတ်ချက်ထက် နှစ်ဆကျော်မြင့်မားနေသည်ကို လည်း တွေ့ရသည်။

အောက်တိုဘာလ ၄ ရက်တွင် နာဟာမြို့ရှိ ဟိုတယ်တစ်ခုဘေသခံအမျိုးသမီးတစ်ဦးကို မရိန်းတပ်ဖွဲ့ဝင်တစ်ဦးက လုယက်သတ်ဖြတ်မှု ကျူးလွန်ခဲ့ကြောင်းသိရသည်။

Ref: Xinhua

ဟော်မုရေလက်ကြားပိတ်ဆို့မှုကြောင့် ကမ္ဘာ့ရေနံအရန်ပမာဏာ စည်ပေါင်းတစ်ဘီလီယံ လျော့ကျ

အဘူဒါဘီ၊ ရေနံ

အီရန်နှင့်ဆက်စပ်သည့် စစ်ရေးပဋိပက္ခများနှင့် ဟော်မုရေလက်ကြားပိတ်ဆို့မှုကြောင့် သွားလာမှုရပ်တန့်လုနီးပါးဖြစ်သည့်အတွက် ကမ္ဘာတစ်ဝန်းရှိရေနံအရန်ပမာဏာမှာ ရေနံစည်ပေါင်း ၁ ဘီလီယံခန့် လျော့ကျသွားကြောင်း အဘူဒါဘီအမျိုးသားရေနံကုမ္ပဏီ (ADNOC) ၏ အမှုဆောင်အရာရှိချုပ် ဆူတန် အယ်ဂျာဘာက နိုဝင်ဘာလ ၂ ရက်တွင်ပြောသည်။



ဟော်မုရေလက်ကြားသည် ပါရှန်းပင်လယ်ကွေ့မှရေနံတင်ပို့ရာတွင် အရေးပါသည့် ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သည်။ ယင်းရေလမ်းကြောင်းမှတစ်ဆင့် ကမ္ဘာ့ရေနံကုန်သွယ်မှုအတွက် အရေးပါသော ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါရေလမ်းကြောင်း ပိတ်ဆို့မှုကြောင့် ရေနံထုတ်လုပ်သည့် နိုင်ငံများမှ ကမ္ဘာတစ်ဝန်းသို့ ရေနံတင်ပို့မှုနှုန်း ဖြိုနိုင်းရေးလုပ်ငန်းများ ထိခိုက်ခဲ့ရသည့်အတွက် ကမ္ဘာ့နိုင်ငံများက အရန်ရေနံများကိုထုတ်သုံးရခြင်းဖြစ်ကြောင်း အယ်ဂျာဘာကထောက်ပြထားသည်။

ယခုကဲ့သို့ အရန်ရေနံလက်ကျန်လျော့နည်းလာခြင်းသည် ကမ္ဘာ့စွမ်းအင်စျေးကွက်အတွက်စိုးရိမ်စရာဖြစ်လာနိုင်သည်။ အထူးသဖြင့် ရေနံတင်ပို့မှု အဟန့်အတားများ ဆက်လက်ဖြစ်ပေါ်နေပါက ရေနံရရှိနိုင်မှုနှင့် စျေးနှုန်းတည်ငြိမ်မှုတို့အပေါ် ဖိအားများ ပိုမိုသက်ရောက်လာနိုင်သည်။


ဟော်မုရေလက်ကြား၏အခြေအနေသည် အီရန်နှင့်ဆက်စပ်သည့် စစ်ရေးပဋိပက္ခများ၏ အကျိုးဆက်အဖြစ် ကမ္ဘာ့စွမ်းအင်ထောက်ပံ့ရေးကွင်းဆက်အပေါ် သက်ရောက်နေသည့် အရေးပါသော အချက်တစ်ခုဖြစ်လာကြောင်း လေ့လာသူများကပြောသည်။

Ref: Sputnik

ရုရှားဒရုန်းမောင်းနှင်သူများကို ပေါက်ကွဲစေနိုင်သည့်ဒရုန်းကြည့် ကိရိယာများဖြင့်တိုက်ခိုက်ရန် ယူကရိန်းကြံစည်ခဲ့ဟု ရုရှား FSB ပြော

မော်စကို၊ စစ်ရေး

ယူကရိန်းထောက်လှမ်းရေးအဖွဲ့များသည် ရုရှားတပ်မတော်မှ ဒရုန်းမောင်းနှင်သူများကို ပစ်မှတ်ထားတိုက်ခိုက်ရန် ပေါက်ကွဲစေနိုင်သည့် FPV ဒရုန်းကြည့်ကိရိယာများကို စစ်တပ်ထောက်ပံ့ရေးကွန်ရက်အတွင်း ထည့်သွင်းပေးပို့နိုင်စေရေးအတွက်ကြိုးပမ်းခဲ့ကြောင်း ရုရှားဖက်ဒရယ်လုံခြုံရေးဌာန (FSB) က နိုဝင်ဘာလ ၂ ရက်တွင် ပြောသည်။



ရုရှားစစ်သည် တစ်ဦးထံသို့ သံသယဖြစ်ဖွယ်ဒရုန်းကြည့်ကိရိယာများကိုလှူဒါန်းရန် ကမ်းလှမ်းလာပြီးနောက် ၎င်းကစစ်ဘက်တန်ပြန်ထောက်လှမ်းရေးထံ အကြောင်းကြားခဲ့ရာမှ အဆိုပါကြံစည်မှုကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်ဟု FSB ၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

စစ်ဆေးရေးအဖွဲ့က ဒရုန်းကြည့်ကိရိယာများအတွင်း ဖောက်ခွဲရေးပစ္စည်းများ ထည့်သွင်းထားကြောင်း အတည်ပြုပြီး ကွင်းဆက်များကိုလည်း စုံစမ်းဖော်ထုတ်လိုက်နိုင်ကြောင်း FSB က ဆိုသည်။

ဒရုန်းကြည့်ကိရိယာ၌ အသေးပေးပန်ကာတပ်ရမည့်နေရာတွင် ဖောက်ခွဲရေးပစ္စည်းများအစားထိုးထည့်သွင်းထားခြင်းဖြစ်သည်ဟုလည်း FSB က ပြောသည်။ ယင်းလုပ်ရပ်သည် ၂၀၂၄ ခုနှစ်အတွင်း လက်ဘန္ဓနိုင်ငံရှိ ဟစ်ဇဘိုလာအဖွဲ့ဝင်များအသုံးပြုနေသည့် ပေဂျာဆက် သွယ်ရေးကိရိယာများကို ပေါက်ကွဲစေခဲ့သည့်ဖြစ်ရပ်နှင့်ဆင်တူကြောင်း ရုရှားဘက်က နှိုင်းယှဉ်ဖော်ပြထားသည်။ ယခင်ကလည်း ဖောက်ခွဲရေးပစ္စည်းထည့်ထားသည့် အပူပေးဖိနပ်အတွင်းခံ ၅၀၀ ကျော်ကြားဖြတ်သိမ်းဆည်းနိုင်ခဲ့ကြောင်းသိရသည်။

Ref: RT

အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုကို နျူကလီးယားစစ်ပွဲအတွက် ကြိုတင်လေ့ကျင့်မှုဟု မြောက်ကိုရီးယားဝေဖန်

ပြိုယမ်း၊ နိုင်ငံရေး

အမေရိကန်နှင့် တောင်ကိုရီးယားတို့ ပူးတွဲပြုလုပ်ခဲ့သည့် Iron Mace ကွပ်ကဲမှုဌာနချုပ်ဆိုင်ရာ စစ်ရေးလေ့ကျင့်မှုသည် သမားရိုးကျစစ်အင်အားနှင့် နျူကလီးယားတပ်ဖွဲ့များ ပေါင်းစပ်အသုံးပြုရေးကို အဓိကထားပြီး မြောက်ကိုရီးယားအပေါ် နျူကလီးယားလက်နက် အသုံးပြုမည့် စစ်ပွဲအတွက်ကြိုတင်လေ့ကျင့်မှုဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရက ဝေဖန်လိုက်သည်။

Iron Mace စစ်ရေးလေ့ကျင့်မှုသည် ရန်လိုသည့်အမည်နာမဖြင့် ပြုလုပ်ထားသည့် အလွန်အန္တရာယ်ကြီးမားသော နျူကလီးယားစစ်ပွဲကြိုတင်လေ့ကျင့်မှုတစ်ခုဖြစ်ပြီး မြောက်ကိုရီးယားကို နျူကလီးယားလက်နက်ဖြင့် တိုက်ခိုက်ရန်ရည်ရွယ်ထားခြင်းဖြစ်ကြောင်းအလုပ်သမားပါတီဗဟိုကော်မတီဒုတိယဌာနမှူးကပြောသည်ဟု KCNA သတင်းဌာနက နိုဝင်ဘာလ ၂ ရက်တွင်ဖော်ပြထားသည်။



ထို့ပြင် အမေရိကန်သည် နျူကလီးယားလက်နက်ကိုအသုံးပြု၍ မြောက်ကိုရီးယားကို ဖိနှိပ်ချုပ်ကိုင်ရန် ဆန္ဒရှိနေကြောင်း စစ်ရေးလေ့ကျင့်မှုက ဖော်ပြပြီး ခြိမ်းခြောက်မှုများမှာလည်း နေ့စဉ်ပိုမိုပြင်းထန်လာကြောင်း ၎င်းကပြောသည်။

Ref: Sputnik

NOE NOE PA PA COMPANY LIMITED
မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ အရ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းကြောင်းကြေညာခြင်း

၁။ "NOE NOE PA PA COMPANY LIMITED" အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၂၈-၉-၂၀၂၆)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်ခဲ့သော အစုရှယ်ယာရှင်များ၏အထူးအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုအစည်းအဝေးမှပင် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ[B.Com(AA), C.P.A (210)]လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(Liquidator)အဖြစ်ခန့်အပ်ရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံသို့ပေးရန်နှင့်ရရန်ရှိသည်များကို ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁)လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးဇင်ဝေ[C.P.A(210)]ထံသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဦးဇင်ဝေ	DAW HSU YATI HTET HAN
B.Com(AA), C.P.A(210)	Managing Director
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ	NOE NOE PA PA COMPANY LIMITED

MIZHE MJ COMPANY LIMITED
မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ အရ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း ကြေညာခြင်း

၁။ "MIZHE MJ COMPANY LIMITED" အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၂၉-၁၀-၂၀၂၆)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်ခဲ့သော အစုရှယ်ယာရှင်များ၏အထူးအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုအစည်းအဝေးမှပင် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ[B.Com(AA), C.P.A (210)]လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(Liquidator)အဖြစ်ခန့်အပ်ရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံသို့ပေးရန်နှင့် ရရန်ရှိသည်များကို ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁)လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးဇင်ဝေ[C.P.A(210)]ထံသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဦးဇင်ဝေ	U MYINT TUN
B.Com(AA), C.P.A(210)	Managing Director
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ	MIZHE MJ COMPANY LIMITED

CHINESE PANDA LIMITED
မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ အရ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းကြောင်းကြေညာခြင်း

၁။ "CHINESE PANDA LIMITED"အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၂၇-၁၀-၂၀၂၆)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်ခဲ့သော အစုရှယ်ယာရှင်များ၏အထူးအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုအစည်းအဝေးမှပင် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ[B.Com(AA), C.P.A (210)] လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(Liquidator)အဖြစ်ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံသို့ပေးရန်နှင့် ရရန်ရှိသည်များကို ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁)လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးဇင်ဝေ [C.P.A(210)]ထံသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဦးဇင်ဝေ	AMY KYAW
B.Com(AA), C.P.A(210)	Managing Director
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ	CHINESE PANDA LIMITED

THE BEST KINGDOM MYANMAR COMPANY LIMITED
မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ၁၄၇ (က)(၂)နှင့် ဥပဒေ ၁၅၂(က)အရ အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ(၂)ရက် ကုမ္ပဏီရုံးခန်းတွင်ကျင်းပပြုလုပ်သော ကုမ္ပဏီ၏သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးတွင် THE BEST KINGDOM MYANMAR COMPANY LIMITED အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၎င်းအစည်းအဝေးတွင် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ဌေးဌေးမာ (B.Com, CPA)(မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်းဝင်အမှတ်-00178) (လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်အမှတ်-103820)အား ခန့်အပ်ထားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့်ရရန်ရှိသည်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဒေါ်ဌေးဌေးမာထံသို့ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ(၁၇)ရက်နောက်ဆုံးထား၍ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U Myo Htet Win	Daw Htay Htay Mar
Director	Insolvency Practitioner
THE BEST KINGDOM MYANMAR COMPANY LIMITED	(B.Com, CPA)
	25-B, 5th Floor, Zalun Street, Sanchaung Township, Yangon.

မတည်ရင်းနှီးငွေလျော့ချကြောင်းအသိပေးကြေညာခြင်း

ကျွန်တော်များ TASTECH MYANMAR COMPANY LIMITED မှ အစုရှယ်ယာအဖွဲ့ဝင်များဖြစ်သော MR.MASANOBU MIYAMOTO (REPRESENTED BY TASTECH RENTA-LEASE CO.,LTD) နှင့် MR. YAMATO MIYAMOTO တို့သည် ကုမ္ပဏီ၏မတည်ရင်းနှီးငွေလျော့ချရန်အတွက် သက်ဆိုင်ရာရှယ်ယာရှင်ဘုတ်အဖွဲ့ဝင်များနှင့်အတူ အထူးအစည်းအဝေးတစ်ရပ်ပြုလုပ်ရန် ဆွေးနွေးဖိတ်ကြားမည်ကို အများသိစေရန်ကြော်ငြာအပ်ပါသည်။

BOARD OF SHAREHOLDERS

TASTECH MYANMAR COMPANY LIMITED

"HELLO WORLD INTERNATIONAL COMPANY LIMITED"
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၂၁၁(က)အရ ဖျက်သိမ်းခဲ့ "HELLO WORLD INTERNATIONAL COMPANY LIMITED"၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်
ကျင်းပမည့်အချိန် - နံနက်(၁၀)နာရီ
ကျင်းပမည့်နေရာ - အမှတ်-(ပ-၁၀၅၅)ပွဲရုံတန်း၊ သပြေကုန်းစွေး၊ ဇမ္ဗူသီဝိုင်မြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ။

ဦးရွှင်ငြိမ်း(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)
Insolvency Practitioner No.103594
အမှတ်(၅၀)၊ ၅၆လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊

ပျောက်ဆုံးကြောင်း

မသင်းသင်းမော်(ဘ)ဦးဖိုးရောက် ၈/မလန(နိုင်)၁၀၄၀၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 357251)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၇၅၈၄၇၈

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့နယ်၊ Better Change ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 မှ မောင်စိုင်းလုံပွဲနိုး၏ဖခင်ဖြစ်သူ ဦးကျိုင်းအွန်ခရတ်နှင့် ဦးနန်အွန်ခက်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျိုင်းအွန်ခရတ်(ခ)ဦးနန်အွန်ခက်

အမည်ပြောင်း

ကျိုင်းတုံမြို့နယ်၊ ဂေါ်ခိုန့်ကျေးရွာနေ အဘဦးထွန်းလင်းနိုင် ၁၃/ကတန(နိုင်)၁၇၀၈၂၉ ၏သား မောင်ရဲရင့်ထွန်းအား မောင်ရဲဝင့်ဝေယံဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ရဲဝင့်ဝေယံ

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ UZAL ကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းဝင်အမှတ်(၁၉၉၀)Grade-7 သင်ဆဲမှ မိုင်ယွန်းမိမိကို၏ဖခင် ဦးသိန်းသန်းထွန်း၏အမည်မှန်မှာ ဆလိုင်းသိန်းသန်းထွန်း ၈/တတကန(နိုင်)၁၀၂၀၇၃ ဖြစ်ပါကြောင်း။

ဆလိုင်းသိန်းသန်းထွန်း

ပျောက်ဆုံးကြောင်း

အောင်မိုးဇော်(ဘ)ဦးချစ်စိန် ၁၂/သကတ(နိုင်)၁၁၀၂၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(419806)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂၅

ပျောက်ဆုံးကြောင်း

သူဇာမြင့်(ဘ)ဦးချစ်တင် ၉/ပဘန(နိုင်)၁၉၉၄၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၀၆၀၀၅၉

ပျောက်ဆုံးကြောင်း

နေရဲကျော်(ဘ)ဦးဖြူဝင်း ၇/မညန(နိုင်)၁၁၇၁၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 827002)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂၅

ပျောက်ဆုံးကြောင်း

ဥာဏ်ရဲထက်(ဘ)ဦးနေမျိုးဦး ၇/အတန(နိုင်)၁၉၃၄၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

စောသောမက်အယ်လ်ဒီစင်(ဘ)ဦးစောကွာလာထူး ၁၂/မဘန(နိုင်)၁၈၅၈၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 743289)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၈၄၁၂၉၃၀

ပျောက်ဆုံးကြောင်း

စိုင်းကိုကို(ဘ)ဦးဇော်နိုင် ၇/ဒဥန(နိုင်)၂၂၂၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၀၉၈၂၀၈၉

ပျောက်ဆုံးကြောင်း

နှင်းစန္ဒာခိုင်(ဘ)ဦးမောင်တင် ၉/သစန(နိုင်)၂၀၉၆၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၅၀၀၃၄၂၁

ပျောက်ဆုံးကြောင်း

မေသီရိကျော် (ဘ)ဦးအောင်မျိုးမင်း ၁၂/အစန(နိုင်)၂၃၄၇၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၄၆၇၆၂

ပျောက်ဆုံးကြောင်း

ကျော်ကျော်စိုး(ဘ)ဦးသန်းအောင် ၁၀/မဒန(နိုင်)၂၃၃၆၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၉၇၂၂၀၄၈

ပျောက်ဆုံးကြောင်း

ကိုဝါလှိုင်း(ဘ)ဦးခင်မောင်ထင်း ၇/ကကန(နိုင်)၀၅၇၃၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 743289)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၄၁၂၉၃၀

ပျောက်ဆုံးကြောင်း

ကောင်းထက်စံ(ဘ)ဦးအေးလွင် ၁၂/အစန(နိုင်)၂၇၇၄၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၇၈၈၃၉၄၇

ပျောက်ဆုံးကြောင်း

အာကာထွေး(ဘ)ဦးစိုးမြင့် ၁၂/မဂတ(နိုင်)၁၀၄၈၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၄၁၇၂၂

ပျောက်ဆုံးကြောင်း

သော်သော်အောင်(ဘ)ဦးအုန်းဆွေ ၇/လပတ(နိုင်)၁၇၀၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 726658)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၄၃၅၅၄၉

ပျောက်ဆုံးကြောင်း

ပန်းအိဖြူ(ဘ)ဦးညွှန့်ဝင်း ၁၄/ကလန(နိုင်)၂၁၈၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 758990)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂၅

ပျောက်ဆုံးကြောင်း

ကေခိုင်ဦး(ဘ)ဦးမြင့်စိုး ၈/နမန(နိုင်)၀၀၀၀၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 330564)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၈၉၅၂၂၂၀

ပျောက်ဆုံးကြောင်း

အောင်သူရ(ဘ)ဦးရဲမြင့် ၈/နမန(နိုင်)၁၂၂၈၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၂၈၂၈၉၀

ပျောက်ဆုံးကြောင်း

စောသန်းနိုင်ဦး(ဘ)ဦးအောင်ဝင်းစိုး ၃/ဘအန(နိုင်)၃၅၄၈၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 035851)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

ကျောက်တံခါးမြို့နယ်၊ ဆင်ဇလုပ်ကျေးရွာအုပ်စုနေ မခိုင်မာဌေး(ဘ)ဦးသိန်းဌေး ၇/ကတခ(နိုင်)၁၅၆၈၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 111833)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၈၈၆၂၀၉၁

ပျောက်ဆုံးကြောင်း

သာယာဝတီမြို့နယ်၊ ငဖြူကလေးအုပ်စု၊ ဘူတာစုနေ ဝင်းခိုင်မျိုး(ဘ)ဦးညွှန့်ကြည် ၇/သဝတ(နိုင်)၁၂၅၂၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 434095)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂၅

ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ မြို့ပတ်၊ အမှတ်(၂)နေ ကောင်းကိုကို(ဘ)ဦးစံသိန်း ၃/မဝတ(နိုင်)၀၉၇၆၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 070369)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၆၀၃၉၈၄၉

ပျောက်ဆုံးကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၉)ရပ်ကွက်၊ ကနောင်(၅)လမ်း၊ တိုက်(၂၆)၊ အခန်း(၀၀၁)နေ စုနန္ဒာ(ဘ)ဦးအောင်မြင့်သိန်း ၁၂/တမန(နိုင်)၀၉၇၇၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၄၇၀၈၃၁

ပျောက်ဆုံးကြောင်း

နတ်တလင်းမြို့နယ်၊ ညောင်ကုန်းလေးကျေးရွာ၊ မင်းကျောင်းကျောင်းတိုက်နေ ဦးခေမာသီရိ(ဘ)ဦးညီဆိတ် ၁၁/တကန(သ)၀၀၀၀၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၀၀၀၈၉၂၈

ပျောက်ဆုံးကြောင်း

ကန့်ဘလူမြို့၊ ထန်းကုန်းရွာနေ မရတနာမျိုး(ဘ)ဦးထွန်းမင်း ၅/ကဘလ(နိုင်)၁၈၀၄၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 458413)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂၅

ပျောက်ဆုံးကြောင်း

ဘားအံမြို့နယ်၊ နတ်ကျွန်းရွာနေ နန်းဇင်မာဦး(ဘ)ဦးတောင်ကျော် ၃/ဘအန(နိုင်)၃၉၃၃၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 907661)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂၅

ပျောက်ဆုံးကြောင်း

ဟန်ထူးဇင်(ဘ)ဦးသော်ဇင် ၁/ဗမန(နိုင်)၁၁၁၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၁၈၁၀၅၄၇

ပျောက်ဆုံးကြောင်း

ခင်မျိုးထိုက်(ဘ)ဦးကျော်မြင့် ၉/မကန(နိုင်)၁၉၆၇၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 295102)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ဖြူနွယ်ဦး(ဘ)ဦးအောင်ထွန်း ၉/ညဥ္စန(နိုင်)၂၄၈၁၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇




ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉ ၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
ISO 9001:2008 Cert. No.653099


မန္တလေးသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ခမီ - တောင်ငူ - ဆွာ - ဇရီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
➢ ပါရမီ(YBS)
09-459448201
➢ ဇွဲမနိုးသူ
09-254781060
➢ မန္တလေးထားခြေနှိုက်
09-426500153
➢ တော်ဝင်
09-423333250
➢ ပါရမီတက္ကစီ
01-3643641
➢ ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ ဈေးနှုန်းပြည့်ဝသော ခရီးသွားဝန်ဆောင်မှု
မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


SIN MINN
အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
ISO 9001
BUREAU VERITAS
Certification
Excluding design
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးရှေ့မှောက်၌ ကတိသစ္စာမပြုရသေးသည့် တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ▲



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကျင်းပစဉ်။



Teqball World Series Ayutthaya 2026 ပြိုင်ပွဲတွင် မြန်မာအသင်းတတိယဆုရရှိ

နေပြည်တော် နိုဝင်ဘာ ၂

၂၀၂၆ ခုနှစ်အောက်တိုဘာလ ၃၀ ရက်မှ နိုဝင်ဘာလ ၁ ရက်အထိ ထိုင်းနိုင်ငံ အယုဒ္ဓယမြို့၌ကျင်းပခဲ့သည့် ကမ္ဘာ့အဆင့် Teqball ပြိုင်ပွဲ Teqball World Series 2026 ၏ Women's Doubles ပြိုင်ပွဲတွင် မြန်မာအသင်းမှ မြန်မာ့လက်ရွေးစင်အားကစားသမားများဖြစ်သည့် ဆုမွန်အောင်နှင့် နိုင်နိုင်ဝင်းတို့အတွဲသည် ကမ္ဘာ့ထိပ်တန်းအင်အားကြီးနိုင်ငံများမှ Teqball အားကစားသမားများကို မလျှော့သော ဖွဲ့၊ လုံလုမျှားဖြင့် အားသွန်ခွန်စိုက်ကြိုးစားယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံအတွက် တတိယဆုကိုဆွတ်ခူးရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး Teqball အားကစားသမားများဖြစ်သည့် ဆုမွန်အောင်နှင့် နိုင်နိုင်ဝင်းတို့အတွဲသည် အုပ်စုပွဲစဉ်များတွင် ပြင်သစ်အသင်း၊ လက်ဘနွန်အသင်းနှင့် အိန္ဒိယအသင်းတို့မှ

စာမျက်နှာ ၂၀ ကော်လံ ၁ ■

ဟော်မုရေလက်ကြား ပိတ်ဆို့မှုကြောင့် ကမ္ဘာ့ရေနံအရန်ပမာဏ စည်ပေါင်း တစ်ဘီလီယံ လျော့ကျ

စာ -၂၉ သို့

အငြိမ်းစားယူခြင်းကြောင့် သက်ကြီးရွယ်အိုများ အထီးကျန်မှု ပိုမိုမြင့်တက်လာခြင်းမရှိ

စာ -၂၆ သို့

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲဆက်လက်ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂

ဘိလိယက်နှင့်စနူကာအားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနမှ ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

စာမျက်နှာ ၂၀ ကော်လံ ၃ ➢

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂

အလေးမအားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်အလေးမအားကစားသမားများပေါ်ထွက်လာစေရန်ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနကကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ်

စာမျက်နှာ ၂၀ ကော်လံ ၁ ▼



M League 2026 U - 20 လူငယ်လိဂ်ပြိုင်ပွဲတွင် ဒဂုံစတား ယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့နိုင်ပွဲရရှိ

ရန်ကုန် နိုဝင်ဘာ ၂

M League 2026 U-20 လူငယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၂) ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင်ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့်

စာမျက်နှာ ၂၀ ကော်လံ ၃ ➪



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လှည့်ကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာ -၁၈ သို့